

www.burmeseclassic.com
စိုးမိုး စာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြပုလဲသွယ်
မိုင်းဆိုင်ပါရမီ
L လင်း
www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | | ၅၀၈၁၂၄၀၇၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | | ၅၀၁၀၇၇၈၀၉ |
| အဖုံးဒီဇိုင်း | - | L လင်း |
| [illegible] | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| [illegible] | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

ပိုင်ဆိုင်ပါရစေ / မြပုလဲသွယ် ။ - ရန်ကုန်

စိုးမိုးစာပေ ၂၀၀၉

[illegible] - ၈၁ ၊ ၁၂ × ၁၈ စင်တီ။

(၁) ပိုင်ဆိုင်ပါရစေ


## အခန်း (၁)

"ဗုဒ္ဓေါရေ"

ပန်းသခင်တစ်ယောက် ရထားပေါ်ရောက်သည်ဆိုရင်ပဲ သူမထိုင်ရမည့် ထိုင်ခုံ၏ဘေးတွင် သူမအရင်ကြိုထိုင်နေသည့် လူကို ကြည့်ပြီး မျက်ဝန်းလေးများ ပြူးကျယ်ဝိုင်းစက်လျက် လူက လှမ်းလက်စခြေလှမ်းများပင် တုံ့ဆိုင်းသွားရသည်။

အံ့ဩမှင်သက်နေရသော ပန်းသခင်တစ်ယောက် မျက်ဝန်းမှ မလွှဲရသေးခင် တည်ကြည်စူးရှကာ ရွှန်းစိုနက်မှောင်သည့် မျက်ဝန်းအစုံက ပန်းသခင်ထံသို့ ခပ်စိုက်စိုက်ရောက်ရှိလာသည်။

ရုတ်တရက်တော့ ပန်းသခင်သည် ထိုမျက်ဝန်းအစုံကို မရှောင်လွှဲမိပါ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပန်းသခင်သည် ရှုရှုနက်မှောင် စိုရွှဲလက်သည့် မျက်ဝန်း အစုံကို ရှောင်လွှဲ၍ နေနေသလောက် သူမနှင့် ဆန့်ကျင်ဘက်အကြည့် များကို ရှောင်လွှဲသွားရသူက မိုးထက်ဖြစ်ပါသည်။

ပန်းသခင်မှာ အံ့ဩမှုများဖြင့် ခြေလှမ်းများ မရွေ့ရှိနေဆဲ

''အစ်မ လမ်းနည်းနည်းလောက် ဖယ်ပေးပါနော်''

ခရီးဆောင်အိတ်များနှင့် နောက်မှနေ လမ်းတောင်းနေသည့် ချာတိတ်လေးကို ပန်းသခင် တစ်ချက်ကြည့်ပြီးနောက် လမ်းဖယ် ပေးလိုက်သည်။

တစ်ဆက်တည်း ပန်းသခင်သည် တွဲဆိုင်းသွားသည့် ခြေလှမ်းများအတွက် သူမကိုယ်သူမလည်း အပြစ်တင်နေမိရသည်။

ကြည့်စမ်း...

သူမသည် ဒီယောက်ျားတစ်ယောက်ကို မြင်လိုက်တာနှင့် ဘာကြောင့်များ ဒီလောက်တောင် ဟန်မဆောင်နိုင်အောင် ဖြစ်သွား ရတာပါလိမ့်။

တွဲဆိုင်းတွေဝေသွားသည့် သူမအဖြစ်ကို သူမ ပန်းသခင် သည် အားမလိုအားမရဖြစ်ရင်းက သူမထိုင်ရမည့်ထိုင်ခုံနေရာတွင်





ပါလာသည့် ပစ္စည်းများကို နေသားတကျထားလျက် ဝင်ထိုင်လိုက် သည်။

သူမထိုင်ပြီး မကြာခင်မှာပင် ရန်ကုန်-မန္တလေးသွား ရထားကြီးသည်လည်း ဘူတာမှ စတင်ထွက်ခွာလာခဲ့ပြီဖြစ်သည်။

ပန်းသခင်သည် သူမထိုင်ခုံဘေးတွင် ထိုင်နေသည့်လူနှင့် ဘတ်နိုင်သမျှ ခေါဝေါနေချင်သူမို့ သူမကိုယ်လေးကို ထိုသူနှင့်ဝေး နေရာတစ်အက်ကို ဘတ်နိုင်သမျှ ကျုံးကပ်ရွေ့ကာ ထိုင်နေလိုက်သည်။

ရထားကြီးသည် ရန်ကုန်ဘူတာမှ စတင်ထွက်ပြီး မကြာခင် မှာပင် အရှိန်နှုန်းမှန်မှန်ဖြင့် ပြေးလာရပြီဖြစ်သည်။

တံခါးဘေးမှတစ်ဆင့် တိုးဝှေ့ဝင်ရောက်လာသော လေ၏ အရှိန်ကြောင့် ရှည်လျားနက်မှောင်သော ပန်းသခင်၏ ဆံနွယ်ရှည် ညိုမျော့မျော့လေးများက လေမှာ တလွင့်လွင့်ပျံဝဲနေရသည်။

ရထားပေါ်တွင်ပါလာသည့် ခရီးသည်အားလုံး ကိုယ့်အဖွဲ့ နှင့်ကိုယ် ကိုယ့်အဖော်နှင့်ကိုယ် စကားများပြောဆိုလျက် ရှိနေရ သည်မှာ ရထားခုတ်မောင်းသံ လေတိုးသံ ရထားအတွင်း စကား ပြောသံများနှင့် ရှိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် တစ်ယောက်နှင့်တစ်ယောက် စကားမဆိုဘဲ အတွေးများနှင့် တိတ်ဆိတ်ငြိမ်သက်နေရသူနှစ်ဦးမှာ ပန်းသခင်နှင့် မိုးထက်သာ ဖြစ်လေသည်။

ပန်းသခင်နှင့်မိုးထက်တို့ နှစ်ဦးမှာ ခရီးတစ်ခုကို ထိုင်ခုံချင်း ဘေးယှဉ်ကာ တူတွဲထိုင်နေပေမယ့် သူတို့နှစ်ဦးကတော့ တစ်ယောက်နှင့်တစ်ယောက် မတွေ့မမြင်မသိသူများလို ရှိနေသည်။

အရှိန်နှင့်တိုက်ခတ်လာသည့် လေကြောင့် အနှောင်မဲ့စွာ ထားသော ပန်းသခင်၏ ရှည်လျားနက်မှောင်သည့် ဆံနွယ်ညိုပျော့ပျော့များက လေနှင့်အတူ လွင့်ပါလျက် ဘေးတွင်ထိုင်နေသည့် မိုးထက်ကို သွားရောက်ကျီစယ်နေလေသည်။

ပန်းသခင်မှာ မိုးထက်ထံမှ သူမအား ဘယ်လိုတုံ့ပြန်မည်လဲဆိုတာ စောင့်ကြည့်နေပေမယ့် မိုးထက်ကတော့ဖြင့် မည်သို့မှ တုံ့ပြန်မလာပါ။

သူ့ပုံစံက သူမကို သူ့အနားတွင် ရှိသည်လို့မှ ထင်မှတ်ပုံမရ။ သူမအား ဥပေက္ခာပြု လျစ်လျူရှုထားပုံရသည်။

ဒါကိုပင် ပန်းသခင်မှာလည်း နှုတ်ခမ်းမှုံးမှုံးလေး



တင်းတင်းစေ့လျက်က စိတ်မှာ မခံချင်ဖြစ်နေရသည်။

ခံပြင်းစိတ်ကြောင့်လည်း ပန်းသခင်သည် မိုးထက်ထံ လွင့်မျောနေသည့် သူမ၏ ဆံနွယ်ရှည်ကြီးများကို လက်လေးနှင့် အသာအယာ သိမ်းယူလိုက်ရင်းက သူ့အား ကျောခိုင်းပစ်လိုက်သည်။

ပန်းသခင် ကျောခိုင်းသလို မိုးထက်ကလည်း သူမကို ကျောခိုင်းထားလေသည်။

ထို့ကြောင့် နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ခံစားချက်တွေ ဘယ်လိုရှိသည်ကိုဖြင့် အကဲခတ်ခွင့်မရပါပေ။

အရှိန်နှုန်းမှန်မှန်ဖြင့် ခုတ်မောင်းနေသော ပန်းသခင်တို့ စီးနင်းလိုက်ပါလာသည့် ရထားကြီးသည် ဘူတာစဉ်များကို ကစ်ခုပြီးတစ်ခု ဖြတ်ကျော်လာပြီဖြစ်သည်။

ရထားအရှိန်နှုန်း မှန်လာသည်နှင့်အမျှ ရထားပေါ်ရှိ ခရီးသည်များကလည်း တဖြည်းဖြည်း ငြိမ်သက်စပြုလာရပြီဖြစ်သည်။

ခရီးသည်အချို့မှလွဲ၍ ကျန်ခရီးသည်များသည် အရှိန်နှုန်းမှန်မှန်ဖြင့် ခုတ်မောင်းနေသည့် ရထားကြီးပေါ်တွင် အိပ်ငိုက်စပြုနေ

www.burmeseclassic.com



ရပြီဖြစ်သည်။

ပန်းသခင်သည်လည်း သူမကိုယ်လေးကို ရထားပြတင်းတံခါးမှာ ကျောကပ်ထားရာမှ သူမကိုယ်လေးကို ရထားထိုင်ခုံနောက်ဆီသို့ မှီလိုက်ရင်း မျက်နှက်ဝန်းအစုံလှလှလေးကို မှိတ်ကာ လူက သက်သောင့်သက်သာဟန် ထိုင်လိုက်၏။

ဒါကယ်တော့ ပန်းသခင်သည် သူမမျက်ဝန်းများကို မမှိတ်ချင်ပါ။

ရထားခရီးစဉ်တစ်လျှောက် မြင်ရခဲ့သည့် သဘာဝရှုခင်းအလှများကို ပန်းသခင် စိတ်ပါးကြည့်ချင်ပါသည်။

ကြည့်ချင်ပေမယ့် သူမမျက်ဝန်းကိုတော့ သူမဘေးတွင်ရှိနေသည့် မိုးထက်ဆိုသည့် ဒီယောကျ်ား မမြင်မတွေ့စေချင်သည့်ရှိ မျက်ဝန်းများကို မှိတ်ထားလိုက်ခြင်းဖြစ်သည်။

''အမေ့''

နောက်သို့ ကိုယ်ကို ခပ်လျှောလျှောမှီကာ မျက်ဝန်းလေးအစုံကိုမှိတ်လျက် ထိုင်နေသော ပန်းသခင်မှာ ရုတ်တရက် အရှိန်နှင့် ခုန်လိုက်သည့် ရထားကြောင့် နောက်သို့ ခပ်လျှောလျှောထိုင်





နေသော သူမကိုယ်လေးမှာ ဟန်ချက်ပျက်ကာ သူမကိုယ်လေးက သူမဘေးတွင်ထိုင်နေသည့် မိုးထက်၏ ပခုံးစွန်းကို တွန်းတိုက်သလို ဖြစ်သွားရသည်။

ထိုအခါ မိုးထက်ထံမှ တည်ကြည်စူးရှတဲ့ အကြည့်စူးစူးတစ်ချက်က ပန်းသခင်ထံသို့ အေးခဲစွာ ရောက်ရှိလာရသည်။

''ဆောရီးပဲ''

မိုးထက်မှာ ပန်းသခင်၏ တောင်းပန်စကားကို ရှုမစိုက်သလို အလေးမထားသလို မျက်နှာမှုတည်တည်ကြီး ကြည့်လာရင်းက

''ကိစ္စတစ်ခုကို အလွှယ်တကူ တောင်းပန်တာမျိုး ကျုပ်ကြိုက်ဘူး''

ပွန်း...ကြည့်စမ်း။

သည်လူ ကြီးကျယ်လိုက်တာ။

သူကိုယ်သူ ဘာများထင်နေသည်မသိပါ။

သူမ တောင်းပန်သည်ကိုပင် သူကိုယ်သူ ပါတ်ကြီးပေါ်ဒြားနှင့်လူကို သူတပည့်လက်အောက်ငယ်သား တစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပုံကတော့ဖြင့် ပန်းသခင်အဖို့ မခံချင်စရာပင်။

ပန်းသခင်မှာ မိုးထက်စကားကြောင့် လူက မခံချင်ဖြစ်သွားရသည်က အမှန်ဖြစ်သည်။

ထို့ကြောင့်လည်း ပန်းသခင်သည် မျက်နှာလှလှလေးကို မော့လျက် တည်တည်တင်းတင်းလေး ထားလိုက်ပြီး

"ကျွန်မကလည်း ကြီးကျယ်တာမျိုးကို မကြိုက်ဘူး"

"မင်းစကား ဘာလဲ"

"ဘာလဲဆိုတာ ရှင်နားလည်မှာပါ"

ပန်းသခင်၏ တုံ့ပြန်စကားကို မိုးထက်သည် မကြိုက်သလို မျက်နှာကြီးတည်သွားရပြီး

"ဒီမှာအမိ ကျုပ်ဘာသာကျုပ် ကြီးကျယ်ချင်ကြီးကျယ်မယ်၊ မကြီးကျယ်ရင် မကြီးကျယ်ဘူး၊ ဒါ အမိနဲ့ မဆိုင်ဘူး"

"ကျွန်မကလည်း ဆိုင်တယ်လို့ မပြောရပါလား"

"ပြောလည်း မရပါဘူး"

မိုးထက်က ပြောရင်းက ပန်းသခင်ကို စူးခနဲတစ်ချက်စိုက်ကြည့်ကာ သူ့ကိုယ်ကြီးကို တစ်ဖက်သို့ လှည့်သွားလေသည်။



ပန်းသခင်မှာ သူမအပေါ် မတူသလို မတန်သလို ဆက်ဆံနေသည့် မိုးထက်၏ အပြုအမူကြောင့် ရင်ဝယ် ဒေါသများဖြစ်လာသည်မို့ နှုတ်ခမ်းဖူးဖူးလေးကို သွားစွယ်ချွန်ချွန်လေးဖြင့် ဖိကိုက်ရင်း သူမကိုယ်လေးကို ပြင်ထိုင်လိုက်သည်။

တစ်ဆက်တည်း သူမစိတ်ထဲတွင်လည်း 'နေနှင့်ဦးပေါ့ လူခစားကြီးရယ်၊ ရှင် ကျွန်မအကြောင်း တစ်နေ့ကောင်းကောင်းသိစေရမယ်' ဆိုသည့် စကားကို စိတ်မှာ ပန်းသခင် ဆိုမိလိုက်သည်။

ပန်းသခင်မှာ သူမဘေးတွင် ထိုင်နေသည့် မိုးထက်ဆိုသည့်လူကို မကျေမနပ် အတွေးများဖြင့် စိတ်မှာရှိနေဆဲ…

"တစ်ယောက်တည်းလား"

"ဟင်"

ကျောခိုင်းထားရာမှ ရုတ်ခြည်း သူမဘက်သို့လှည့်ကာ ဘာကင်ကာင်ကာ မေးလိုက်သည့် မိုးထက်စကားကြောင့် ပန်းသခင်မှာ အံ့အားသင့်သွားရသည်။

သို့သော် သူ့စကားကိုတော့ဖြင့် ပန်းသခင်သည် မကြားဟန်ပြုလျက် တစ်ဖက်သို့ မျက်နှာလွှဲပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိုးထက်က အံကို တင်းခဲ နေကြိတ်လိုက်ပြ

"ဒီမှာ အမိ၊ ကျုပ်မေးနေတာ မကြားဘူးလား တစ်ယောက်တည်းလားဆိုတာ"

"ရှင်မြင်တဲ့အတိုင်းပေါ့"

မကောင်းတတ်လွန်းသောကြောင့် ပန်းသစင်သည် မိုးထက်စကားကို ပြန်ဖြေလိုက်ရပေမယ့် သူမစကားသံကတော့ပြ မာဆတ်ဆတ်ဖြစ်ကာ သူမအသံမှာ လိုတာထက်ပို၍ ကျယ်သွား သည်မို့ ဘေးခုံမှ ဦးလေးကြီးပင် မိုးထက်ကိုကြည့်ကာ ပြုံးစိ ပြုံးသွားရသည်။

မိုးထက်မှာ ထိုဦးလေးကြီး၏ အပြုံးကိုမြင်တော့ မျက်နှာ ကြီးရဲခနဲ ဖြစ်သွားရကာ လူက အလိုလိုနေရင်း အနေခက်ခက်ကြ လည်း ဖြစ်သွားရသည်။

မိုးထက်အနေနှင့် မဖြစ်ဘဲနဲ့လည်း နေမည်တဲ့လား။

သူ့ကိုကြည့်သည့် ထိုဦးလေးကြီး၏ အကြည့်က မိုးထက် အား မိန်းကလေးမြင်ရင် အရှက်မရှိ ဖွတ်ရောတတ်သည့် လူအဖြ မြင်သွားသည့် အကြည့်မျိုးနှင့် ပြုံးစိစိဖြစ်နေခြင်းဖြစ်သည်။



မတော်...တော်ပါပြီကွာ။

မိန်းမတွေများ နည်းနည်းမှ သနားဖို့မကောင်းဘူး။

အစကတည်းကမှ မိန်းမဆို ဘယ်မိန်းမမှ အထင်မကြီး တတ်သည့် မိုးထက်တစ်ယောက် နတော့ဖြင့် မိန်းမများကို ပို၍လယ် သွားရပြီဖြစ်သည်။

သည်ပါးစပ်ကလည်း ဘာလို့ ဆတ်ဆတ်ဆောဆောနဲ့ မာနခဲမင်းသမီးကိုမှ သွားမေးမိရသည်မသိပါ။

တကယ်ဆို သူ့ဘာသာသူ တစ်ယောက်တည်းမကလို့ ဘာဖြစ်နေနေ သူနဲ့ဘာဆိုင်တာမှတ်လို့။

မိုးထက်မှာ ကိုယ့်အဖြစ်ကို ကိုယ်မခံချင်ဖြစ်ရပေမယ့် တစ်ဘက်ကလည်း သူ့အနေနှင့် ထောက်ထားရမည့် မျက်နှာများ လည်း ရှိသေးသည်မို့...

"မင်းကိုယ်မင်း သိပ်အထင်ကြီးမနေပါနဲ့၊ ကျုပ်က အန်ကယ့်မျက်နှာရှိလို့ မေးနေတာ"

"မလိုပါဘူး"

သူ့ကို ကြည့်လည်းမကြည့်ဘဲ ခပ်တင်းတင်းလေးပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် ပန်းသခင်ကြောင့် မိုးထက်သည် မချင့်မရဲနှင့် အသည်း သားသွားသော…။

"ကျုပ်ကလည်း မကောင်းတတ်လို့ အနံကယ့်မျက်နှာနဲ့ တွေ့ရအောင် မေးနေတာ"

"အခုလို ရှင့်စိတ်ဓာတ်ကိုသိရလို့ ပိုပြီးတောင် ကျေးဇူး တင်ပါသေးတယ်၊ ဒါပေမယ့် နောက်ကို ရှင် ကျွန်မနဲ့ပတ်သက်ဖို့ မကြိုးစားပါနဲ့ ဦးမိုးထက်"

"ကျွတ်…မင်းကွာ"

မိုးထက်မှာ သူ့စေတနာကို စော်ကားရပါ့မလားဆိုသည့် အတွေးနှင့် မျက်နှာကြီးမည်းခနဲ ဖြစ်သွားရပြီး ပန်းသခင်ကို ဘုကြည့်နှင့် ရှုတည်တည်ကြည့်လာလေသည်။

ပန်းသခင်ကတော့ဖြင့် ဂရုမစိုက်ပါတော့။ သူ့မျက်နှာကို မမြင်၊ မတွေ့ချင်တော့သည့်ပမာ လက်လေးပိုက်လျက် ထိုင်ခုံ နောက်တွင် ကျောမှီရင်းက မျက်ဝန်းအစုံကိုသာ တင်းတင်းလေး စုံမှိတ်ထားလိုက်တော့သည်။

မိုးထက်မှာ သူ့ကို မကြည့်ချင် မမြင်ချင်လောက်အောင်





စက်ကြည်းမုန်းတီးနေရသည့် ပန်းသခင်ကိုကြည့်ပြီး သူ့ရင်ဝယ် ခံစားမှုတစ်မျိုးဖြင့် လှုပ်ခတ်သွားရသည်။

သူမနှင့်ဇာတ်သက်ပြီး သူ့ဘဝကိုစိုးရိမ်သွားတာပါလိမ့်။

သေချာသည်ကတော့ မိုးထက်သည် ပန်းသခင်နှင့် ပတ်သက်လာလျှင် သူ့ရင်ထဲ ခံစားမှုများက ယခုထက်ထိတိုင် လှုပ်ရှားနေဆဲဖြစ်သည်ဆိုတာကိုတော့ မိုးထက် သူ့ကိုယ်သူသာ သိပါတော့သည်။

သို့သော်…

မိုးထက်သည် သူမနှင့်ပတ်သက်၍ သူ့ရင်ထဲ ဘယ်လောက်ပဲ ခံစားနေရပါစေ ထိုခံစားချက်များကိုတော့ဖြင့် သူမ လေးသိအောင် သူ့အနေနှင့် ဘယ်တော့မှ ဖွင့်ပြောလိမ့်မည် မဟုတ် ပါ။

မိုးထက်ဆိုတာက မိန်းမတစ်ယောက်၏ အလှအောက်တွင် သူ၏ယောက်ျားဂုဏ်သိက္ခာနှင့် မာနတို့ကို နင်းခြေခံပြီး သူမခြေရင်း တွင် ဝပ်စင်းခံမည့်သူ မဟုတ်ပါ။

မိန်းမတစ်ယောက်ကို ချစ်လွန်း၍ အသည်းနှလုံးကိုသ

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲခံလိုက်ပါမည်။ သူ၏ယောကျ်ားမာနကိုတော့ မြေချလိုက်

သူမဟုတ်။

အရှိန်မှန် ခုတ်မောင်းနေသည့် ရထားကြီးသည် ဈေး

လေးပင်ဘူတာကို ကျော်လာသည့်အခါမှာတော့ မိုးထက်

လိုက်ပါလာသည့် ရထားတွဲပေါ်ရှိ လူအားလုံးလိုလို အိပ်ငိုက်လာ

ပြီဖြစ်သည်။

ထိုသူများထဲတွင် ပန်းသခင်လည်း တစ်ယောက်အ

အဝင်ဖြစ်သည်။

ကြိုက်မရှက် ငိုက်မရှက်ဆိုသည့် စကားအတိုင်း ပန်းသ

သည်လည်း သူမတို့အား ချော့သိပ်သလိုရှိနေသည့် ရထားအရှိန်

ခုတ်မောင်းမှုကြောင့် မျက်ဝန်းများ တဖြည်းဖြည်းစင်းလာလျ

လူက ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ သူမကိုယ်လေးမှ

မိုးထက်ရှိရာဘက်သို့ တဖြည်းဖြည်း, ပြိုယိုင်ဆင်းကျလာရကာ

နောက်ဆုံး မိုးထက်ပခုံးပေါ်တွင် ပန်းသခင်ခေါင်းလေး တင်လာ

သည်အထိ ဖြစ်သည်။

မိုးထက်မှာ သူ့ပခုံးပေါ်တွင် မှီကျလာသည့် ပန်းသခင်



ကြည့်ကာ သူသည် အသက်ရှူဖို့ပင် မေ့သွားသည။

မျက်တောင်ရှည်ကြီးများ စင်းချကာ သူ့ပခုံးပေါ်တွင်

အိပ်နေသည့် ပန်းသခင်ကိုကြည့်ရင်း သူသည် လှုပ်လည်းမလှုပ်ဝံ့။

သူလှုပ်လိုက်လို့ သူမလေး နိုးသွားမည့်အဖြစ်ကိုပင်

မိုးထက်သည် စိတ်နှင့်ပင် မလိုလားနိုင်ပါ။

သည်ခံစားချက်သည် ဘာကြောင့်ဖြစ်ရသည်ဆိုတာကို

လည်း မိုးထက် သူ့ကိုယ်သူ နားမလည်နိုင်တော့ပါ။

အသေချာဆုံးကတော့ ပန်းသခင်ဆိုသည့် သူမလေး

သူ့ကြောင့် နိုးသွားမည့်အဖြစ်ကို သူ့အနေနှင့် မလိုလားနိုင်သလို

တစ်ဖက်ကလည်း သူမသည် သူ့အနေနှင့် နမ်းရှုံ့မသင့်သည့်

ပန်းတစ်ပွင့်ဆိုတာကို မိုးထက် သိနေခြင်းပင် ဖြစ်တော့သည်၊

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

''ပန်းသခင်''

''ဟင်''

''မင်းသွေး''

ခေါ်သံခပ်တိုးတိုးနှင့်အတူ ပန်းသခင်မျက်နှာလှလှလေးမှာ ဲ့တောက်ပသွားရသည်။

ပန်းသခင်သည် ဘူတာတွင် စောင့်ကြိုနေသည့် မင်းသွေး ဘက်ပြန့်တက်ဆက်ရင်းက သူမပစ္စည်းများကိုယူကာ ရထားပေါ် ဆင်းလိုက်သည်။

သူမနည်းတူ ရထားပေါ်တွင် လိုက်ပါလာသည့် ခရီး ည်များသည်လည်း ကိုယ်လိုရာခရီးဆုံးဖြစ်သည့် မန္တလေးဘူတာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးသို့ ဆင်းသက်နေကြပြီဖြစ်သည်။

ပန်းသခင်သည်လည်း သူမ၏ခရီးဆုံးဖြစ်သည့် မန္တလေး ဘူတာကြီးထဲသို့ ခြေချမိသည်ဆိုရင်ပဲ မင်းသွေးသည် သူမအနား သို့ အပြေးတစ်ပိုင်းရောက်လာကာ…

"ပစ္စည်းတွေတို့ကိုပေး ပန်းသခင်"

မင်းသွေးမှာ ပန်းသခင်လက်ထဲက ခရီးဆောင်အ၀တ် သေတ္တာကြီးကို တောင်းလိုက်သည်။

"ရတယ် မင်းသွေး၊ ပန်းသခင်ပဲ သယ်ခဲ့မယ်"

ပန်းသခင်မှာ အားနာစွာ မင်းသွေးအား ငြင်းလိုက်လေ သည်။

"မဟုတ်တာကွာ ပေးပါ၊ တို့က ပန်းသခင်ကိုလာကြို တာ နောက်များကျသွားပြီလားလို့ စိုးရိမ်နေတာ"

"အဟင်း…ဟင်း နောက်မကျပါဘူး မင်းသွေးရဲ့ မင်းသွေးလာတာ အချိန်တော်ပါပဲ"

"အေးကွာ…တို့လည်း ပန်းသခင်လာမယ်ဆိုတာ သိထ တည်းက မျှော်နေတာ၊ ပန်းသခင်ကို လူကိုယ်တိုင် အခုလိုမြင်မှပဲ စိတ်အေးရတော့တယ်"

မင်းသွေးမှာ ပြောလည်းပြော ပန်းသခင်လက်ထဲမှ အ၀တ် သေတ္တာကိုလည်း အတင်းပင် ဆွဲယူနေတာမို့ နောက်ဆုံး သခင်ကပင် မင်းသွေးကို အရှုံးပေးကာ အိတ်ပေးလိုက်ရသည်။

"တို့တော့ ပန်းသခင်နဲ့အတူ အလုပ်တွဲလုပ်ရမှာ အရမ်း သာတာပဲ"

"ပန်းသခင်လည်း မင်းသွေးလိုပါပဲ၊ ဒါနဲ့ မင်းသွေး လေးကိုရောက်နေတာ ကြာပြီလား"

"အင်း…ကိုယ် အလုပ်စ၀င်ကတည်းကပဲ ဆိုပါတော့"

"ဒါဆို မင်းသွေး မန္တလေးရောက်နေတာ ကြာပြီပဲ၊ ဘာပဲ ဖြစ် ပန်းသခင်ကတော့ မန္တလေးနဲ့ စိမ်းနေသေးတော့ နောက်ဆို သွေးပဲ အားကိုးရမှာပဲ"

"အဟွန်း…ဟွန်း ရပါတယ်ကွာ၊ ပန်းသခင်အတွက်ဆို တာ အားလုံးကူညီဖို့အသင့်ပါပဲ"

ကျောင်းနေဖက် သံယောဇဉ်ဖြင့် သူမအတွက် အားကိုး ကောင်းသော မင်းသွေးကို ယခုလို သူမနှင့်စိမ်းသည့်မြို့တွင်

www.burmeseclassic.com

www.burmeseclassic.com



လာတွေ့ရသည့်အတွက် ပန်းသခင်အားတက်မိရသည်က အမှန်ဖြစ်သည်။

ထိုစဉ်…

"ပန်းသခင်…ပန်းသခင် မဟုတ်လား"

"အို"

"မောင်"

နှုတ်ခမ်းဖွင့်ဟရုံ ထွက်သွားရသည့် ခေါ်သံနှင့်အတူ ပန်းသခင်၏ အကြည့်များက သူမရှေ့ရှူးရှူးတွင် ရှိနေသည့် လူရှယ်ထံသို့ အကြည့်များ မလွှဲဘဲ ရောက်ရှိနေရသည်။

အံ့ဩစရာကောင်းလိုက်တာ။ ကြည့်စမ်းပါဦး တခြားလူတွေအတွက်တော့ မသိပေမယ့် ပန်းသခင်အတွက်တော့ဖြင့် လောကကြီးသည် သိပ်ကို နေရာကျဉ်းနေရှုပြီဖြစ်သည်။

မောင်။

တစ်ချိန်က သူမနှုတ်ဖျားကနေ မြတ်မြတ်နိုးနိုး ခေါ်ခဲ့သော မောင်။ ပန်းသခင် မတွေ့တာ မမြင်တာ ကြာခဲ့ပြီဖြစ်သော မောင်သည် အခုတော့ဖြင့် ပန်းသခင်ရှေ့ကို ရောက်ရှိနေရသည့်





အဖြစ်။

မတွေ့မမြင်ခဲ့သည့် အချိန်များအတွင်းမှာ မောင်သည် ပို၍တည်ငြိမ်ရင့်ကျက်သွားတာကလွဲလို့ မောင်၏ရုပ်ရည်သည် ဟိုယခင်ကအတိုင်း ချောမောသန့်ပြန့်နေဆဲဖြစ်သည်။

ပန်းသခင်အတွက် လောကကြီးက ဒီလောက်ပဲ ကျဉ်းရသည်တဲ့လား။ သူမဘဝတွင် မေ့ထားခဲ့တာကြာပြီဖြစ်တဲ့ သူမဘဝထဲက ဖယ်ထုတ်ထားသည့် ယောကျ်ားနှစ်ယောက်ကို ပန်းသခင်သည် မကြာလှသည့်အချိန်မှာပင် တစ်ပြိုင်တည်းလိုလို တွေ့ဆုံနေရသည့်အဖြစ်က ပန်းသခင်အတွက် ဘယ်လောက်များ အံ့ဩစရာကောင်းလိုက်သည်တဲ့လဲ။

မောင်ဟု သူမခေါ်သော ခွန်မင်းလတ်သည်ကား ပန်းသခင်ကို သူ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသည့် သူတစ်ယောက်ပမာ တစိုက်မတ်မတ်နှင့် နင့်နင့်ရှူးရှူးကြီး စိုက်ကြည့်နေသည်မှာ မေ့မေ့မောမောပင်။

သြော်…ဒီယောကျ်ားသည် တစ်ချိန်က သူမနှလုံးသားကို ပိုင်စိုးခဲ့သူတစ်ယောက်ပါလားဆိုသော အတွေးက ဝင်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ပန်းသခင့်နှုတ်ခမ်းလေး ဆတ်ဆတ်ခါ လှုပ်ခါသွားရသည်။

တစ်ဦးနှင့်တစ်ဦး အတန်ကြာ ငေးစိုက်ကြည့်နေရာမှ ပထမ ဦးစွာ သတိဝင်လာရသူက ခွန်မင်းလတ်ပင် ဖြစ်သည်။

"နေကောင်းတယ်နော် ပန်းသခင်"

"ဟုတ်ကဲ့"

"ပန်းသခင် ဒီမှာနေတာလား"

"ဟင့်အင်း…မဟုတ်ပါဘူး၊ ဒါပေမယ့် ပန်းသခင် ဒီမှာ တာဝန်ထမ်းဆောင်ရမှာပါ"

"ဩော်..အလုပ်နဲ့ မန္တလေးကို ရောက်လာတာကို"

"ကိုခွန်မင်းလတ် ဒီမှာ အခြေချနေပြီဆိုတာ ပန်းသခင် သတင်းတော့ကြားပါတယ်"

"အမှန်း…ပန်းသခင်ကြားတဲ့သတင်းက မမှားဘူးလို့ပဲ ပြောရမှာပေါ့၊ မောင် အဲ ကိုယ် ရန်ကုန်ကထွက်လာပြီးကတည်း က ဒီမန္တလေးမှာပဲ အခြေချနေတော့တယ်လေ၊ ဒါနဲ့ ပန်းသခင် တစ်ယောက်တည်းလား၊ အန်ကယ်ရော မပါဘူးလား"

ခွန်မင်းလတ်စကားကြောင့် ပန်းသခင်မျက်နှာလေး





ပျက်သွားသည်။

"မေမေဆုံးတာ ကြာပါပြီ ကိုခွန်မင်းလတ်"

"ဆောရီး ပန်းသခင်၊ ကိုယ် ပန်းသခင်မေမေဆုံးတာ လုံးဝမသိလိုက်ဘူး၊ ကိုယ် တောင်းပန်ပါတယ် ပန်းသခင်"

"ရပါတယ် ကိုခွန်မင်းလတ်ရယ်၊ ပန်းသခင်ကို တောင်းပန်စရာမလိုပါဘူး၊ မသိလို့ မေးတာပဲဟာ၊ ပန်းသခင် နားလည်ပါတယ်"

"ဒါနဲ့ ကိုခွန်မင်းလတ် ဒီကို ဘာလာလုပ်တာလဲဟင်"

"ကိုယ့်မိတ်ဆွေတစ်ယောက်ကို လာကြိုတာ၊ အမှန်း အခုလို ပန်းသခင်နဲ့ မထင်မှတ်ဘဲ တွေ့ရတာ ကိုယ်သိပ်ဝမ်းသာ တယ်"

"ပန်းသခင်လည်း ကိုခွန်မင်းလတ်လိုပါပဲ" ဆိုသည့် စကားကိုတော့ ပန်းသခင်သည် ခွန်မင်းလတ်အား မပြောဖြစ်ပါ တော့။

ထိုစဉ် သူမတို့အနားသို့ မင်းသွေး ရောက်ရှိလာပြီး…

"ပန်းသခင် တို့တော့ ပစ္စည်းတွေ ကားထဲထည့်ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



တို့သား ညီမှာရှိသားတယ်''

အခိုးတိုတစ်ဦး လွှမ်းလွှမ်းဆွတ်ဆွတ် အကြည့်များဖြင့် ကြည့်လျှက် စကားတွေဆိုနေသော ပန်းသခင်နှင့် ခွန်မင်းလတ်မှာ မင်းသွေးစကားသံကြားမှ နှစ်ဦးစလုံး ပတ်ဝန်းကျင်ကို သတိထား မိသွားရသည်။

ဟုတ်ပါရဲ့။

ခွန်မင်းလတ်ဆိုသည့် ဒီယောက်ျားကို တွေ့လိုက်တာနှင့် ပန်းသခင်သည် ပတ်ဝန်းကျင်ကို ခဏတာ လုံးလုံးလျားလျား မေ့သွားရသည့်အဖြစ်။

သည်ယောက်ျားသည် အချိန်တွေ ဘယ်လောက်ကြာခဲ့ ကြာခဲ့ သူမနှလုံးသားကိုတော့ သူသည် ယခုချိန်ထိအောင် စိုးမိုး နေရာယူထားဆဲပါလားဟု သိရတော့ ပန်းသခင်သည် များစွာ တုန်လှုပ်ချောက်ချားသွားရသည်။

ဟင့်အင်း။

ဒါမဖြစ်နိုင်တဲ့ကိစ္စ။ မဖြစ်သင့်တော့တဲ့ အနေအထားတွေ ပါလားဟု ပန်းသခင်သည် ကိုယ့်ကိုယ်ကို အသိနှင့် ပြန်လည်





ထိန်းချုပ်ရင်းက ဝေသီသွားသော မျက်ရည်စများကို မျက်တောင် ရှည်ကြီးဖြင့် ဆင့်ကာ ပုတ်ခတ်လိုက်ပြီး...

''မိတ်ဆက်ပေးရဦးမယ်၊ ဒါ ပန်းသခင်နဲ့ ကျောင်းနေ ဖက်သူငယ်ချင်း မင်းသွေးတဲ့၊ မင်းသွေးက မန္တလေးမှာ တာဝန်ကျ နေတာ ကြာပြီလေ၊ အခု သူက ပန်းသခင် ဒီမှာတာဝန်ကျတယ် ဆိုတာသိလို့ ပန်းသခင်ကို လာကြိုတာ''

''မင်းသွေးလည်း မှတ်ထားပေါ့၊ ကိုခွန်မင်းလတ်တဲ့၊ သူက ဆရာဝန်လေ၊ ရန်ကုန်သားဆိုပေမယ့်လည်း ဒီမှာ မန္တလေးသူ နဲ့ အိမ်ထောင်ကျလို့ မန္တလေးသားလုံးလုံးဖြစ်နေပြီဆိုပါတော့''

''အဟွန်း...ဟွန်း...ဟွန်း''

''ပန်းသခင်က ပြောတော့မယ်ဗျာ''

အရွှန်းလေးဖောက်ကာ မိတ်ဆက်ပေးနေသည့် ပန်းသခင် စကားကြောင့် မင်းသွေးရော ခွန်မင်းလတ်ပါ ကိုယ်စီအပြုံးတွေနှင့် ရှိသွားရသည်။

''တွေ့ရတာဝမ်းသာပါတယ် ကိုခွန်မင်းလတ်၊ ပန်းသခင် လိုပဲ ကျွန်တော့်ကို ခင်ခင်မင်မင် ဆက်ဆံနိုင်ပါတယ်၊ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အပေါင်းအသင်းနည်းတော့ တွေ့တဲ့လူကိုခင်ဖို့ ကြိုးစားနေ နေရတာပဲဗျို့၊ ဟား ဟား ဟား''

''အဟွန်း…ဟွန်း ကျွန်တော်လည်း ကိုမင်းသွေးကို မြင်မြင်ချင်း ခင်သွားပါပြီဗျာ''

ယောက်ျားနှစ်ယောက်မှာ ပန်းသခင်၏ မိတ်ဆက်ပေးမှု ဆုံးသည်နှင့် ခဏချင်းပင် တစ်ယောက်နှင့်တစ်ယောက် ခင်မင်သွားကြသည်။

ပန်းသခင်မှာ ယောက်ျားပီသကာ တစ်ယောက်တစ်မျိုး ကြည့်ကောင်းနေသော ခွန်မင်းလတ်နှင့် မင်းသွေးကို အပြုံးလေးနှင့် ကြည့်ပြီး

''ကဲ နှစ်ယောက်သား နောက်ကျမှပဲ စကားကောင်းကြ တော့နော်၊ အခုတော့ ပန်းသခင်လည်း ခရီးပန်းလာလို့ အိမ်ပြန်ပြီး နားပါရစေတော့''

ပန်းသခင်စကားအဆုံးတွင် မင်းသွေးနှင့် ခွန်မင်းလတ်မှာ ပျာပျာသလဲဖြစ်လျက် အားနာသွားရကာ…

''ဆောရီး…ဆောရီး ပန်းသခင်ရယ်၊ ကိုယ်တောင်မေ့





ပါတယ်၊ ဟုတ်တာပေါ့ ပန်းသခင်၊ ခရီးပန်းလာတာ နားသင့်တာ ပေါ့၊ ကဲ ကိုမင်းသွေး ကျွန်တော်တို့ နောက်မှ အေးအေးဆေးဆေး ဆုံကြတာပေါ့ဗျာ''

''အိုကေ…အိုကေ ကိုခွန်မင်းလတ်''

''ပန်းသခင် ကိုယ် တစ်နေ့လောက်မှ ပန်းသခင်ဆီကို အေးအေးဆေးဆေး လာခဲ့မယ် ဟုတ်လား''

ပန်းသခင်မျက်နှာလေးထက် စူးနှင့်သောအကြည့်များဖြင့် နက်နဲစွာ စိုက်ကြည့်ရင်း ပန်းသခင်အား ကျောခိုင်းထွက်ခွာသွား သည့် ခွန်မင်းလတ်ကို ပန်းသခင်သည် အကြည့်ငေးငေးလေးဖြင့် ကျန်ရစ်ခဲ့လေသည်။

ဒါကိုပင် ပန်းသခင်အား တစ်ဦးတစ်ယောက်သည် တစ်နေရာမှနေ မျက်ခုံးထူထူကြီး စုံတွန့်ကြုတ်လျက် ကြည့်နေသူက မိုးထက်ပင် ဖြစ်တော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အင်ဂျင်နီယာတစ်ယောက်ဖြစ်သော ပန်းသခင်သည် ဝန်ထမ်းများအတွက် ပေးထားသည့်အိမ်တွင် တစ်ယောက်တည်း နေရမည်ဆိုသောအခါ သူမအတွက် အထီးကျန်ဆန်မှုတို့က ပန်းသခင်အား ဆီးကြိုနှုတ်ဆက်လာလေသည်။

"ဘယ်လိုလဲ ပန်းသခင်၊ တစ်ယောက်တည်းဖြစ်တယ် နေတာလား"

မဖြစ်ပါလို့ကော ပန်းသခင်သည် မင်းသွေးကို မည်သို့ ပြောရပါ့မလဲ။

"ဖြစ်အောင် ကြိုးစားရမှာပေါ့ မင်းသွေးရယ်၊ ပန်းသခင် အတွက်တော့ တစ်ယောက်တည်းနေရတာ နေသားကျနေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ပန်းသခင်ရယ်"

ပန်းသခင်ကိုကြည့်ကာ မင်းသွေး စိတ်မကောင်းဖြစ်သွား
သည်။

သည်မိန်းကလေးသည် ရုပ်ရည်က သူမတူအောင်
ချောမောလှပလွန်းသလောက် သူမ၏ဘဝလေးကကလည်း တစ်မျိုး
ပင်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မင်းသွေးကတော့ ပန်းသခင်ကို ငယ်သူငယ်
ချင်း ကျောင်းနေဖက်တစ်ယောက်အဖြစ် သူမအပေါ်မှာထားသည်
ရှိရင်းစွဲ သံယောဇဉ်ဖြင့် သူမအပေါ် စာနာကရုဏာဖြစ်ရသည်။

"ဘာမှအားမငယ်ပါနဲ့ ပန်းသခင်ရယ်၊ ပန်းသခင်ဘေး
မင်းသွေးဆိုတဲ့ တို့တစ်ယောက်လုံး ရှိပါသေးတယ်၊ ဘယ်ကိစ္စ
ဖြစ်ဖြစ် တို့ကိုတိုင်ပင်ဆွေးနွေးလို့ ရပါတယ် ပန်းသခင်"

"ကျေးဇူးပါပဲ မင်းသွေးရယ်၊ မင်းသွေး ပန်းသခင်အနား
မှာရှိတာ ပန်းသခင်အတွက် တအားပါပဲ"

မင်းသွေးမှာ ပြုံးကာ...

"တို့သူငယ်ချင်းဆီက ဒီလိုစကားမျိုးကြားရတာနဲ့တင်





ကျေနပ်ပါပြီဗျာ၊ ကဲ ဘယ့်နှယ်လဲ အိမ်လေးကို ပန်းသခင်
သဘောကျရဲ့လားဆိုတာ"

အားလုံးသန့်ရှင်းသပ်ရပ်လျက် အိမ်လေးအတွင်း
ဆိုင်းထောင်ပရိဘောဂကအစ ဘာတစ်ခုမှ လိုသည်မရှိ ပြည့်ပြည့်စုံစုံ
ပြင်ဆင်ပေးထားသော အိမ်လေးကိုကြည့်ပြီး ပန်းသခင် သဘောကျ
နေရသည်က အမှန်ဖြစ်သည်။

"ပန်းသခင်အတွက် အခုလို အစစအရာရာ ကြိုးပြီးပြင်ဆင်
ပေးထားတဲ့ မင်းသွေးကို ပန်းသခင် တကယ်ပဲ ကျေးဇူးတင်ပါတယ်
နော်"

"အပွန်း...တို့အပေါ် ပန်းသခင် ကျေးဇူးတင်တာထက်
ပန်းသခင် စိတ်ချမ်းသာတာကိုပဲ တို့က ကြည့်ချင်မြင်ချင်တဲ့သူပါ
ကွာ"

တည်ကြည်လေးနက်သော အကြည့်များဖြင့် ဆိုလိုက်
သည့် မင်းသွေးစကားကို ပန်းသခင် ဘာမှပြန်မပြောမိတော့ပါ။

သူမရင်ထဲမှာ မင်းသွေးနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ
ခံစားသည်ခဲ့သည်မှာ ကြာခဲ့ပြီပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းသခင် ပစ္စည်းတွေ စုံမစုံ ကြည့်လိုက်ပါဦး"

"စုံပါတယ် မင်းသွေး"

ထိုစဉ်

"အိမ်ရှင်တို့…အိမ်ရှင်တို့"

အိမ်ရှေ့မှခေါ်သံကြောင့် ပန်းသခင်နှင့် မင်းသွေး၏အကြည့်များက ရှေ့သို့ရောက်ရှိသွားရသည်။

"ဘာကိစ္စများလဲမသိဘူး"

"ကျွန်မတို့ ဒီအိမ်က မမလေးပန်းသခင်နဲ့ တွေ့ချင်ပါ"

အိမ်ရှေ့တွင်ရပ်နေသော အမျိုးသားနှင့် အမျိုးသမီးစကားကြောင့် ပန်းသခင်မျက်ခုံးလေး ရောင်ရောင်ကုပ်ကွေးသွားရပြီး…

"ပန်းသခင်ဆိုတာ ကျွန်မပါပဲ"

"ကျွန်မတို့ကို ဆရာက မမလေးလိုအပ်တာ ခိုင်းရအောင် လွှတ်လိုက်လို့ လာတာပါ"

"ရှင်တို့ဆရာဆိုတာ"

"ဦးမိုးထက်ပါ"





"ဟင်"

ရုတ်ခြည်းတော့ ပန်းသခင်သည် မျက်နှာလှလှလေး …မဆောင်နိုင်အောင် ပျက်သွားလေသည်။

သို့သော်…

ပန်းသခင်သည် ချက်ချင်းပင် သူမမျက်နှာလေးကို ပြင် …က်ပြီး…

"ကျေးဇူးပါပဲ၊ ဒါပေမယ့် ရှင်တို့ဆရာကို ပြောလိုက်ပါ၊ ကျွန်မအတွက် အားလုံးပြည့်စုံပါတယ်လို့"

"ဟုတ်ကဲ့ပါ မမလေး၊ ဒါပေမယ့် ဆရာမှာလိုက်ပါ …ယ်၊ လိုမယ်ထင်တာတွေကို ကိုယ့်ဘာသာကိုယ် ကြည့်ပြီး …ဆင်လုပ်ကိုင်ပေးခဲ့ဖို့ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးကို သေချာမှာ …က်ပါတယ်"

ဒီလူ ဒါတော့ တဆိတ်လွန်ပြီဟု ပန်းသခင်သည် စိတ်ထဲ … 'မျက်'ခနဲဖြစ်လျက် ဆိုမိလိုက်လေသည်။

မိုးထက်ဆိုသည့် ဒီယောကျ်ားသည် အချိန်တွေ …ထဲလောက်ကြာခဲ့ကြာခဲ့ သူ့ပုံစံနှင့် စိတ်ဓာတ်ကတော့ အခုချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲသေး။ အရင်ကအတိုင်းပဲ ရှိနေဆဲဖြစ်သည်။

နေရာတကာ သူ့သဘော သူ့ဆန္ဒနှင့် တစ်ဖက်သား ခံစားချက်ကို နည်းနည်းမှ ထည့်မတွက်ဘဲ ဖြစ်ချင်တာကို ဇွတ်တိုး လုပ်ချင်သည်က အရင်က ဦးမိုးထက်နှင့် အခု ဦးမိုးထက် အတူတူ ရှိနေဆဲမဟုတ်ပါလား။

ကြည့်ရတာ သူ့အလုပ်သမားတွေကလည်း အလုပ်ရှင်ဖြ သည့် သူ့အပေါ် ဘယ်လောက်များ သစ္စာရှိ ရိုကျိုးကြသည်မ ပါ။ ပန်းသခင်က သူတို့ကို ပြန်ပါဆိုတာတောင် သူတို့သည် ပြန်ပုံရမည့်ပုံမပေါ်။

ပန်းသခင်သည် ဖြစ်နိုင်လျှင် မိုးထက်ဆိုသည် ဒီယောကျ်ားနှင့် ဘယ်လိုမှ မပတ်သက်ချင်ပါ။

သူမအနေနှင့် မပတ်သက်အောင်လည်း နေခဲ့ပါသည် နေခဲ့သည့်အတိုင်းလည်း ပန်းသခင် သူနှင့်မဆုံတွေ့ခဲ့ရပါ။

မမြင်ချင် မတွေ့ချင်၍ ရှောင်နေသူကို အခု ခရီးသွာ ဟန်လွှဲနှင့် မထင်မှတ်ဘဲ သူမနှင့် တစ်ခရီးတည်းမှာ ပြန်လည် တွေ့ရသောအခါ ပန်းသခင်အတွက် ဝေဒနာများက အဟောင်း

ဆစ်ပြန်ဖြစ်ရလေသည်။

ကြာခဲ့ပြီ။ မေ့ထားလိုက်ပါပြီဆိုပေမယ့် ပန်းသခင် သူ့ကို တွေ့ရပြန်တော့လည်း ရင်မှာ ဝေဒနာတွေ ပြန်လည်နိုးထသက်ဝင် ရသည့်အဖြစ်။

“ပန်းသခင်”

“ဩော် . . . မင်းသွေး”

“ပန်းသခင်လည်း ခရီးပန်းလာတယ်ဆိုတော့ နားလိုက် တို့ပြန်တော့မယ်”

“ကျေးဇူးပဲနော် မင်းသွေး၊ ပန်းသခင်ကို အစစအရာရာ ကူညီပေးတဲ့အတွက်”

“အဟွန်း . . . မလိုပါဘူးဗျာ၊ ကဲ တို့သွားပြီနော်”

မင်းသွေး နှုတ်ဆက်ကာ ထွက်သွားသည်နှင့် ပန်းသခင် သည် သူမရှေ့က လူငယ်လင်မယားကို ကြည့်ပြီး . . .

“မမအတွက်ကတော့ ဘာမှမလိုပါဘူး၊ ဒါပေမယ့် င်းတို့က ကူညီချင်တယ်ဆိုလည်း ဒီအိမ်အတွက် လိုအပ်တာတွေ ကို ကြည့်ပြီးသာ လုပ်သွားကြတော့”

www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ခုခုမခိုင်းသရွေ့ နေရာမှ လှည့်ပြန်မည့်ပုံမ သည့် လင်မယားကို ပန်းသခင်သည် အားနာတာကတစ်ကြောင်း သူမအနေနှင့် မိုးထက်ဆိုသည့် သူ့အပေါ် ဒေါသဖြစ်ရပေမယ့် လူကြီးဆန်ရမည်က တစ်ကြောင်းကြောင့် စကားကို ရှည်ရှည်ဝေး ဝေး မပြောတော့ဘဲ သူမရှေ့က လင်မယားကို လိုအပ်တာ ကြည့်လုပ်သွားပါဟု လိုရင်းနှင့်တိုရှင်းသာ ပြောလိုက်မိတော့သည်။

သူမစကားဆုံးသည်နှင့် လူငယ်လင်မယားမှာ ပန်းသခင် ဘာတစ်ခုမှမပြောရဘဲ သူတို့အသိနှင့်သူတို့ အိမ်တစ်အိမ်လုံးကိုသာ မက သူမနေရမည့် အိမ်ပတ်ဝန်းကျင်ကိုပါ အားလုံး သန့်ရှင်းသပ်ရပ် အောင် ရှင်းလင်းပေးသွားလေသည်။

အင်း····ဒီလိုဆိုတော့လည်း ဦးမိုးထက်ရဲ့ အလုပ်သမား တွေက မဆိုးပါလားဟု စိတ်မှာ ချီးကျူးလိုက်မိသည်။

"မမလေး···ဆရာခဏနေရင် မမလေးအတွက် စားစရာ ထမင်းချိုင့် ပို့ခိုင်းလိုက်မယ်လို့ ကျွန်မတို့ကို မှာလိုက်ပါတယ်"

"ဟင့်အင်း···ကျွန်မအတွက်ဆို မလိုအပ်ပါဘူး"

"ဒါပေမယ့် ဆရာက ကျွန်မကို အဲလိုမှာလိုက်ပါတယ် မမလေး၊ ဟော ပြောရင်း ဟိုမှာ မမလေးအတွက် ဆရာ ထမင်း ချိုင့်လာပို့ခိုင်းလိုက်ပြီနဲ့ တူတယ်"

ပြောလို့မှမဆုံးသေး အိမ်ရှေ့တွင် ထိုးဆိုက်လာသည့် ကား တစ်စီးကြောင့် ပန်းသခင်သည် ရင်တွေခုန်သွားပါသည်။

ပန်းသခင်ရှိရာကို သူကိုယ်တိုင်လိုက်လာသည်လား။ ဟင့်အင်း ပန်းသခင် သူ့ကိုရင်မဆိုင်ချင်ပါ။ ထို့အတူ နောက် တစ်ကြိမ် သူနှင့်လည်းမဆုံလိုတော့။

ဖြစ်နိုင်လျှင် ပန်းသခင်သည် သူနှင့်ပတ်သက်သမျှ သူ့ထံ က အကူအညီများကို ဘာတစ်ခုမှ မယူလိုပါ။

"ဆရာက ထမင်းချိုင့်ပို့ခိုင်းလိုက်ပါတယ်ခင်ဗျာ"

"ပေး···ပေး ကိုမောင်ထွေး"

စန်းစန်းမှာ ဒရိုင်ဘာကိုမောင်ထွေး ယူလာသည့် ထမင်း ချိုင့်ကို လှမ်းယူလိုက်လေသည်။

ပန်းသခင်မှာ စတီးထမင်းငါးဆင့်ချိုင့်ကြီး ဆွဲလာသော စန်းစန်းဆိုသည့် အမျိုးသမီးကို ကြည့်နေဆဲမှာပင် ဒရိုင်ဘာကိုမောင် ထွေးဆိုသည့်လူမှာ ပန်းသခင်ကို နှုတ်ဆက်ကြည့်နှင့် တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ကားပေါ်တက်သွားလေသည်။

ဟင်း။

တော်ပါသေးရဲ့။ သူ ဦးမိုးထက်ပါမလာလို့။ ပန်းသခင်သည် သူမ မတွေ့ချင်သည့်လူကို မတွေ့ရသဖြင့် ရင်မှာ အနည်းငယ် ပေါ့သွားရသည်ကတော့ အမှန်ဖြစ်သည်။

ထို့ကြောင့် သက်ပြင်းသဲ့သဲ့ကို ချရင်းက စန်းစန်းကို ကြည့်ကာ…

"ဒီကညီမတို့ပြန်ရင် ဒီထမင်းချိုင့်ကို ပြန်ယူသွားပါနော်၊ မမအတွက် စားဖို့သောက်ဖို့ အားလုံးကို မမသူငယ်ချင်းက စီစဉ်ပေးထားတာမို့ ညီမတို့ ပြန်ယူသွားပါနော်"

ပန်းသခင်စကားကြောင့် လင်မယားနှစ်ယောက်မှာ အခက်တွေ့သွားရပုံနှင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ…

"ကျွန်တော်တို့ ဒီထမင်းချိုင့်ကို ပြန်ယူသွားလို့မဖြစ်ဘူး မမလေး၊ ဆရာက ဒါတွေအားလုံး မမလေးအတွက် ပို့ခိုင်းလိုက်တာပါ၊ နောက်ပြီး ဆရာက ကျွန်တော်တို့ကို မှာလိုက်ပါသေးတယ်၊ မမအတွက် အဖော်မရှိရင် ကျွန်တော့်မိန်းမစန်းစန်းကို ခေါ်ထားလိုက်ပါ





တဲ့"

"အို…မဟုတ်တာ ရပါတယ်ကွယ်၊ မမအတွက် အဖော် မလိုပါဘူး၊ ဒီမှာ ဝန်ထမ်းတွေလည်း ရှိနေတာပဲ၊ အေးကွယ် မမကတော့ မင်းတို့ကို ဘာကြောင့်ပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်၊ ဒီထမင်းချိုင့်ကိုလည်း ပြန်ယူသွားပါနော်"

ပန်းသခင်သည် ပြန်ရင်ပြင်နေသည့် စန်းစန်းတို့လင်မယား လက်ထဲသို့ ထမင်းချိုင့်ကို ဖွတ်ထည့်ပေးနေပေမယ့် သူတို့သည် လက်မခံဘဲ ပန်းသခင်ကိုသာ နှုတ်ဆက်လျက် ပြန်သွားကြသည်။

မပြန်ခင် 'ဆရာက ဒီထမင်းချိုင့်ကို ပြန်ယူလာရင် ကျွန်တော်တို့ကို ဆူလိမ့်မယ်' ဆိုသည့်စကားကြောင့် ပန်းသခင်မှာ ဆရာဖြစ်သူစကားကို တယ်လည်းနားထောင်ကြသည့် အလုပ်သမားတွေပါလားဟုပင် ဆိုလိုက်မိတော့သည်။

စန်းစန်းတို့လင်မယား ပြန်သွားတော့ အိမ်လေးအတွင်း ပန်းသခင်တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ခဲ့သည်။

ပန်းသခင်သည် ခရီးကလည်း ပန်း၊ လူကလည်း နွမ်းနေ ရပြီမို့ ရေမိုးချိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုးပြီးသည်နှင့် ပန်းသခင်သည် ထမင်းစားခန်းထဲ ဝင်လာတော့ ထမင်းစားပွဲပေါ်တွင် ဦးမိုးထက် ပို့ထားသည့် ထမင်းချိုင့်ကြီးက ဝင့်ဝင့်ထည်ထည် နေရာယူနေသလို ပန်းသခင်အတွက် အသင့်စားနိုင်ရန် စီစဉ်ပေးသွားသည့် မင်းသွေး ပို့ထားသည့် ထမင်း၊ ဟင်းများကလည်း စားပွဲပေါ်တွင် အသင့်။

ပန်းသခင်သည် စောစောက ဆာသလိုရှိခဲ့ပေမယ့် တကယ်တမ်း ထမင်းဟင်းများကိုမြင်တော့လည်း စားချင်စိတ်မရှိအောင် ဖြစ်သွားရသည်က ဦးမိုးထက်နှင့် မင်းသွေးကြောင့်သာ ဖြစ်ပါလိမ့်မည်။

ထမင်းစားပွဲပေါ်မှ ထမင်းဟင်းတို့သည် စားချင်စဖွယ် ဖြစ်ပေမယ့် ပန်းသခင် မစားနိုင်ပါ။

လှုပ်ခတ်သွားရသောစိတ်ကြောင့် ပန်းသခင်သည် နောက်မှ စားပါတော့မည်တွေးကာ အိမ်ရှေ့ခန်းသို့ ထွက်လာချိန် တိုက်တိုက်ဆိုင်ဆိုင် အိမ်ရှေ့တွင် နောက်ဆုံးပေါ်အကွာရာနံပါတ်နှင့် ကားလေးတစ်စီးသည်လည်း ထိုးဆိုက်လာချိန်ဖြစ်သည်။

ခွန်မင်းလတ်။



ပန်းသခင်ရင်မှာ နွေးသွားရသည်။

ခွန်မင်းလတ်သည်လည်း စားစရာပစ္စည်းများ တပွေ့တပိုက်နှင့် ကားပေါ်ကဆင်းလာသည် မဟုတ်ပါလား။

"ဆာနေပြီလား ပန်းသခင်၊ ဆောရီးဗျာ၊ ကိုယ်လည်း နည်းနည်းနောက်ကျသွားတယ် ပန်းသခင်၊ စားစရာတွေကို ဆိုင်ကယ်မလာချင်လို့ အိမ်မှာပဲ ချက်ပြုတ်ခိုင်းလိုက်တယ်လေ၊ ပန်းသခင် ထမင်းမစားရသေးဘူးမို့လား"

အပြုံးနှင့်ဆိုလာသည့် ခွန်မင်းလတ်စကားကို ပန်းသခင် ခေါင်းညိတ်ပြလိုက်သည်။

ခွန်မင်းလတ်ဟူသော မောင်သည် ပန်းသခင်အပေါ် ဂရုစိုက်မှုတွေက ဟိုအရင်ကအတိုင်း နွေးထွေးနေဆဲဖြစ်သည်။

ခွန်မင်းလတ်ထံမှ ထိုသို့ နွေးထွေးကြင်နာမှုများကို မြင်တွေ့ရလေလေ ပန်းသခင်သည် အတိတ်ကအရိပ်များကို ပို၍ ရင်မှာ တမ်းတလာရလေဖြစ်သည်။

"အဟွန်း...ကိုယ်ထင်တော့ထင်တယ်၊ ပန်းသခင် စားရလောက်သေးဘူးဆိုတာ၊ ဒါကြောင့် ကိုယ်တောင် အိမ်က အစ

www.burmeseclassic.com

www.burmeseclassic.com



[illegible] ထောင်မှတ်ဘဲ ပြန်တွေ့တဲ့ အထိမ်းအမှတ် [illegible]ယ်လို့ စိတ်ကူးခဲ့တာ အတော်ပဲဖြစ်သွားပြီပေါ့နော်"

"ဟင်…ကိုခွန်မင်းလတ် ခုချိန်ထိ ထမင်းမစားရသေးဘူးလား"

"အဟွန်း…ဟွန်း ကိုယ့်အတွက်ကတော့ ဒါ မဆန်းတော့ပါဘူးဗျာ၊ ကဲ ပန်းသခင်လည်း ခရီးပန်းလာတာ ကိုယ်ပဲ ထမင်းပွဲပြင်လိုက်မယ်နော"

ပြောလည်းပြော စားစရာတွေကိုလည်း သူကိုယ်တိုင် ပြင်ဆင်နေတာမို့ ပန်းသခင်သည်လည်း မနေသာတော့ဘဲ ခွန်မင်းလတ်နှင့်အတူ ထမင်းပွဲပြင်လိုက်သည်။

ထမင်းပွဲပြင်ရင်းက ပန်းသခင်သည် ခွန်မင်းလတ်ကိုကြည့်ကာ…

"ကိုခွန်မင်းလတ်ဇနီးကော နေကောင်းတယ်မဟုတ်လား"

ပန်းသခင်စကားအဆုံး ခွန်မင်းလတ်တစ်ယောက် မျက်နှာအကြီးအကျယ် ပျက်သွားလေသည်။

"ပန်းသခင် ကိုယ်တို့အကြောင်းကို တကယ်မသိဘူးလား"

"ရှင်"

ခွန်မင်းလတ်အမေးစကားကို ပန်းသခင် နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ကိုခွန်မင်းလတ် ဘာကိုပြောတာလဲဟင်"

ခွန်မင်းလတ်သည် အံကို တင်းခနဲ ဆွေးကြိတ်ပစ်ကာ အကြည့်ရူးရူးများကို အဝေးတစ်နေရာသို့ ပို့လိုက်ပြီး…

"ကိုယ့်အမျိုးသမီးနဲ့ ကိုယ် လမ်းခွဲလိုက်ပြီ"

"အို"

ပန်းသခင်အကြည့်တွေက မယုံကြည်နိုင်ခြင်းများစွာဖြင့် ခွန်မင်းလတ်ထံ ရောက်ရှိသွားရသည်။

ကြည့်စမ်း။

သည်အကြောင်းတွေကို ပန်းသခင် ဘာလို့မသိခဲ့ရတာပါလိမ့်။

"ပန်းသခင် တောင်းပန်ပါတယ် ကိုခွန်မင်းလတ်၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေကို ပန်းသခင် တကယ်မသိခဲ့ဘူးဆိုတာ ကိုခွန်မင်းလတ် ယုံပါ"

"ယုံပါတယ် ပန်းသခင်၊ ဒါဟာ တကယ်တော့ ဘာမှ မဆန်းပါဘူး၊ အဟွန်း ကိုယ်တို့ရဲ့ သံယောဇဉ်ကြိုးက အစကတည်းကမှ မမြဲခဲ့တာပဲလေ"

ပန်းသခင် ထမင်းပင် စားချင်စိတ်မရှိတော့ပါ။ ဒါကို ခွန်မင်းလတ်သည်လည်း ရိပ်မိဟန်နှင့်...

"အဟွန်း ကိုယ်ကလည်း ထမင်းစားချိန် ဘာတွေပြောမိ တယ်မသိပါဘူးကွာ၊ ပန်းသခင် ကိုယ့်ကြောင့် အစားပျက်ပြီနဲ့တူ တယ်"

"ကိစ္စမရှိပါဘူး ကိုခွန်မင်းလတ်၊ ကိုခွန်မင်းလတ်အနေနဲ့ ပြောဖို့မခက်ခဲဘူးဆိုရင် ပန်းသခင် ကိုခွန်မင်းလတ်တို့ အိမ်ထောင် ရေးအကြောင်း သိချင်တယ်"

"ကိုယ့်အိမ်ထောင်ရေးအခြေအနေက ပြောပြဖို့ ခက်ခဲ လောက်တဲ့ အနေအထားမဟုတ်ပါဘူး ပန်းသခင်၊ ပန်းသခင် သိချင်တယ်ဆိုရင် ကိုယ်ပြောဖို့ ဝန်မလေးပါဘူး၊ ကိုယ်နဲ့သူ လမ်းခွဲ



လိုက်တာကြာပြီ၊ သူနဲ့ကိုယ့်ကြားမှာ အဓိကအကြောင်းက ချစ်ခြင်း မေတ္တာမဲ့တဲ့ နားလည်မှုမရှိခြင်းတွေပါ ပန်းသခင်၊ အဟွန်း ပြောရ မယ်ဆိုရင်တော့ ပန်းသခင်ရယ် ကိုယ်တို့နှစ်ယောက်ကြားမှာ အချစ် ဆိုတာမရှိခဲ့ဘူး၊ အချစ်မရှိမှတော့ ကိုယ်တို့အိမ်ထောင်ရေးဟာ လည်း ဘယ်မှာလာ ခိုင်မြဲမှာတော့လဲ၊ သူက နိုင်ငံခြားကို အထင် ကြီးသူလေ၊ ဒီတော့ ကိုယ့်ကို သူနဲ့အတူလိုက်ဖို့ အပါခေါ်တယ်၊ ဒါပေမယ့် ကိုယ်မလိုက်နိုင်ဘူး၊ ဒီမှာတင် ကိုယ်တို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲပြီး လမ်းခွဲခဲ့တာပဲ"

"ကိုခွန်မင်းလတ်ဘက်က အဆင်ပြေအောင် မညှိယူဘူး လားဟင်"

"ဘယ့်နှယ်ပြောပါလိမ့် ပန်းသခင်ရယ်၊ ကိုယ် သူ့ကို ချစ်ပေမယ့် ထူထောင်ထားပြီးသား အိမ်ထောင်ကို မပြိုကွဲမပျက်စီး စေချင်လို့ အတင်းလိုက်ညှိခဲ့ပါသေးတယ်၊ ဒါပေမယ့် ဘယ်လိုမှ ညှိလို့မရခဲ့ဘူးလေ၊ နောက်ဆုံး သူလည်း သူ့ဆန္ဒအတိုင်း နိုင်ငံခြား ကို အပြီးထွက်သွားခဲ့တာပါပဲ"

"ဖြစ်ရလေရှင်၊ ပန်းသခင် ဘာလို့ ဒီအကြောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com


ပေးသိခဲ့ရတာပါလိမ့်"

"မဆုံသင့်ဘူးထင်လို့ လမ်းခွဲခဲ့ပြီးမှတော့ ပန်းသခင်သိဖို့လည်း လိုမယ်မထင်တော့ပါဘူး၊ ဖြစ်နိုင်ရင် ဒီအကြောင်းတွေကိုယ် ဘယ်သူ့ကိုမှ မပြောပြချင်ဘူး၊ ခုတော့ ပန်းသခင်မေးလို့ကိုယ်ပြောပြတာ"

ညှိုးနွမ်းသည့် မျက်နှာနှင့် သူ့အဖြစ်ကို သူ စိတ်မကောင်းသလို ထိထိနိုက်နိုက်ပြောနေသော ကိုခွန်မင်းလတ်ကိုကြည့်ကာ ပန်းသခင်ရင်ထဲ နင့်နင့်သည်းသည်း ခံစားလိုက်ရသည်။

အကြောင်းမှာ…

ခွန်မင်းလတ် သူ့ဘာကို ရည်ရွယ်ပြောလိုက်သည်ကို ပန်းသခင် နားလည်လိုက်သောကြောင့်ဖြစ်သည်။

၁ "ဘာပဲဖြစ်ဖြစ်ပေါ့ ကိုခွန်မင်းလတ်ရယ်၊ ပန်းသခင် ကိုခွန်မင်းလတ်အကြောင်းကြားရတာ မိတ်ဆွေတစ်ယောက်အနေနဲ့ စိတ်မကောင်းဖြစ်ရပါတယ်"

"အဟွန်း…မိတ်ဆွေအဖြစ်တဲ့လား ပန်းသခင်"

"ကိုခွန်မင်းလတ်ရယ်"

[redacted]

မချိပြုံးနှင့် ခံရခက်သလို နာနာကျင်ကျင်ဆိုလိုက်သည့် ခွန်မင်းလတ်စကားကြောင့် ပန်းသခင် ခေါင်းလေးငုံ့ဆင်းသွားရသည်။

တမ်းတလွမ်းဆွတ်မှုများဖြင့် တစိုက်မတ်မတ်ကြည့်လာသည့် ကိုခွန်မင်းလတ်၏ အကြည့်တို့ကို ပန်းသခင် ရင်ဆိုင်ကြည့်စွမ်း မရှိသည်ပဲလေ။

"ပန်းသခင်အကြောင်းကိုတော့ ကိုယ် အားလုံးသိနေပါတယ်၊ ပန်းသခင်ဖေဖေ ဆုံးသွားတဲ့အကြောင်းနဲ့ ပန်းသခင့်ရဲ့ချစ်ရ ပျက်သွားတဲ့အကြောင်း၊ ပြီးတော့ ပန်းသခင် ခုထိ အိမ်ထောင်မပြုသေးတဲ့အကြောင်းတွေက အစပေါ့"

"လောကကြီးဟာ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘူးဆိုတာ ပန်းသခင် ကောင်းကောင်းနားလည်သွားပြီ ကိုခွန်မင်းလတ်"

"ယုံပါတယ် ပန်းသခင်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် ပန်းသခင်ကို တွေ့လိုက်တဲ့အချိန်မှာ ပန်းသခင် အလှဟာ ဟိုအရင်အတိုင်း ဘာမှမပြောင်းလဲသွားပေမယ့် ပန်းသခင်မျက်နှာပေါ်က ကြည်နူးငြိမ်ချင့်ကျက်မှုကတော့ တော်တော်ကြီးကို ပြောင်းလဲသွားတယ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုယ်သတိထားမိလိုက်တယ်"

"အဟင်း…ဟင်း အဲဒါ လောကကြီးက ပေးလိုက်တဲ့ ပညာတွေပဲပေါ့"

"ပန်းသခင် သိပ်ခံစားရမှာပဲနော်"

"ဘာအတွက်လဲ ကိုခွန်မင်းလတ်"

"အဟွန်း…အားလုံးအတွက်ပဲပေါ့"

"ခံစားရတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ပန်းသခင်ရဲ့ စေ့စပ်ပွဲမျက်မှုကိုတော့ ပန်းသခင် မခံစားခဲ့ရပါဘူး"

"ဘာဖြစ်လို့လဲ ပန်းသခင်"

"ပန်းသခင်နဲ့ သူကြားမှာ အချစ်မရှိခဲ့လို့ပေါ့"

"ပန်းသခင်ရယ်"

ခွန်မင်းလတ်နှင့် ပန်းသခင်မှာ ထမင်းစားခြင်းကို အရသာကင်းမဲ့စွာ ပြီးဆုံးစေလိုက်သည်။

ထမင်းစားသောက်ပြီး အိမ်ရှေ့ဧည့်ခန်းတွင် အချိုပွဲများနှင့် ထိုင်လိုက်ပေမယ့် ပန်းသခင်နှင့် ခွန်မင်းလတ်ကြား စကားသံတွေကတော့ သိသိသာသာ နည်းသွားရသည်။



ပန်းသခင်တို့နှစ်ယောက်ကြား တိတ်ဆိတ်နေမှုကို ပထမဦးဆုံး ဖြိုခွဲလိုက်သူက ခွန်မင်းလတ်ရယ် ဖြစ်လေသည်။

"ပန်းသခင်အတွက် သွားရေးလာရေး ခက်ခဲနေရင် ကိုယ်အားပို့ပေးထားမယ်လေ"

"ရတယ် ကိုခွန်မင်းလတ်၊ ပန်းသခင် သွားဖို့လာဖို့ ဆိုင်းသွေး စီစဉ်ပေးထားတယ်"

"အေးလေ…ပန်းသခင်အတွက် အဆင်ပြေရင် ပြီးတာပေါ့ပဲ၊ ပန်းသခင် လိုအပ်တာရှိရင် ကိုယ့်ကိုပြောပေါ့"

"ပန်းသခင် လိုရင်ပြောပါ့မယ် ကိုခွန်မင်းလတ်"

"ကဲ ဒါဆို ကိုယ်ပြန်မယ် ပန်းသခင်"

"ဟုတ်ကဲ့"

နှုတ်ဆက်စကားဆိုရင်းက ပန်းသခင်အား မျက်ဝန်းညိုအစုံဖြင့် စူးစူးနစ်နစ်ကြီး စိုက်ကြည့်သွားသည့် ကိုခွန်မင်းလတ်အကြည့်များအောက်တွင် ပန်းသခင် ရင်မဖိုနိုင်ပါတော့။

ခွန်မင်းလတ်နှင့် ပန်းသခင်ဆိုတာ တစ်ယောက်နှင့်တစ်ယောက် မမြင်နိုင်သည့် စည်းတွေ ခြားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်ဖြစ်သည်ဆိုတာကိုတော့ ပန်းသခင် နားလည်ထား မည် မဟုတ်ပါလား။

◆ ◆ ◆

## အခန်း (၄)

"ပန်းသခင်ကို တစ်နေ့လောက်မှ မန္တလေးတောင်ကို လိုက်ပို့ရဦးမယ်"

"ရပါတယ် မင်းသွေးရယ်၊ မင်းသွေး အလုပ်အားတဲ့ရက် မှပါ"

"နားရက်ကတော့ ညှိယူလို့ရပါတယ်၊ ပန်းသခင် သွားချင်တဲ့ရက်ကိုပြောလေ၊ တို့ဘက်ကတော့ လိုက်ပို့ပေးဖို့ အသင့် ပါပဲ"

"အင်း…နောက်တစ်ပတ်ဆိုရင်ရော မင်းသွေး"

"ရတယ်လေ ပန်းသခင်၊ သွားချင်တဲ့အချိန်ပေါ့၊ ဒီတစ်ပတ်က ဘာဖြစ်လို့လဲ ပန်းသခင်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရယ်လို့တော့ မဟုတ်ပါဘူး မင်းသွေးရယ် ကိုခွန်မင်းလတ်က ဒီတစ်ပတ်မှာ သူ့အိမ်မှာ ပန်းသခင်ကို ထမင်းစားဖိတ်ထားလို့ပါ"

"သြော်…ဒါကြောင့်ကိုး၊ ဒါနဲ့ ကိုခွန်မင်းလတ် ပန်းသခင် တော်တော်ရင်းနှီးတယ်နော်"

"အဟင်း…ဆိုပါတော့ မင်းသွေးရယ်"

"ကိုခွန်မင်းလတ်လိုလူကတော့ ဒီခေတ်မှာ တော်တော်ရှားတဲ့လူလို့ပဲ ပြောရတော့မယ် ပန်းသခင်"

"ဘာဖြစ်လို့လဲ"

"ဒီလူက သူ့မိန်းမနဲ့ လမ်းခွဲပြီးတာ ကြာပေမယ့် အခုချိန်ထိ အိမ်ထောင်မပြုသေးဘဲ နေနိုင်တာကိုက ချီးကျူးစရာပဲလေ တကယ်ဆို သူ့လို အစစအရာရာ ပြည့်စုံနေတဲ့ လူတစ်ယောက် အနားမှာ မိန်းကလေးတွေ အများကြီးရှိနေပေမယ့် ကိုခွန်မင်းလတ်ကတော့ ကျောက်ရုပ်နှလုံးသားနဲ့ နေနိုင်တဲ့သူ၊ အင်း ဒါကလည်း သူ တကယ်ချစ်တဲ့လူကို မတွေ့သေးလို့နေမှာပါ"

မင်းသွေးစကားကို ပန်းသခင်သည် အင်းမလှုပ်အဲမလှုပ်



ပါပဲ ငြိမ်လျက်နားထောင်နေလေသည်။

ပန်းသခင်ရင်ထဲတွင် ကိုခွန်မင်းလတ် အိမ်ထောင်ရေးအကြောင်းကိုကြားရ၍ စိတ်မကောင်းဖြစ်မိတာကလွဲပြီး သူမရင်ထဲ ကိုခွန်မင်းလတ်နှင့်ပတ်သက်လို့ ဘာမျှော်လင့်ချက်၊ ဘာသံယောဇဉ်ကြိုးမှ မရှိတော့ကြောင်းကို ပန်းသခင် သူမသာလျှင် သိပါသည်။

"ဒါနဲ့ မင်းသွေးရော၊ မင်းသွေးအမျိုးသမီးက မင်းသွေးနဲ့ အတူ လိုက်မနေဘူးလား"

"အင်း…တို့အဖြစ်ကလည်း ကိုခွန်မင်းလတ်နဲ့ သိပ်မကွာပါဘူး ပန်းသခင်၊ သူနဲ့တို့က အထီးကျန်ဆန်တာချင်းကတော့ အတူတူပါပဲ၊ ငယ်ငယ်ကတည်းက ရန်ကုန်မှာမွေး၊ ရန်ကုန်မှာ ကြီးပြင်းခဲ့တဲ့ ကိုယ့်အမျိုးသမီးဟာ ရန်ကုန်ကလွဲပြီး ဘယ်မှာမှ မနေနိုင်ပါဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ သူ့မိဘတွေဆီမှာ ကျန်ခဲ့တယ်လေ၊ ယူထားတဲ့ယောကျ်ားက ပန်ထမ်းတစ်ယောက်ဆိုတာ သူမေ့ထားပုံရတယ်၊ ဒါကြောင့် တို့ပဲ ခွင့်ရရင်ရသလို ရန်ကုန်ကို ပြန်နေရတာပေါ့"

"မင်းသွေးတို့အဖြစ်ကလည်း တစ်မျိုးပါလားနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်ပြောတာပေါ့၊ တို့အိမ်ထောင်ပြုတာ မှား
သားဆိုတာ၊ တို့လိုချင်တာက တစ်ဦးကိုတစ်ဦး အပြန်အလှ
နားလည်နေတဲ့ အိမ်ရှင်မမျိုးကို ၎င်လားတာ၊ ဒါပေမယ့် တကယ
လက်တွေ့မှာတော့ တို့စိတ်ကူးခဲ့တဲ့ အိမ်ထောင်သည်ဘဝမျိုး
တခြားစီဖြစ်နေတယ်၊ တစ်ခါတစ်ခါတော့ တို့ ကိုယ့်ကိုယ်
နောင်တရမိတယ်"

"ဘာလဲ မိန်းမယူမိတာ မှားပြီဆိုတဲ့ နောင်တမျိုးလား"

"အဟွန်း…ပန်းသခင်က တို့ပြောမယ့်စကား ဘာ
ကြိုသိနေရတာလဲ"

"အဟင်း…ဟင်း"

"အဟွန်း…ဟွန်း"

နှစ်ယောက်သား ကိုယ့်စကားကို ကိုယ် သဘောကျ
ရယ်လိုက်မိသည်။

ထို့နောက် နှစ်ယောက်သား ရောက်ရာပေါက်ရာ ကျောင်
တုန်းက အကြောင်းများဆီသို့ စကားရောက်သွားရကာ ရယ်မော
ပြန်၏။



ပန်းသခင်သည် မင်းသွေးနှင့်အတူ ကျုံးရိုးတစ်လျှောက်
လမ်းလျှောက်ရင်းက လှမ်းမြင်နေရသည့် မန္တလေးတောင်ကြီးကို
သာ ငေးကြည့်နေမိသည်။

"ပန်းသခင်လည်း ဒီလိုပဲနေတော့မှာလား"

ရုတ်တရက် စကားအဆက်အစပ်မရှိ ပြောလိုက်သော
မင်းသွေးစကားကြောင့် ပန်းသခင် မျက်ခုံးလေး ပင့်တက်သွားရ
ပြီး…

"မင်းသွေး ဘာကိုပြောတာလဲ"

"ဪ…ပန်းသခင်ဘဝအတွက် ဘဝခရီးဖော် မရှာ
တော့ဘူးလားလို့ မေးတာပါ"

"ဒီအတိုင်း အေးအေးပဲနေပါရစေ မင်းသွေးရယ်၊
ပန်းသခင် အချစ်ဆိုတာကြီးကို ကြောက်တယ်"

"အဟွန်း…ဒါဖြင့် အချစ်မရှာတော့ဘူး"

"အဲဒီအတိုင်းပါပဲ"

"အချစ်ကိုမရှာပေမယ့် အချစ်က သူ့အလိုလိုရောက်လာ
ရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ဆောရီးလို့ပဲ ပြောရတော့မှာပေါ့"

"အေးဗျ…အပြောမကြီးနဲ့ဦး ပန်းသခင်၊ ပန်းသခင်လို သိပ်ချောသိပ်လှတဲ့ မိန်းကလေးက အချစ်ကို ကြောက်စရာတစ် လို မြင်နေတာ တို့အတွက် မယုံနိုင်စရာပါပဲ"

"အချစ်ဆိုတာ အင်မတန် သိမ်မွေ့နူးညံ့လွန်းပါတယ် မင်းသွေးရယ်၊ ချောတာ လှတာ၊ ရုပ်ဆိုးတာ၊ ရုပ်မဆိုးတာက အချစ်နဲ့မဆိုင်ပါဘူး"

"ကြည့်စမ်း တို့သူငယ်ချင်းက ဒီလိုဆိုပြန်တော့လည်း တကယ့် အချစ်ဆရာမကြီးတစ်ယောက်လို စကားလုံးတွေက နူးန ညံ့ညံ့နဲ့ ပြောတတ်နေပါလား၊ ဒီလိုလူရဲ့ရင်ထဲမှာ အချစ်မရှိဘူးဆိုတာ တို့ ယုံရမှာလား"

"အဟင်း…ဟင်း မယုံလည်း ပုံပြင်လို့သာ မှတ်လိုက် တော့ မင်းသွေးရေ၊ အချစ်ကြောင့် ပူလောင်တဲ့သောကဒဏ်ကို ပန်းသခင် တကယ်မခံစားနိုင်တော့ဘူး"

'ပန်းသခင်ရယ် မင်းရင်ထဲမှာ အချစ်ကြောင့် ဘယ် လောက်များ ခံစားခဲ့ရပြီလဲဗျာ' ဟူ၍သာ မင်းသွေးသည် ဆိုလိုက်မိ

တော့သည်။

နှစ်ယောက်သား စကားတပြောပြောနှင့် ကျုံးတစ်ပတ် မင်းလျှောက်ရင်းက

"ပန်းသခင် မန္တလေးကျုံးရဲ့အလှကို ညနေနေဝင်ချိန် ထိုင်ကြည့်ချင်သေးလား"

"အင်း…ခဏတော့ ထိုင်ကြည့်ချင်တယ်"

"ဒါဆို ထိုင်လေ"

ကျုံးဘောင်ရှိ ခုံတန်းလေးပေါ်တွင် ပန်းသခင်နှင့် မင်းသွေး ထိုင်လျက် ညနေ နေဝင်ချိန် ကျုံး၏အလှကို ထိုင်ကြည့်နေမိသည်။

ထိုစဉ်…

ပန်းသခင်တို့ထိုင်နေသည့် နောက်ဖက်မှနေ အရှိန်နှုန်းမြန် မှာ ခပ်ကြမ်းကြမ်းမောင်းထွက်သွားသည့် ကားတစ်စီးကြောင့် သွေးသာမက ပန်းသခင်၏အကြည့်များကပါ ထိုကားမောင်း ရာနောက်ဆီသို့ ဖျတ်ခနဲ ရောက်ရှိသွားရသည်။

"ကားမောင်းတာလည်း ကြမ်းလိုက်တာကွာ၊ ဒီလိုမောင်း တော့ ဘယ်နေ့ ဒုက္ခဖြစ်မလဲမသိဘူး"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"အေးနော်...ဘယ်လိုလူကများ ကားကို ဒီလောက်ကြမ်းကြမ်းမောင်းရတယ် မသိပါဘူး"

"အဲဒီကားကိုမောင်းတဲ့လူ တို့သိတယ်"

"ဘယ်သူလဲ မင်းသွေးအသိလား"

"အသိတော့မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီကားနံပါတ်နဲ့ အဲဒီကားကို မောင်းတဲ့လူကို တို့သူငယ်ချင်းမိတ်ဆက်ပေးလို့သိနေတာ၊ ဦးမိုးထက်တဲ့လေ၊ မန္တလေး၊ ရန်ကုန်မှာသာမကဘူး ပြင်ဦးလွင်မှာလည်း ခြံနဲ့လုပ်ငန်းများစွာကို ပိုင်ဆိုင်တဲ့လူတစ်ယောက်ပေါ့"

"ဪ"

ပန်းသခင်နှုတ်မှ လိုမျှသာ ဆိုလိုက်မိပါတော့သည်။ ရင်ထဲမှာတော့ ဘာကိုမှန်းမသိ တစ်စုံတစ်ရာကို လွမ်းဆွတ်သလိုလို၊ ထိထိခိုက်ခိုက် နာကျင်ရသလိုနှင့် ဘယ်လိုမှန်းမသိသည့် ခံစားမှုကတော့ ရင်ထဲ နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်နေရသည်။

သို့သော်...

ပန်းသခင်သည် ထိုခံစားချက်များအတွက် ဘာကိုမှ ...တ်ဆုပ်လက်ကိုင် မပြနိုင်ပါ။ ပြနိုင်စွမ်းလည်း ပန်းသခင်တွင် ...တော့။

ရုတ်ခြည်း ပန်းသခင်သည် ထိုင်ရာမှ ထလိုက်သည်။

"ပြန်တော့မလို့လား ပန်းသခင်"

"ဟုတ်တယ် မင်းသွေး"

"ဘာဖြစ်လို့လဲ၊ ရုတ်တရက်ကြီးပါလား"

"ပြောတော့ မင်းသွေးရယ်၊ ပန်းသခင်ဘဝမှာ အဲလိုစိတ်...နဲ့ ရပ်တည်နေခဲ့တာ ကြာပြီပဲဆိုပါတော့"

"ပန်းသခင်ကြည့်ရတာ တစ်ခုခုခံစားနေရသလိုပဲ၊ ...န်းသခင်ရင်ထဲမှာ သိပ်မွန်းကြပ်လာလို့ ရင်ဖွင့်မယ်ဆို တို့ကို ...ယုံကြည်ကြည်နဲ့ ရင်ဖွင့်ပြောလို့ရပါတယ် ပန်းသခင်"

"ပန်းသခင်ကိုယ် ပန်းသခင်လည်း တစ်ခါတစ်ခါ ...ဘယ်လိုဖြစ်မှန်းမသိပါဘူး မင်းသွေးရယ်၊ ပန်းသခင်လေ မွန်းကြပ် ...ဒဏ်ကို မခံနိုင်တာတော့ အမှန်ပဲ"

"ဒါဆိုလည်း တို့ကိုအခင်ဆုံးသူငယ်ချင်းတစ်ယောက်လို ...သဘောထားပြီး ရင်ဖွင့်လိုက်ပါလား၊ ဒါဆို ပန်းသခင်အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အနည်းနဲ့အများတော့ ရင်ထဲသက်သာသွားမှာအမှန်ပဲ''

''ခုလောလောဆယ် ပန်းသခင် စိတ်ညစ်နေတယ်၊ ဘာကြောင့်ဖြစ်ရတယ်ဆိုတာကိုလည်း ပန်းသခင်ကိုယ် ပန်းသခင် မသိဘူး၊ သေချာတာကတော့ ပန်းသခင်အတွက် ပျော်ရွှင်မှုတွေ ဆိတ်သုန်းနေတယ်ဆိုတာပဲ''

''ပန်းသခင်ရယ် တို့ဘယ်လိုနှစ်သိမ့်ရမလဲဗျာ''

မင်းသွေးသည် အပျော်တွေ ပျောက်ဆုံးနေပါသည် ဆိုသော သူငယ်ချင်းမကိုကြည့်ကာ ရင်မှာ မကောင်းနိုင်ပေမယ့် တကယ်တမ်း သူမကို သူ့အနေနှင့် ဘယ်လိုနှစ်သိမ့်ရမှန်းလည်း မသိခဲ့ပါ။

သူ့ရင်တွင် စိတ်မကောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်စွာ နဲ့ပဲ ပန်းသခင်ကို အိမ်အထိ လိုက်ပို့ပေးလိုက်သည်။

ညနေခင်း နေဝင်ချိန်ဝယ် လမ်းလျှောက်ပြန်လာသည့် ပန်းသခင်နှင့် မင်းသွေးကို အနီးပတ်ဝန်းကျင်ရှိ လူတချို့ကလည်း မသိမသာ အကဲခတ်နေသည်ကိုတော့ ပန်းသခင်ရော မင်းသွေးပါ သတိမထားမိပါ။





''တို့ပြန်တော့မယ် ပန်းသခင်၊ ရတယ်နော်''

''ရပါတယ် မင်းသွေး၊ ကျေးဇူးပဲ''

''မလိုပါဘူးကွာ၊ ပန်းသခင်သာ တစ်ယောက်တည်း အိုက်ငိုမနေပါဘူးလို့ တို့ကို ကတိပေးနိုင်မလား''

မင်းသွေးစကားကို ပန်းသခင် မချိပြုံးလေး ပြုံးလိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။

''အိုကေ…ဒါဆို တို့ ပန်းသခင်အတွက် စိတ်ချပြီ''

ကျောခိုင်းသွားသည့် မင်းသွေးကို ပန်းသခင်သည် ကြည့်လွဲလိုက်သည့်တိုင် သူမမျက်ဝန်းအိမ်ထဲမှာတော့ မျက်ရည် တချို့ ဖြာကျနေရသည်။

ပန်းသခင်သည် မင်းသွေးအား မငိုပါဟု ကတိပေးလိုက် ပေမယ့် သူမအတွက်တော့ ဒီညသည်လည်း ခါတိုင်းညတွေလိုပင် ခေါင်းအုံးလေးထက် မျက်ရည်တွေ စိုစွတ်နေဦးမည်ဆိုတာကတော့ သေချာနေရတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တစ်လမ်းလုံး ကားကို ခပ်ကြမ်းကြမ်းမောင်းလာသမျှ အိမ်ရောက်ပြန်တော့လည်း လူက နေမထိထိုင်မသာ ထိုင်လို့မရ ထလို့မရနှင့် လူက အနေခက်ခက်ကြီးဖြစ်နေရသူက မိုးထက်ပင် ဖြစ်သည်။

ကျုံးဘေးတွင် ပန်းသခင်နှင့် မင်းသွေးဆိုသည့်လူကို မိုးထက် မြင်တွေ့ခဲ့ရပြီးကတည်းက သူ ဒီလိုကြီး ခံစားနေရခြင်း ဖြစ်သည်။

မင်းသွေးဆိုသည့်လူနှင့် ကျုံးဘေးတစ်လျှောက် ရယ်ရယ် မောမော လမ်းလျှောက်လာသော ပန်းသခင်ကို မိုးထက်သည် ရုတ်ခြည်းတော့ သူမဟု မထင်မိပါပေ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အများကြားတွင် ထင်းခနဲ ပေါ်လွင်လွန်းလှ[illegible] အလှနှင့် ထူးထူးခြားခြားလှနေသော သူမကို မိုးထက် မမြ[illegible] ဖြစ်လည်း မရပါ။

သူမအလှက အဝေးကမြင်ရုံနှင့်သာ ပေါ်လွင်ထ[illegible] လွန်းသည့် ထူးကဲလှသော အလှမို့ မိုးထက်သည် သူမ ပန်း[illegible] ဆိုတာ သိလိုက်ခြင်းဖြစ်သည်။

ဝင်းဝါအိစက်နေသော အသားပေါ်တွင် ပန်းသွေး[illegible] တောက်တောက် ထက်အောက်ဝတ်စုံလေးနှင့် သိပ်လှနေသော[illegible] နှင့် ယောကျ်ားပီသကာ ချော်မောသော မင်းသွေးဆိုသည့်[illegible] ကြည့်ရသည်မှာ မသိပါက သူတို့နှစ်ဦးသည် ဘာလိုလို[illegible]

ကြည့်ရတာ ပန်းသခင်နှင့် မင်းသွေးတို့သည် ယ[illegible] လည်း ယခုလိုပင် ညနေခင်း လမ်းလျှောက်နေကျလား မသိ[illegible]

မိုးထက်သည် ထိုသို့တွေးမိလိုက်သည်နှင့်ပင် ရ[illegible] လှိုင်းထန်သွားရသည်။

ပန်းသခင် သူမ ဘယ်လိုမိန်းကလေးပါလိမ့်။ မင်း[illegible] သည် အိမ်ထောင်ရှိသည့် ယောကျ်ားတစ်ယောက်ဆိုတာကို[illegible]





[illegible] သိမှသိပါရဲ့လားမသိ။

တွေးရင်းက မိုးထက်က သွားများကို ခဲကြိတ်လိုက်[illegible]

ဖြစ်နိုင်လျှင် မိုးထက်သည် ပန်းသခင်ကို မင်းသွေးအနား [illegible]သက်ခွဲကာ သူ့ကားပေါ် ခေါ်တင်လာခဲ့ချင်ပေမယ့် တကယ် [illegible]တော့ သူသည် ထိုသို့မလုပ်ဖြစ်ပါ။

ရင်ထဲတွင် ဘာကို ခံရခက်ခက်ကြီးဖြစ်ရသည်မသိသော [illegible]ဖြင့် အံကိုသာ တင်းတင်းကြိတ်ထားလျက် မင်းသွေးနှင့် [illegible]ခင် တူယှဉ်တွဲလျှောက်လာသည့် အဖြစ်ကို မြင်နိုင်စွမ်းမရှိ[illegible] ထိုနေရာမှ ကားကို လိုသည်ထက်ပိုကာ ခပ်ကြမ်းကြမ်း [illegible]ထွက်လာခဲ့သည်က ပေါက်ကွဲချင်နေသည့် သူ့စိတ်ကို သူ [illegible]သိုက်ခြင်းသာဖြစ်ပါသည်။

တကယ်ဆို သူမအပေါ် သူ ဒေါသဖြစ်ရသည်က အခုမှ [illegible]ပါ။ လွန်ခဲ့သည့် နှစ်ကတည်းက ပန်းသခင်ကို မိုးထက် [illegible]ဖြစ်ရခြင်းဖြစ်သည်။

မိုးထက်သည် သူမနှင့်ပတ်သက်လို့ ခံစားရသည့် ထိုခံစား



www.burmeseclassic.com

www.burmeseclassic.com



မှုများကိုလည်း သူကိုယ်သူ မကြိုက်နှစ်သက်ပါ။

ခက်သည်က မခံစားဘဲလည်း နေလို့မရပါ။ ပန်းသခင်ဆိုသည့် သူမသည် သူ့ခန္ဓာကိုယ်ထဲက အစိတ်အပိုင်းတစ်ခုလို ဖြစ်နေရသည်ကိုလည်း မိုးထက် သူကိုယ်သူသာ သိပါသည်။

ထို့အတွက် မိုးထက် နောင်တရမိပါသည်။ နောင်တနှင့်အတူ မိုးထက်သည် ပန်းသခင်နှင့် မပတ်သက်ဖို့ကိုလည်း သူ့ကိုယ်သူ ချုပ်တည်းခဲ့သည်။

ထိုသို့ ချုပ်တည်းသည့်ကြားက မိုးထက် သူ့ကိုယ်သူမှ သတိမထားမိခင် သူ့ခြေလှမ်းများက သူမရှိရာနေရာဆီသို့ အလိုလိုဦးတည်နေတတ်သည်က ဘာကြောင့်မှန်းလည်း မိုးထက် မသိတော့။

သူ့ကိုယ်သူ မိုးထက် ပြန်၍သတိထားမိသည့်အချိန်မှာတော့ သူ့ကားလေးသည် ပန်းသခင်ရှိသည့် အိမ်ရှေ့မှနေ ခေါက်တုန့်ခေါက်ပြန် မောင်းနေမိသည့်အဖြစ်။

ပန်းသခင်အိမ်ကို ကြည့်လိုက်ပြန်တော့ သူမအိမ်တံခါးသည် ပိတ်ထားပြီဖြစ်သည်။



သူမအိမ်တံခါး ပိတ်ထားတာမြင်တော့မှ မိုးထက့်ရင်ထဲ ...ဲစိတ်အေးသလို ရှိသွားရကာ ကားကို အိမ်သို့ ပြန်မောင်း ...ခဲ့သည်။

ကားမောင်းနေရင်း လမ်းတစ်လျှောက်တွင်လည်း ...င်၏ လှပသောမျက်နှာလေးက သူ့မျက်ဝန်းအိမ်ထဲ တရေး ...သောင်လျက်ရှိနေရသည်။

တစ်ဆက်တည်း မိုးထက်သည သူ့ကိုယ်သူလည်း ပြန်၍ ...သည်။

သူ ပန်းသခင်ကို တကယ်ပဲ မချစ်ခဲ့ဘူးလားဆိုတာ ... တိကျရေရာစွာ ရှိမလာပါ။

ဒါဖြင့် သူ ပန်းသခင်ကို မုန်းသလား။

ဟင့်အင်း...ဒီလိုတော့ဖြင့်လည်း သူ ပန်းသခင်ကို မမုန်း ...မုန်းမှတော့ဖြင့် သူ ပန်းသခင်ကို ချစ်နေသည်ပေါ့။

သည်လိုဆိုပြန်တော့လည်း မိုးထက်သည် ယောကျ်ားမာန ...သ မချင့်မရဲစိတ်တွေနှင့် ဝန်မခံချင်ပါ။

တကယ်တော့ ပန်းသခင်နှင့်သူဆိုတာ ယခုမှသိကျွမ်းရ

www.burmeseclassic.com

www.burmeseclassic.com



သည့် လူများမဟုတ်သလို တစ်ယောက်ဘဝထဲ တစ်ယောက်ဝင်ပြီး ကြီးစားခဲ့သည့် လူနှစ်ဦး။

လူကြီးမိဘတွေရဲ့ ဆန္ဒအရပဲဆိုဆို၊ မိုးထက်နှင့် ပန်းသခင်သည် ခွဲစပ်ခဲ့သူများပင်။

အကြောင်းမတိုက်ဆိုင်၍ နှစ်ဦးသား မာနတွေ ကိုယ်စီနှင့် စေ့စပ်ပွဲပျက်ခဲ့ရသည်ကလည်း နှစ်ဦးစလုံးအတွက် အဖြစ်မကောင်းပါပေ။

သည်အဖြစ်တွေအတွက်လည်း သူတို့နှစ်ဦး၏ရင်ထဲတွင် ခံစားမှုတွေ ရှိကြသည်က အမှန်ဖြစ်သည်။

သူ့ခံစားမှုက သူမအပေါ် မချင့်မရဲ အသည်းယားစွာ ဖြစ်ရသည့် ခံစားမှုဖြစ်သော်လည်း မိန်းကလေးဖြစ်သည့် သူမခံစားမှုကတော့ သူ့ထက်ပိုလိမ့်မည်ထင်ပါသည်။

ထိုနှစ်များအတွင်း သူမဖခင်ကြီး ကွယ်လွန်ခဲ့သလို သူ သည်လည်း ဘဝကို တစ်ယောက်တည်း ရပ်တည်ခဲ့ရရှာသည်။

ဖေးမကူကာ အားပေးချင်ပေမယ့် ပန်းသခင်သည် လက်ခံ မည်မဟုတ်ဆိုတာကို သိသလို သူကိုယ်တိုင်ကလည်း သူမအပေါ်

ယောကျ်ားမာနနှင့် အောက်မကျို့နိုင်ပါ။

ထို့ကြောင့်လည်း မိုးထက်သည် ပန်းသခင်ကို သူနည်း သူဟန်နှင့်ပင် အဝေးက စောင့်ရှောက်ခဲ့သူဖြစ်သည်။

နောက်ဆုံး သူသည် ပန်းသခင်ကို သူရှိရာနေရာတွင် ရှိနေစေရန်အတွက် သူမအလုပ်ကိုပင် သူသည် ဒီရောက်အောင် ပြောင်းရွှေ့ယူခဲ့ခြင်းဖြစ်သည်ကိုတော့ သူမလေး သိလိမ့်မည်မဟုတ်ပါ။

သူဖြစ်စေချင်သည့်အတိုင်း ပန်းသခင် သူ့မျက်စိရှေ့ကို ရောက်ခဲ့ပြီဆိုပေမယ့် မိုးထက်သည် ပန်းသခင်ကို နည်းနည်းမှ ခိတ်မချနိုင်ပါ။

အလုပ်တွေနှင့် မအားလပ်သည့်ကြားက မိုးထက်သည် ပန်းသခင်ရှိရာကိုလည်း အမြဲလိုလိုရောက်ရှိလာတတ်ပြီး သူမမျက်နှာ လေးကို အဝေးကနေ မသိမသာ ခိုးကြည့်နေတတ်သူလည်းဖြစ် သည်။

ထိုသို့ သူ ဂရုတစိုက် ကြည့်နေသည့်ကြားက ပန်းသခင် ကို မင်းသွေးနှင့်အတူ ယှဉ်တွဲတွေ့လိုက်ရပြန်တော့ မိုးထက်နှလုံး





www.burmeseclassic.com

www.burmeseclassic.com



သားတွေက နာကျင်ရသည်မဟုတ်ပါလား။

ဖြစ်နိုင်လျှင် မိုးထက်သည် ပန်းသခင်ကို သူမဟုတ်သည့် အခြားဘယ်ယောကျ်ားတစ်ယောက်နှင့်မှ မမြင်လို၊ မတွေ့လိုပါ။

ပန်းသခင်ကို ချစ်လားဆိုတာ သူဝန်မခံသော်လည်း သူမကိုတော့ မိုးထက်သည် ဘယ်ယောကျ်ားတစ်ယောက်နှင့်မှ မမြင်ချင်သည်က သူ့အတ္တပင်ဖြစ်ပါလိမ့်မည်။

မိုးထက်သည် အိပ်ခန်းထဲ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေရာမှ သူသည် အိပ်ရာထဲ ဝုန်းခနဲ ပစ်ဝင်အိပ်လိုက်ပြီးနောက် မျက်ဝန်းအစုံကို- မှိတ်ပစ်လိုက်သည။

ထိုအခါမှ ပိုဆိုးသွားရသူက မိုးထက်ဖြစ်သည်။ အိမ်ကြီးတစ်လုံးထဲတွင် တစ်ယောက်တည်း အထီးကျန်ဆန်လျက် တစ်ခါတစ်ရံလည်း ငိုကြွေးနေတတ်မည့် ပန်းသခင်ကို မိုးထက် မငိုဖို့ ချော့မော့ကာ နှစ်သိမ့်အားပေးလိုက်ချင်ပါသည်။

ထို့အတူ အဖော်မဲ့နေရှာမည့် သူမအတွက်လည်း အားပေးဖော်အဖြစ် သူမဘေးတွင် ရှိချင်ပါသည်။

သို့သော်...





ပန်းသခင်သည် လက်ခံလိမ့်မည်မဟုတ်။

ပန်းသခင်၏မာနကို မိုးထက် သိနေပြန်တော့ ရင်ထဲ ...သွားရပြန်သည်။

'ပန်းသခင်ရယ် ပြောသင့်လို့မပြောတဲ့ မင်းရဲ့အကြိုးကို မောင် ...လိုရင်ဆိုင်နိုင်မှာတဲ့လဲဗျာ' ဟုသာ စိတ်မှာ ထပ်ခါဆိုရင်း ...သခင်၏ လှပသော မျက်နှာလေးကို သူ တမ်းတမြင်ယောင် ...တော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## **အခန်း (၆)။**

မန္တလေးတောင်ကို ပန်းသခင် တက်ချင်ခဲ့သည်မှာ ကြာပြီ ဖြစ်သည်။

တက်ရန်လည်း စိတ်ကူးခဲ့ပါသည်။

သို့သော် တကယ် မန္တလေးတောင်ကို တက်ဖြစ်သည့် အခါမှာတော့ သူမထင်ထားသည့် မင်းသွေးနှင့်မဟုတ်ဘဲ သူမ ဘယ်လိုမှ မထင်ထားခဲ့သည့် ခွန်မင်းလတ်နှင့်ဖြစ်နေလေသည်။

ပန်းသခင်သည် မန္တလေးတောင်ကို ခြေလျင်တက်ချင် သည်ဆိုသောကြောင့် ခွန်မင်းလတ်သည်လည်း ပန်းသခင်ဆန္ဒ အတိုင်း သူပါ ခြေလျင်တက်ခဲ့လေသည်။

မန္တလေးတောင်သည် အနည်းငယ် မတ်စောင်းသလိုရှိ



www.burmeseclassic.com

www.burmeseclassic.com

သေမယ့် ပန်းသခင်သည် မောရမှန်းမသိပါ။

တောင်ပေါ်အမြင့်ပိုင်းရောက်လာလေလေ တောင်ပေါ်မှ
ဆီးမြင်နေရသည့် မန္တလေးမြို့ရှုခင်း၏ အလှကိုသာမက အနီးအ
မှာရှိသည့် မြို့များ၏ သဘာဝဆန်သော ရှုခင်းအလှများကို
မြင်ရသည်မို့ ပန်းသခင်သည် တသုန်သုန်တိုက်ခတ်နေသည့် လေ
အေးများကို ရှူရှိုက်ရင်း ကလေးတစ်ယောက်လို သဘောတ
နေရတော့သည်။

ကြည့်စမ်းပါဦးတော့…။

တောင်ပေါ်မှနေ ဘယ်နေရာ ကြည့်လိုက်ကြည့်လို
စိမ်းစိုလှပနေသည့် ရှုခင်းအလှများက မြင်ရသူရင်ကို လွမ်းရို
စေရသည့်အဖြစ်။

အလွမ်းဓာတ်ခံမရှိသည့် လူများပင် လွမ်းအားပိုစေရ
သဘာဝဆန်သည့် အလှများကိုကြည့်ပြီး အလွမ်းဓာတ်ခံရှိသ
ပန်းသခင်သည် အလိုလိုပင် မျက်ရည်များ ဝေသီချင်လာရသည
အနားမှာ လူသာမရှိပါလျှင် ပန်းသခင်သည် ငိုမိလေမလ
ပင် မသိပါ။



"ပန်းသခင် မောနေပြီလား"

သူမကို ဂရုတစိုက်နှင့် ငုံ့မိုးစိုက်ကြည့်ကာ မေးနေသော
ခွန်မင်းလတ်ကို ပန်းသခင်သည် ခပ်ငေးငေးလေး ပြန်ကြည့်ရင်းက

"မောတယ်လို့လည်း မဟုတ်ပါဘူး၊ ဒီကနေ လှမ်းမြင်
နေရတဲ့ ရှုခင်းအလှကို ပန်းသခင် ကြည့်နေတာပါ"

"ဟုတ်တယ် ပန်းသခင်၊ ကြည့်စမ်းပါဦး၊ ဒီနေရာက
လှမ်းကြည့်လိုက်ရင် ကြည့်လိုက်တဲ့နေရာတိုင်း လွမ်းမောစရာတွေပဲ၊
ပန်းသခင်ရော မလွမ်းဘူးလား"

လွမ်းဖို့အလွမ်းပင် လက်ကျန်မရှိတော့ပါဆိုသည့် စကား
ကိုတော့ ပန်းသခင်သည် ခွန်မင်းလတ်အား မပြောတော့ပါ။

ပြောရန်လည်း မသင့်။

အနားမှာရှိနေသူသည် တစ်ချိန်က သူမရင်မှာ နင့်နင့်
သည်းသည်းချစ်ရသည့် ချစ်သူဆိုတာ ပန်းသခင် မေ့ထား၍မရပါ။

ပန်းသခင်သည် မှုန်းကြုပ်ကာ ထွက်ပေါက်မရှိတော့
လောက်အောင် ခံစားနေရသောအခါ ပျော်ရွှင်ခြင်း လွတ်လပ်မှု
တွေကို ရင်မှာ ပို၍တမ်းတမိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းသခင်ရင်ကို ပျော်ရွှင်ချမ်းမြေ့အောင် ဖန်တီးပေးနိုင်မည့်သူသည် ဘယ်သူဆိုတာကိုဖြင့် ပန်းသခင်ကိုယ်တိုင်မသိပါ။

ထိုခဏမှာတော့ ပန်းသခင်သည် တစ်စုံတစ်ယောက်သောသူကို မျက်ဝန်းထဲ ဖျတ်ခနဲ မြင်ယောင်မိလိုက်၏။

မဖြစ်နိုင်ပါ။

သူနှင့်ပန်းသခင်ဆိုတာ အရှေ့နှင့်အနောက်ပမာ ဝေးကွာစည်းခြားထားသလို ရှိနေသည့် လူတွေပဲလေ။

"ပန်းသခင်"

"ဟင်…ရှင်"

"အဟွန်း…ကိုယ်ခေါ်နေတာ ကြာပြီ၊ ပန်းသခင် ဘာတွေတွေးနေတာလဲ"

ခွန်မင်းလတ်အမေးကြောင့် ပန်းသခင် ရှက်ပြုံးလေးနှင့် ပြုံးမိသွားရပြီး…

"ဘာရယ်မဟုတ်ပါဘူး ကိုခွန်မင်းလတ်ရယ်၊ ပန်းသခင်လည်း ဟိုတွေးဒီတွေးပါပဲ"

"ဟောဗျာ…ပန်းသခင်စကားကလည်း အဆန်းပါပဲ… ကဲ ပြောပါဦး ဘာတွေများ ဟိုတွေးဒီတွေး တွေးနေရတာလဲဗျာ"

"ကိုခွန်မင်းလတ်ကလည်း"

ပန်းသခင်သည် ကလေးတစ်ယောက်နှယ် ရှက်သွားရသည်။

ဒါကိုကြည့်ပြီး ခွန်မင်းလတ်မှာ သဘောတကျနှင့် ဟားဟားရယ်မောလိုက်ပြီး…

"ပန်းသခင်ရယ် မင်းလေးရဲ့ ရှက်တတ်ပုံ ဟန်အမူအရာတွေက ကိုယ့်မျက်စိထဲမှာ ဘာတစ်ခုမှ မပြောင်းလဲသေးပါဘူးဗျာ"

"အို"

ဆယ်ကျော်သက်အရွယ် ချစ်ခဲ့ကြသည့် တစ်ချိန်က အချစ်လေးများကို ခွန်မင်းလတ်ရော ပန်းသခင်ပါ သတိတရ ရယ်ရှိသွားကြသည်။

ထိုခဏမှာတော့ ပန်းသခင်နှလုံးသားလေးသည် တစ်စုံတစ်ရာ၏ ပြုစားမှုအောက်တွင် ညွတ်နူးသွားရသလို ရင်ဝယ်သိမ့်

www.burmeseclassic.com

www.burmeseclassic.com



သိမ့် လှိုက်ဖြာသွားရသည်။

"မောသေးလား ပန်းသခင်"

"ဟင့်အင်း"

ပြုံးလျက် စိုက်ကြည့်မေးလာသော ခွန်မင်း

ပန်းသခင်၏ ဖြေသံလေးကြောင့် သူ့မျက်နှာချောချော

ပို၍ကြည်လင်တောက်ပသွားရပြီး...

"ပန်းသခင်"

"ရှင်"

ခွန်မင်းလတ်သည် ပန်းသခင်နာမည်ကိုခေါ်က

မပြောဘဲ သူမမျက်နှာကို မျက်ဝန်းညိုအစုံနှင့် အတန်ကြာ

ကြည့်နေသည်။

ပန်းသခင်မှာ သူ့အကြည့်များကြောင့် အနေခက်

ရှိသွားရပြီး...

"လူကို နာမည်ခေါ်ပြီး ဘာလို့ ဒီလောက်စိုက်ကြည့်

တာလဲ၊ ပန်းသခင် မနေတတ်တော့ဘူးသိလား"

"ပန်းသခင်ရယ်"





ခေါင်းလေးငုံ့ မျက်နှာလေးလွှဲရင်းက ရှက်သွေးဖြာစွာ ဆိုလိုက်သည့် ပန်းသခင်ကို ခွန်မင်းလတ် နှုတ်ခမ်းကို တင်းတင်း စေ့၍သာ ကြည့်နေမိတော့သည်။

အတန်ကြာ ကြည့်နေပြီးမှ...

"ကိုယ့်ကို အခွင့်အရေးသမားတစ်ယောက်လို့တော့ ပန်းသခင် မမြင်စေချင်ဘူး၊ ဒါပေမယ့် ကိုယ့်ရင်ထဲက စကားတွေ ကိုလည်း ဖွင့်မပြောဘဲ မနေနိုင်ဘူး ပန်းသခင်၊ တကယ်တော့ ကိုယ်ဟာ ပန်းသခင်နဲ့ မထိုက်တန်တော့မှန်း သိပါတယ်၊ သိပေ မယ့်လည်း ပန်းသခင်ရယ်၊ ကိုယ့်ရင်ထဲက စကားတွေကို ကိုယ် ဘယ်လိုမှ မထိန်းချုပ်နိုင်ဘူး၊ အဲဒါ ဘာလဲဆိုတော့ ပန်းသခင်ကို ကိုယ် ဒီနေ့ဒီအချိန်ထိ ချစ်နေဆဲဆိုတာပါပဲ"

"အို"

ပန်းသခင်ပါးပြင်လေး ထူပူသွားရသည်။

"ကိုယ့်ကို အခွင့်အရေးသမားလို့ ထင်သွားပြီလား ပန်းသခင်"

"အဲလိုရယ်လို့ ပန်းသခင်မထင်ပါဘူး ကိုခွန်မင်းလတ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ပန်းသခင်၊ ကိုယ့်ကို နားလည်ပေး
အတွက် ကိုယ့်နှလုံးသားထဲမှာ ပန်းသခင်ဟာ ခုချိန်ထိ နေရာ
ထားဆဲဆိုတာကိုတော့ ပန်းသခင် ယုံပါ"

"ကိုခွန်မင်းလတ်ရယ်"

မုန်း၍ လမ်းခွဲခဲ့သည်မဟုတ်သော ချစ်သူနှစ်ဦးအတွ
ခွန်မင်းလတ်၏ စကားများသည် ပန်းသခင်နှလုံးသားကို ထိုး
နာကျင်စေရလေသည်။

"ပြောပါဦး ပန်းသခင်၊ ကိုယ့်အပေါ် ပန်းသခင် အ
ကလိုပြန်ပြီး သဘောထားနိုင်မလားဆိုတာ"

"ပန်းသခင် ဘာမှမဖြေပါရစေနဲ့ဦး ကိုခွန်မင်းလ
ပန်းသခင်ကို အချိန်ပေးပါ၊ ဒါဟာလည်း ကိုခွန်မင်းလ
ပန်းသခင် မထိုက်တန်တော့လို့ မဟုတ်ပါဘူး၊ တကယ်တ
အချစ်မှာ ပိုတယ် အိုတယ်ဆိုတာ မရှိပါဘူး ကိုခွန်မင်းလ
ဒါပေမယ့် ပန်းသခင်ကို စဉ်းစားဖို့ အချိန်နည်းနည်းတော့ ပေး
နော်"

"ပန်းသခင်ရယ်...ပန်းသခင်ဆီက ဒီစကားကြားရ





ောင် ကိုယ်ကျေနပ်နေပါပြီဗျာ၊ စဉ်းစားပါ ပန်းသခင်၊ စဉ်းစား
ါ၊ ကိုယ်တစ်ခုပဲပြောချင်တာက ကိုယ့်မေတ္တာဟာ ပန်းသခင်
ပေါ်မှာ ဘယ်တော့မှ မပြောင်းလဲဘူးဆိုတာတော့ ပန်းသခင်
ကြည်ပေးဖို့ပါပဲ"

"ယုံပါတယ် ကိုခွန်မင်းလတ်ရယ်၊ ပန်းသခင်လေ
ဘာကမ်ရဲ့ အပြောင်းအလဲတွေကို အမျိုးမျိုးခံစားရပြီးကတည်းက
ယ်စကားကိုမှ အလွယ်တကူ မပြောရဲတော့တာ ကိုခွန်မင်းလတ်
းလည်ပေးပါ"

တစ်ချိန်က အဖြစ်များကို သတိရသွားကာ ပြောရင်းက
သံလေး တိမ်ဝင်သွားသည့် ပန်းသခင်ကို ခွန်မင်းလတ်သည်
င်ဝယ် ထိနိုက်ခြင်းများစွာနှင့် ကြည့်ရင်းက...

"ပန်းသခင်ဘဝမှာ ပန်းသခင်ကို နားလည်ပေးနိုင်ဆုံး
ူက ကိုယ်ပါပဲ ပန်းသခင်"

"ကိုခွန်မင်းလတ်ရယ်"

သြော်...ချစ်ပေမယ့်လည်း ချစ်သောသူနှင့် ပေါင်းဖက်
ွင့်မရသည့်ဘဝ။ မဆုံနိုင်တော့ပြီဟု ထင်ထားပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဆုံတွေ့ခွင့်ရသည့် အခြေအနေ။

ထံကြမ္မာသည် ဘာကိုမှ ကြိုတွက်ထားလို့မရပါ။ လူရယ်လို့ ဖြစ်လာသည့်ခဏမှာ ကံကြမ္မာ၏ စေခိုင်းရာအတိုင်း အကျိုးအကောက် အလှည့်အပြောင်း ချစ်ခြင်း မုန်းခြင်း၊ နာကြည်းခြင်း၊ ပျော်ရွှင်ခြင်းတွေနှင့် လောကဇာတ်ခုံမှာ ပန်းသခင်တို့လူသားတွေသည် အလိုက်သင့် ကနေရသည်မို့ ပန်းသခင်နှင့် ခွန်မင်းလတ်သည်လည်း။

◆ ◆ ◆



## အခန်း (၇)

''ဆရာ မလာလို့နဲ့တူတယ်၊ ဆရာကတော်ကိုယ်တိုင် ...လာပါလား''

''အဟင်း...ဟင်း ဟုတ်တယ် ညီမရေ၊ မင်းတို့ဆရာ ...ကို မမ မလိုက်လာရင် မဖြစ်တော့တဲ့ အခြေအနေမို့ ...လာရတာ၊ သိတယ်မဟုတ်လား၊ တချို့ကလည်း မိန်းမကြီး ...သိပါရက်နဲ့ ကိုယ့်ရုပ်ရည်ကိုမှမထောက် မြူဆွယ်ချင်ကြသေး ...လေ''

ရုံးခန်းထဲသို့ ခြေချမိသည်ဆိုရင်ပဲ နားထဲသို့ တိုးဝင်ရိုက် ...လာသည့် အသံကြောင့် ပန်းသခင် လှမ်းလက်စခြေလှမ်းများ ...ရပ်တန့်မတတ်ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပန်းသခင် ဒီနေ့စောတယ်နော်"

"ဟုတ်တယ် မင်းသွေး"

သူမအား အပြုံးနှင့် နှုတ်ဆက်စကားဆိုလာ
မင်းသွေးကို ပန်းသခင်သည်လည်း ပြန်၍နှုတ်ဆက်လိုက်သ

ပန်းသခင်သည် သူမအလုပ်စားပွဲတွင် ဝင်ထိုင်လို
သည်။

"ပန်းသခင်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ တို့နေ
စုမီတဲ့၊ စုမီ ဒါ ပန်းသခင်"

"အဟင်း...နာမည်ကတော့ စုမီတို့က ကြိုကြားထား
သားပါနော်၊ လူကိုတော့ ခုမှပဲမြင်ရတော့တယ်၊ မိန်းမတစ်ယော
လုံး ရှိနေတာတောင် မိန်းမရှိတဲ့အနား ပြန်မလာနိုင်အောင် မော
ဆွဲခေါင်ထားတာ အဲဒီအလှကြောင့်ကိုး"

"ဟင်"

"စုမီ"

ရုတ်တရက် အရှိက်ကို ထိုးချလိုက်သလို ဆိုလိုက်သ
စုမီ၏စကားကြောင့် ပန်းသခင်သည် ရှက်စိတ်နှင့် ကြောင်သွား



လေသည်။

သည်နောက် မျက်နှာတစ်ပြင်လုံး ပန်းသွေးရောင်တောက်လာကာ လူက ထူပူလျက် နေရာမှာပင် လူက အရုပ်ကြိုးပြတ်လို ဖြစ်သွားရသည်။

"စုမီ...မင်းစကားကို ဘယ်လိုပြောနေတာလဲ"

"အို...စုမီပြောတာအမှန်ပဲ မောင်၊ မိန်းမတစ်ယောက်လုံး မေ့ထားပြီး ဒီမိန်းမနား ကပ်နေရအောင် မောင့်ကို သူက ဘယ်လောက်ဆွဲခေါင်ထားမှန်းမှ မသိတာ"

"အို"

"တော်စမ်း မင်းဟာ ပြောလေဆိုးလေဆိုတဲ့ မိန်းမပါလား စုမီ၊ မင်း မင်း ငါ့ကို အရှက်ကောင်းကောင်းကြီး လာခွဲနေတာလား"

"ဒီကိစ္စ မောင် မရှက်ရပါဘူး၊ ရှက်ချင်းရှက် ဟိုမိန်းမ"

"မင်း"

"ပန်းသခင် ပန်းသခင်"

ပန်းသခင်သည် စုမီ၏စကားများကို ဆက်လက်ကြားနိုင်

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်းစိုနေသော၊ ရှက်စိတ်၊ ကြောက်စိတ်များနှင့်အတူ ဇော်ကား ရက်ဖော်ခြင်းဆိုသည့် စိတ်များနှင့် အသားများ တဆတ်ဆတ်တုန်ထသည်အထိ မျက်လုံးများ ပြာဝေလာရသည်မို့ ပန်းသခင်သည် သူမကိုယ်သူမ သတိမထားနိုင်ခင် နေရာမှ ချာခနဲ လှည့်ပြေးခဲ့လိုက်သည်။

သို့သော် သူမခြေလှမ်းတွေသည် ထင်သလောက် ရွေ့လျားမည်မဟုတ်မှန်းကိုလည်း ပန်းသခင် သိနေလေ၏။

အားတင်းကာ မျက်စိကိုမှိတ်လျက် ပြေးလာသော ပန်းသခင် တစ်နေရာအရောက်မှာတော့...

"အင့်"

ပန်းသခင်သည် လူတစ်ယောက်ကို အရှိန်နှင့် ဝင်တိုက်လိုက်မှန်းသာ သိလိုက်ပါတော့သည်။

သည်နောက်မှာတော့ ပန်းသခင်သည် အမှောင်ကမ္ဘာကြီးထဲကို ခဏတာ ရောက်ရှိသွားရတော့သည်။

မိုးထက်မှာ သူ့ရင်ခွင်ထဲ အရှိန်ဖြင့် ရောက်ရှိလာသည့် ပန်းသခင်ကိုကြည့်ပြီး ထိတ်လန့်တုန်လှုပ် စိုးရိမ်ခြင်းတွေနှင့်

...လိုက်သည်ဆိုရင်ပင် ပန်းသခင်သည် သူ့ရင်ခွင်ထဲတွင် သတိ...နေရပြီဖြစ်သည်။

"ဟာ"

"ပန်းသခင်...ပန်းသခင်"

ပန်းသခင်ကိုယ်လေးကို မိုးထက်သည် ဘယ်လိုပင် ...ခါခေါ်ပါသော်လည်း ပန်းသခင်သည် သူ့ရင်ခွင်ထဲတွင် ...လိုမှ သတိမရတော့ပါ။

"ပန်းသခင်...ပန်းသခင် ဘာဖြစ်သွားတာလဲ ...သက်"

"မသိဘူး၊ ကျွန်တော့်ကိုဝင်တိုက်ပြီး သူသတိလစ်သွား...ပဲ"

မင်းသွေးသည် မိုးထက်လက်ထဲက ပန်းသခင်ကိုယ်လေး... ပြောင်းယူရန် ပြင်လိုက်တော့...

"မောင်နော်...ဒီမိန်းမကို မောင် ထိစရာမလိုဘူး၊ ...ရင် ... စုမီနဲ့အသိပဲ"

စူးခနဲထွက်လာသည့် စုမီဆိုသည့် အမျိုးသမီး၏ စကား

www.burmeseclassic.com

က ပန်းသခင်ကိုယ်စား မိုးထက်ကို နာကျင်သွားစေရပါသည်။

မင်းသွေးသည် စုမီအား စူးခနဲကြည့်ရင်းက…

"အဆင့်အတန်းမရှိတဲ့မိန်းမ"

"ဖြန်း"

"ဟင်…ကြည့်စမ်း၊ ဒါ ရှင့်ကောင်မကိုထိတော့ နာတ

ပေါ့လေ၊ သေချာပါပြီ ရှင်နဲ့ဒီကောင်မ ဖြစ်နေတယ်ဆိုတာ၊ သူ့ို

က လူပြန်ဟစ်လို့၊ တွေ့မယ် ရှင် စုမီအကြောင်းသိစေရမယ်

အဟင့်…ဟင့်"

စော်ကားရက်လေခြင်း၊ စော်ကားခံလိုက်ရပြီဆိုသော စိတ်

အတွေးနှင့် ပန်းသခင် ဘာကြောင့် ဒီလောက်ထိ ဖြစ်သွားရသည်ကို

မိုးထက် နားလည်သွားရသည်။

သည်နောက် သို့ရင်ခွင်ထဲတွင် သတိလစ်နေသည့်

ပန်းသခင်ကိုယ်လေးကို မိုးထက် ပွေ့ယူချီမရင်းက ဆေးခန်းတစ်

ဆီသို့ ထွက်လာခဲ့လိုက်သည်။

နောက်ပိုင်းတွင် မင်းသွေးနှင့်သူ့ဇနီး ဘယ်လိုကျန်ခဲ့မည်

ကို မိုးထက် မစဉ်းစားတော့ပါ။



စဉ်းစားရန်လည်း မလို။

သူ့စိတ်တွေ စိုးရိမ်ပူပန်နေရသည်က ပန်းသခင်အတွက်ပဲ

ဖြစ်သည်။

သနားစရာကောင်းလွန်းတဲ့ ပန်းသခင်။

ကြည့်စမ်းပါဦး မိန်းမပျိုလေးတစ်ယောက်အနေနှင့် သူမ

ဘယ်လောက်များ ရှက်ရွာလိမ့်မည်လဲဆိုတာ။

သည်လောက်ထိ သတိလက်လွတ်ဖြစ်သွားရခြင်းက သူမ

ရင်ထဲ နည်းနည်းနောနော ခံစားမှုမဟုတ်ဆိုတာ မိုးထက် တွေးယူ

သို့ ရနေသည်ပဲလေ။

မိုးထက်သည် ပန်းသခင်ကို ရုတ်တရက် ဘယ်ခေါ်သွား

ရမှန်းမသိ။ နောက်မှသတိရကာ ပန်းသခင်ကို သူ့သူငယ်ချင်း

ဒေါက်တာအောင်ခိုင်ဆေးခန်းသို့ ခေါ်လာခဲ့လိုက်သည်။

ထိုအချိန်ထိ ပန်းသခင်မှာ သတိမရသေး။

မိုးထက်သည် ပန်းသခင်ကို ဆေးခန်းထဲသို့ ပွေ့ယူချီမ

ခေါ်လာသည်ကို ဒေါက်တာအောင်ခိုင် မြင်သည်နှင့်…

"ဟာ…မိုးထက် ဘယ်လိုဖြစ်လာတာလဲ"

www.burmeseclassic.com



"အဲဒါ နောက်မှမေး အောင်နိုင်၊ အခု ပန်းသခင်
မင်းအရင်စမ်းသပ်ပေးဦး"

မိုးထက်သည် ပန်းသခင်ကို လူနာစမ်းသပ်ခုတင်ပေါ်
ရင်းက ပန်းသခင်အတွက် စိုးရိမ်ပူပန်စွာ ဆိုလိုက်လေသည်။

"အေးပါကွာ စမ်းသပ်ပါ့မယ်၊ ဒီလောက်ထိ သတိ
လာအောင် ဘာများဖြစ်လာလို့လဲ ကွ"

"ဟိတ်ကောင် မင်းထင်ရာတွေ လျှောက်ပြောဖို့
မစဉ်းစားနဲ့နော်၊ သူက ရိုးရိုးသတိလစ်တာကွ"

"အေးပါကွာ၊ ဘယ်သူကရော ဆန်းတယ်ပြော
မင်းက မလုံမလဲ ဖြစ်နေရတာလဲ"

"အောင်နိုင် မင်း သူ့ကိုကုမှာလား"

"အေးပါကွာ...နည်းနည်းတော့ စိတ်ရှည်ဦးမှပေါ့၊
ဒီလောက်စိတ်ပူနေပုံထောက်တော့ မင်းနဲ့သူ"

"အောင်နိုင်"

မျက်နှာထားတည်တည်ကြီးနှင့် ဆိုလိုက်သည့် သူ့အ
မာမာကြောင့် ဒေါက်တာအောင်နိုင်သည် ဘာစကားမှမဆိုတော့





ပန်းသခင်အား လိုအပ်တာများ စမ်းသပ်နေတော့သည်။

မိုးထက်မှာ သွေးမရှိတော့သလို ဖျော့တော့နေသော ပန်းသခင်မျက်နှာလေးကိုကြည့်ပြီး ရင်ဝယ် သနားကြင်နာမှုများ တိုးနေရတော့သည်။

ဒေါက်တာအောင်နိုင်မှာ ပန်းသခင်အတွက် လိုအပ်သည့် စမ်းသပ်မှုများ လုပ်ပေးပြီးသည်နှင့်...

"ဘာမှစိတ်ပူစရာမရှိပါဘူး၊ တစ်ခုခုကို စိတ်လှုပ်ရှားပြီး ရုတ်တရက် ရှော့ခ်ဖြစ်သွားတာ၊ ဒါမျိုးတွေက အနည်းနဲ့အများ ဖြစ်တတ်ပါတယ်၊ မကြာခင် သူ သတိရလာတော့မှာပါ"

ပန်းသခင် မကြာခင် သတိပြန်ရလာပါမည်ဆိုနေပေမယ့် မိုးထက်မှာ သူမအတွက် စိတ်မအေးနိုင်သေးပါ။

ဖြူဖျော့နေသော မျက်နှာနွမ်းနွမ်းလေးကို မိုးထက်သည် စိုးရိမ်စိတ်မချမှုတွေနှင့်သာ မျက်တောင်မခတ်တမ်း ကြည့်နေမိသည်။

သည်လောက် ဝေဒနာသောကတွေ ခံစားနေရသည့်ကြား က အလှပျက်မသွားသော ပန်းသခင်ကို မိုးထက် စိုးရိမ်စိတ်မျ ရင်ခုန်ခြင်းများစွာနှင့် စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကြည့်နေဆဲမှာပင် ပန်းသခင်သည် ကိုယ်လေးတစ်ချက် လွန့်လူးလာကာ မျက်ဝန်းလေးအစုံ ဖျတ်ခနဲ ပွင့်လာရသည်။

ပန်းသခင်သည် သတိပြန်ရသည်ဆိုရင်ပဲ လူနာစမ်းသပ်ခုတင်ပေါ်မှ သူမကိုယ်လေးကို ဆတ်ခနဲ ထထိုင်လိုက်သည်။

"ဟာ...ဖြည်းဖြည်းလေကွာ၊ ဖြည်းဖြည်း၊ လူက ခုမှ သတိရခါစပဲ ရှိသေးတာ၊ ဖြည်းဖြည်းလုပ်မှပေါ့"

ပန်းသခင်သည် ယခုမှ ဦးမိုးထက် သူမအနားတွင် ရှိနေသည်ကို သတိထားမိသွားရကာ...

"ဟင် ရှင် ပန်းသခင်၊ ပန်းသခင်၊ ဒီကိုဘယ်လိုလုပ်ရောက်လာတာလဲ"

"မင်းသတိလစ်သွားလို့ ကျုပ် မင်းကို ဒီခေါ်လာတာ"

"အို"

ပန်းသခင်သည် ထိုအခါမှ သူမအဖြစ်ကို သူမ သတိရသွားပြီးနောက် ချက်ချင်းလိုပင် မျက်နှာလှလှလေး ညှိုးမှိုင်းလျက် ကြေကွဲထိခိုက်သွားရပြီး...

"ပန်းသခင် အိမ်ပြန်ချင်တယ်"



"ရတယ်လေ၊ ကျုပ် လိုက်ပို့ပေးမယ်"

"ဟင့်အင်း...ပန်းသခင် ရှင့်ကားနဲ့ မလိုက်ချင်ဘူး၊ ...သခင်ကို ပြန်ပို့ဖို့ တစ်ခုခုစီစဉ်ပေးပါ"

မျက်ရည်များပြည့်နေသော မျက်ဝန်းအိမ်ဖြင့် မိုးထက်အား ...မော့မော့လေးကြည့်ရင်း ဆိုနေရှာသော ပန်းသခင်ကို မိုးထက် ...ပြောရမှန်းမသိပါ။

သေချာသည်ကတော့ မိုးထက်သည် ပန်းသခင် မျက်ရည် ...ကို မြင်လိုက်ရတာနှင့် ရင်မှာ ပြင်းထန်စွာ ခံစားလိုက်ရခြင်း ...ဖြစ်သည်။

"ကျုပ်ကို အားနာစရာမလိုဘူး ပန်းသခင်၊ ခုချိန်မှာ ...ကို ကျုပ်မဟုတ်တဲ့ တခြားတစ်ယောက်နဲ့ ပြန်လွှတ်ဖို့ဆိုတာ ...လိုမှ မဖြစ်နိုင်သလို ကျုပ် ဘယ်လိုမှလည်း စိတ်မချနိုင်ဘူး၊ ...ကြောင့် မင်းကို ကျုပ်ကားနဲ့ပဲ လိုက်ပို့ပေးပါရစေ"

ဒေါက်တာအောင်နိုင်မှာ မိုးထက်နှင့် ပန်းသခင်တို့ ပြော ...များကို နားထောင်ပြီး ဘယ်လိုမှ နားမလည်နိုင်အောင် ရှိနေ ...သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်စုံတစ်ရာကိုလည်း နားလည်သလို
လာကာ...

"မိုးထက်ပြောတာကို လက်ခံလိုက်ပါ ညီမ၊
ညီမက အရမ်းအားနည်းနေသေးတော့ တစ်ခုခုထပ်ဖြစ်မှာလည်း
စိုးရိမ်ရတယ်၊ ဆရာ လိုအပ်တဲ့ဆေးတွေလည်း ပေးလိုက်မယ်
မိုးထက်ကားနဲ့လိုက်သွားပြီး ညီမ အိမ်ပြန်အနားယူလိုက်ပါ"

ပန်းသခင်သည် ထိုအခါမှ ဒေါက်တာကို အားနာသွား
ကာ...

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ပန်းသခင်ကို ခုလိုကူညီ
အတွက် ကျေးဇူးပါပဲ"

ပန်းသခင်သည် ဒေါက်တာရှေ့တွင် ဦးမိုးထက်စကား
ထပ်၍ မငြင်းဆန်ချင်တော့သည်မို့ ထိုနေ့က ပန်းသခင်သည် ဦး
ထက်ကားနှင့်ပင် အိမ်ပြန်လာခဲ့လိုက်လေသည်။

◆ ◆ ◆

## အခန်း (၈)

ပန်းသခင်သည် ရုံးတွင် ခွင့်တစ်ပတ်ယူကာ အိမ်ထဲက
ပြင် မထွက်ဘဲနေလိုက်သည်။

လူက အိမ်ထဲမှာနေနေပေမယ့် ပန်းသခင်သည် သူမနှင့်
သက်သည့် သတင်းစကားများကိုတော့ ကြားနေရပါသည်။

ကြားရသည့်စကားတွေက ပန်းသခင်အတွက် တစ်ခုမှ
သိမ့်နိုင်စရာမရှိပါ။ သူမရင်အစုံကို ထိခိုက်နာကျင်စေရသည့်
ားများပင်ဖြစ်သည်။

မင်းသွေး အလုပ်က နုတ်ထွက်သွားပြီဆိုတဲ့အကြောင်းနှင့်
သွေးနှင့် သူ့ဇနီး ကွာရှင်းတော့မည့်အကြောင်းများကို ကြားရ
ပန်းသခင်သည် ရင်မှာ ထိခိုက်ကြေကွဲရလေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မင်းသွေးအနေနှင့် ထိုသို့မဖြစ်သင့်သ ဘသည်။ ပန်းသခင်အဖို့လည်း ဒီလိုအဖြစ်မျိုးနှင့် မကြုံသင့်ပါ။

မင်းသွေးနှင့် ပန်းသခင် ဖြူစင်သန့်ရှင်းကြသည်ကို သူ ည်း နှစ်ဦးသာ အသိဆုံးဖြစ်ပါသည်။

"ဦးမင်းသွေးကတော့ မမကို အရမ်းအားနာနေတယ် ယ်ကွယ်၊ မိန်းမပျိုလေးတစ်ယောက် သူ့ကြောင့် ဂုဏ်ပျက်ရပါပြီလို့လည်း ပြီး ပြောနေတယ်၊ မမကို တောင်းပန်ဖို့ကိုလည်း ဦးမင်းသွေး ကြိုး လည်း ရှာပါတယ်၊ ဒါပေမယ့် သူ ဒီမှာဆက်နေရင်လည်း ပတ်ဝန်းကျင် မမကို တစ်မျိုးမြင်မယ်ဆိုပြီး မမအတွက် အစစအရာရာတွေး ပြီး ဦးမင်းသွေး ရန်ကုန်ကို ပြန်သွားပြီလေ"

ရုံးက စာရေးမလေး သယ်ဆောင်လာသော သတ စကားများကို နားထောင်ပြီး ပန်းသခင်ရင်မှာ မချိအောင်နာကျင် ရသည်။

ကိုယ့်အဖြစ်ကို ကိုယ်လည်း ရှက်စိတ်၊ နာကြည်းစိတ် ဖြင့် ခံစားရလွန်းသောကြောင့် ရင်နာရသည်မှာ တစ်ခါတ အသက်ရှုများပင် ရပ်သွားပြီလားဟု သူမကိုယ်ပင် သူမ ထ

တစ်ဆက်တည်း မင်းသွေးအကြောင်းကို ကြားရပြန်တော့ ပန်းသခင် စိတ်ထိခိုက်ရပြန်၏။

"မင်းသွေးအတွက် မမလည်း စိတ်မကောင်းဖြစ်ရပါ ယ်ကွယ်၊ ဒါပေမယ့် မင်းသွေးမိန်းမဟာ ဘယ်လိုကနေ ဘယ်လို ပြီး မမအပေါ် သူ ဒီလိုမျိုးထင်ရက်တာလဲဆိုတာ တွေးပြီး လည်းနာရတယ်၊ ပြီးတော့ မင်းသွေးဇနီးရဲ့ အပြုအမူစကားတွေ မမ ခွင့်မလွှတ်ချင်ဘူး"

"ဟုတ်ပါတယ်၊ မမအနေနဲ့ ခွင့်မလွှတ်ချင်ဘူးဆိုလည်း လွှတ်သင့်တဲ့ အဖြစ်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့အပြုအမူ စကားတွေ သိပ်ရိုင်းခဲ့တာကိုး၊ ဒါကို ဦးမင်းသွေးကလည်း အပေါ် မျက်နှာပူပြီး အားနာနေတာပေါ့"

မင်းသွေး ရန်ကုန်ပြန်သွားပြီဆိုတော့ ပန်းသခင် စိတ်မ ကောင်းဖြစ်ရသလို တစ်ဖက်ကလည်း သူမရှိသည့်အတွက် သူမရင် အနေသက်သာသွားရသည်က အမှန်ဖြစ်သည်။

မင်းသွေးနှင့် မျက်နှာချင်းဆိုင်လို့ မျက်နှာပူအနေခက်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



နှင့်စာလျှင် မင်းသွေးကို မတွေ့ရခြင်းက ပန်းသခင်အတွ
ကောင်းပါဦးမည်။

ပန်းသခင် ခွင့်ယူထားသည့် ရက်အတွင်း ရုံးက စာ
မလေးသည် ပန်းသခင်နှင့်အတူ အဖော်အဖြစ်လာနေပေးလေသ
ပင် ပန်းသခင်အတွက် တော်ပါသေးသည်လို့ပြောရမည်။

မဟုတ်ပါက ပန်းသခင်သည် ဝေဒနာတွေန
တစ်ယောက်တည်း အထီးကျန်စွာ ခံစားနေရခြင်းက လူကို မွန်းကြ
ပိတ်လှောင်စေရသည်။

သည်ကြားထဲ ခွန်မင်းလတ်သည် သူမအကြောင်း
ဘယ်လိုကနေဘယ်လို ကြားသည်မသိပါ။ ပန်းသခင်ရှိရာ
ရောက်လာလေသည်။

ခွန်မင်းလတ်ကိုမြင်တော့ ပန်းသခင် ငိုချင်ရက်လက်
ဖြစ်သွားရသည်။

သို့သော် ပန်းသခင် ယောကျာ်းတစ်ယောက်ရှေ့တွ
မျက်ရည်ကျမပြချင်ပါ။

ထို့ကြောင့် ဝေ့ဝဲလာသော မျက်ရည်စများကို မျက်တော



ကြီးဖြင့် ပင့်ခတ်လိုက်ပြီး...

''ကိုယ်ကြားရတဲ့သတင်းတွေက အမှန်တွေပဲလား
သခင်''

''ဟုတ်တယ် ကိုခွန်မင်းလတ်၊ ပန်းသခင်အတွက်
ဘ်လိုမှမထင်မှတ်တဲ့ အဖြစ်ပါပဲ''

''ဖြစ်ရလေ ပန်းသခင်ရယ်၊ ပန်းသခင်လို မိန်းကလေး
ကိုမှ ဒီလိုထင်ရက်လေခြင်း၊ ကိုယ် ပန်းသခင့်အကြောင်းကို
ကြားချင်း ဘယ်လောက်စိတ်ထိခိုက်သွားရတယ်မှတ်လဲ၊
ခါစက ယုံတောင်မယုံဘူး''

ခွန်မင်းလတ်သည် ပန်းသခင်ကို သနားကြင်နာစွာ
ည့်ရင်းက စိတ်မကောင်းစွာ ဆိုလိုက်သည်။

''ပန်းသခင်ကိုယ်တိုင်ကလည်း မယုံနိုင်အောင် ဖြစ်ရပါ
ယ် ကိုခွန်မင်းလတ်ရယ်၊ ဒါတွေအားလုံးဟာ ပန်းသခင်ဘဝရဲ့
ံတ်ကံပါလာလို့ပဲ မှတ်ယူရတော့မယ်နဲ့တူပါတယ်''

''ပန်းသခင်ရယ်''

ပန်းသခင်စကားကို နားထောင်တာနှင့် သူမရင်ထဲဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်များ ထိနိုက်ကြေကွဲခံစားနေရသည်ဆိုတာ ခွန်မင်းလ
သိလိုက်လေသည်။

''ကိုယ်မှမဟုတ်တာပဲ ပန်းသခင်ရယ်၊ ဘာမှခံစား
စရာမလိုပါဘူး၊ ကိုယ်လည်း အလုပ်တွေများနေလို့ ဒီဘက်ရ
တွေမှာ ပန်းသခင်ဆီကို မရောက်ဖြစ်ခဲ့ဘူး''

''ဘယ်စာတ်နိုင်မလဲ ကိုခွန်မင်းလတ်ရယ်၊ ပန်းသခ
ကံပဲပေါ့၊ ကံကြမ္မာက ပန်းသခင်ကို ခုချိန်ထိ မျက်နှာသာမ
သေးဘူးနဲ့တူပါရဲ့''

ခွန်မင်းလတ်သည် ပန်းသခင်စကားကို နားထော
မျက်နှာပျက်သွားရကာ...

''ကိုယ့်ကိုယ်ကိုလည်း အပြစ်မတင်ပါနဲ့ကွာ၊ ပန်းသ
ဘယ်လိုနေတယ်၊ ထိုင်တယ်ဆိုတာ ကိုယ်အသိဆုံးပဲဟာ၊ ပတ်
ကျင်ကို ပန်းသခင် သိပ်ပြီး ဂရုစိုက်မနေပါနဲ့''

ခွန်မင်းလတ်စကားသည် ပန်းသခင်ကို အားပေးစကာ
တာသိပေမယ့် ပန်းသခင်. မရွှင်ပျနိုင်ပါ။

သို့သော် ခွန်မင်းလတ်ကိုလည်း ပန်းသခင်သည်

ဝိုး မိုး ၁၁၄၂



ကြောင့် စိတ်မဆင်းရဲစေလိုသည်မို့...

''ပန်းသခင် မနက်ဖြန် အလုပ်ခွင်ပြန်ဝင်မှာပါ ကိုခွန်မင်း
လတ်၊ ဒီလောက်ဒဏ်ရာကို ပန်းသခင် ဂရုစိုက်နေရင် ဒီနေ့ ဒီအချိန်
မှာ ပန်းသခင်ဆိုတာ ရှိနေဦးမှာမဟုတ်ပါဘူး''

''ပန်းသခင်ရယ် ဖြစ်နိုင်ရင် ပန်းသခင် ခံစားနေရတာတွေ
ကို ကိုယ်သာ ပြောင်းပြီး ခံစားလိုက်ချင်ပါတော့တယ်ဗျာ''

ခွန်မင်းလတ်သည် ပန်းသခင်လက်လေးကို အားပေးစိတ်
နှင့် တင်းတင်းလေးဆုပ်ကိုင်ရင်းက ဆိုလိုက်မိသည်။

''ပန်းသခင်အနားမှာ ကိုယ်နေချင်ပေမယ့် ပန်းသခင်
ဂုဏ်သိက္ခာကို ထောက်ထားရဦးမှာမို့ ကိုယ် ပြန်တော့မယ်
ပန်းသခင်''

''ကျေးဇူးပါပဲ ကိုခွန်မင်းလတ်၊ ပန်းသခင်အတွက် အခု
လိုတွေးပေးတဲ့အတွက်''

ထိုစကားကို ပန်းသခင်သည် ခွန်မင်းလတ်အား စိတ်ရင်း
မှန်နှင့် လှိုက်လှိုက်လှဲလှဲပင် ဆိုလိုက်လေသည်။

ဝိုး မိုး ၁၁၄၂

www.burmeseclassic.com

www.burmeseclassic.com



မချစ်တာလည်း မဟုတ်။ ချစ်ပါလျက်နှင့် သူမအပေါ် အားလည်းပေးနိုင်ဆုံးသော ချစ်ဦးသူနှင့် ပေါင်းဆုံခွင့်မရသည့်အဖြစ်ဆောက် ရင်နာရသည့်အဖြစ်မျိုး ပန်းသခင်တွင် မရှိတော့ပါ။

နှုတ်ဆက်ထွက်ခွာသွားသည့် ခွန်မင်းလတ်ကို ပန်းသခင်သည် ဘာရယ်မဟုတ် မျက်စိတစ်ဆုံး ငေးကြည့်နေသည်မှာ ခွန်မင်းလတ် အရိပ် သူမမျက်စိထဲက ပျောက်သွားတဲ့အထိပင် ဖြစ်တော့သည်။

ပန်းသခင်သည် ပျံ့လွင့်နေသောစိတ်များကို တည်ငြိမ်စေရန် သူမရှေ့တွင်ရှိသည့် စာအုပ်တစ်အုပ်ကို ယူဖတ်လိုက်ပေမယ့် သူမ၏စိတ်များသည် စာထဲမရောက်ပါ။

အတွေးစများ ဟိုတစ်စ ဒီတစ်စ ရောက်နေရာမှ နောက်ဆုံး သူမအတွေးတို့သည် မျက်နှာကြီးရှုတည်တည်နှင့် စူးနစ်စွာစိုက်ကြည့်တတ်သည့် ဦးမိုးထက်ထံသို့ ရောက်ရှိသွားရသည်။

ဦးမိုးထက်သည် သတိလစ်နေသော သူမကို သူကိုယ်တိုင် ဆေးခန်းသို့ ခေါ်သွားသည်ဆိုတာကို သူပြော၍ ပန်းသခင် သိခဲ့ရပါသည်။

မသိတာက ဦးမိုးထက်သည် ဘာကိစ္စ ဘာအကြောင်း





ကြောင့်ရှိ၍ သူမရှိသည့်ရုံးကို လာရသည်လဲဆိုတာပင်။

ကြည့်ရတာ ဦးမိုးထက် သူမဆီလာတာတော့ မဖြစ်နိုင်။ ပန်းသခင်နှင့် သူကြားမှာ တစ်ယောက်နှင့်တစ်ယောက် တွေ့ဆုံရေးအကြောင်း ဘာမှမရှိပါ။

သို့သော်

ဦးမိုးထက်သည် သူမရှိသည့်နေရာကို ဘယ်လိုအကြောင်းနှင့်ပဲ ရောက်လာပါစေတော့၊ မင်းသွေးခနီး၏ ပန်းသခင်အပေါ် နိုင်းပျစော်ကားမှုကိုတော့ ဦးမိုးထက်သည် အားလုံးကြားခဲ့ပြီးလောက်မည် ဖြစ်သလို ပန်းသခင်ကိုလည်း သူကိုယ်တိုင် ထိုနေရာမှ ခေါ်ဆောင်လာခဲ့သူဖြစ်သည်။

ဘယ်လိုကြောင့်ပဲ ဖြစ်နေစေဦးတော့၊ ပန်းသခင်သည်ကတော့ သူမကို ကူညီခဲ့သည့် ဦးမိုးထက်ကို ကျေးဇူးတင်မိရသည်က အမှန်ဖြစ်သည်။

ပန်းသခင်သည် ဦးမိုးထက်နှင့် နောက်တစ်ကြိမ်ဆုံခဲ့မည်ဆိုလျှင် သူ့အား ကျေးဇူးတင်စကား ပြောဖြစ်အောင် ပြောရဦးမည် ဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ခုတလော မိုးထက်တစ်ယောက် နေရသည်မှာ စိတ်ထဲ တသိကအောက်နှင့် လူကို ဘာကိုမကျေမနပ်ဖြစ်နေရသည် မသိ။ တစ်ခုခုကို မကျေနပ်သလို အလိုမကျသလိုလိုနှင့် ရင်မှာ ခံရခက်ခက်ကြီး ဖြစ်နေရသည်ကတော့ အမှန်ပင်ဖြစ်သည်။

တကယ်တော့ သူ့ကို ဒီလိုမျိုးဖြစ်အောင် လုပ်နေသူက တခြားသူမဟုတ်။ ပန်းသခင် ပင်ဖြစ်သည်။

ပန်းသခင်တစ်ယောက် ဒေါက်တာခွန်မင်းလတ်နှင့် တွဲနေသည့်သတင်းကို မိုးထက် ကြားရပြီးကတည်းက သူ့ရင်မှာ ထိုသို့ခံစားနေရခြင်းဖြစ်သည်။

မိုးထက်သည် ပန်းသခင်ဆိုသည့် ပန်းလေးတစ်ပွင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သန့်ရှင်းသူလေးအဖြစ် မြင်ချင်တွေ့ချင်သူဖြစ်ပါသည်။

**အခုတော့** ပန်းသခင်သတင်းတွေက သူ့နားထဲ တစ်မျိုး **ဆော့တ်** တစ်မျိုး ရောက်နေသောအခါ မိုးထက်သည် ပန်းသခင် **အပေါ်** မချင့်မရဲနှင့် စိတ်ကုန်ချင်လာရသည်။

သူ့မှာတော့ သူမအပေါ် တန်ဖိုးထားကာ အရိပ်တကြည့်ကြည့်နှင့် ရှိနေရသလောက် သူမအပြုအမူတွေအပေါ် စိတ်ကုန် စိတ်ပျက်စေရသောအခါ မိုးထက်ရင်ထဲ ခံစားမှုတွေ ပေါက်ကွဲချင်လာရသည်။

"ကျုပ် ဒီမိန်းမတော့၊ နောက်ဆို ဒီမိန်းမအကြောင်းကို ဘာမှမပြောနဲ့တော့ကွာ"

ပန်းသခင်နှင့် ပက်သက်၍ ပန်းသခင်အတွက် စိုးရိမ် စိတ်မချဖြစ်ရသောကြောင့် သူမနှင့်ပတ်သက်သမျှကို သူ့ကိုယ်စား စုံစမ်းခိုင်းထားသော သူ့လူယုံတပည့်ကို မိုးထက်သည် ပန်းသခင် အကြောင်း သူ့အားမပြောတော့ရန် ပိတ်လိုက်လေသည်။

မောင်မြမှာ ဆရာဖြစ်သူ၏စကားကြောင့် ခေါင်းငုံ့ ရှုပ်သွားရသည်။



အစကတော့ ဆရာကိုယ်တိုင်ကပင် မမလေး ပန်းသခင် နှင့်ပတ်သက်ပြီး ရသမျှသတင်းကို အသေးစိတ် သေချာပြောပြ ရန် မှာထားပါလျက်နှင့် အခုတော့ ဖြစ်ရပြန်သည်။ မမလေး ပန်းသခင်အကြောင်း သူ့အားပြန်မပြောရဘူးတဲ့။

မောင်မြမှာ ဆရာဖြစ်သူ မိုးထက်၏ စိတ်အပြောင်းအလဲ မြန်မှုကိုကြည့်ပြီး ရယ်ချင်သလိုရှိနေရပေမယ့်လည်း မရယ်ရဲပါ။

ဆရာသည် မမလေးပန်းသခင်နှင့် ပတ်သက်လာလျှင် သူ့ကိုယ်သူ ဘာကိုမှ သတိမထားမိနိုင်အောင် စိတ်လှုပ်ရှားတတ် သူဆိုတာ ဘေးကမြင်ရသည့် မောင်မြပင် **သိနေရပြီဖြစ်သည်။**

"မမလေးက သိပ်ချော သိပ်လှတော့ မမလေးအနားမှာ ပျားပိတုန်းတွေ ပျံဝဲနေတာ မဆန်းပါဘူး ဆရာရယ်"

မောင်မြစကားကြောင့် မိုးထက် မျက်ခုံးကြီး တွန့်ကြုတ် သွားရပြီး

"အေး အဲဒီလို သိပ်ချော သိပ်လှတဲ့ အမျိုးသမီးတွေပဲ ယောကျ်ားတွေကို အရူးလုပ်ချင်ကြတာ"

"တို့ဆရာကတော့ ကိုယ်တွေ့ကြုံခဲ့ရပြီနဲ့တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း မင်းဆရာက မိန်းမတစ်ယောက်ရဲ့မာယာထဲမှာ လည်စင်းခံမယ့်သူမျိုးလား မောင်မြရာ"

"ယုံပါတယ် ဆရာရယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့ဆရာ ခုချိန်ထိ လူပျိုကြီးဖြစ်နေတာပေါ့"

"မင်းကွာ"

မောင်မြ စကားအဆုံးဝယ် မိုးထက်မျက်နှာကြီး ရဲခနဲဖြစ်သွားရသည်။

"ဒါနဲ့ဆရာ မမလေး ပန်းသခင်နဲ့ ဆရာက အရင်ကတည်းက သိခဲ့ကြတာဆို"

မိုးထက်မှာ မောင်မြစကားကို ခေါင်းမခါ ခေါင်းမညိတ်ဘဲ တိတ်ဆိတ်စွာနေသည်ကိုက ဝန်ခံခြင်းတစ်မျိုးပင် ဖြစ်တော့သည်။

"မမလေးပန်းသခင်ဟာ သိပ်လှပါလျက်နဲ့ သူလည်း ခုချိန်ထိ ဘာလို့အိမ်ထောင်မပြုသေးတာလဲ မသိဘူးနော် ဆရာ"

"အဟွန်း သူ့အလှကို သူ့မာနက ဖုံးလွှမ်းသွားလို့နေမှာပေါ့ကွာ"

"ဒါဆို မမလေးပန်းသခင်ဟာ နားလည်ရခက်တဲ့ သမီးမျိုးလား ဆရာ"

ပန်းသခင်ကို မိုးထက် နားမလည်သည်က သူမကို တွေ့စကတည်းက ဖြစ်ပါသည်။

ပန်းသခင်သည် နားလည်ရခက်သော အမျိုးသမီးဆိုတာထက် သူမစိတ်ကိုသိရခက်သော အမျိုးသမီးဆိုလျှင် ပိုမှန်ပေမည်။

မိုးထက်သည် ပန်းသခင်ကို ဟိုအရင်အချိန်ကလည်း နားမလည်ခဲ့သလို အခုချိန်ထိလည်း နားမလည်သေးပါ။

သို့တိုင် သူမကတော့ သူ့အတွေးထဲ ထာဝရရှိနေတတ်သူလည်းဖြစ်သည်။

သည့်နောက် မိုးထက်ဆိုသည့်သူ့ကို ပန်းသခင်သည် းမှုမျိုးစုံ ပေးနိုင်စွမ်းသည့်သူလည်းဖြစ်သည်။

တစ်ခါတစ်ရံ သူမကြောင့် သူ့ စိတ်ပျော်ရွှင်ရသလို သူမကြောင့်လည်း မိုးထက် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်တို့က သည်းတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာ၏ ခံစားချက်တို့ကို သူနှင့် အနီးကပ်နေ
မောင်မြသည်လည်း ရိပ်မိတန်သလောက် ရိပ်မိပါသည်။

ရိပ်မိ၍လည်း ဆရာအတွက် စိတ်မကောင်းဖြစ်နေ
ဖြစ်သည်။

"မောင်မြ"

"ဗျာ ဆရာ"

"မနက်ဖြန် မာမီ လာလိမ့်မယ်၊ မာမီအတွက် လို
တာတွေအားလုံး ပြင်ဆင်ပြီးပြီလား"

"ဟုတ်ကဲ့၊ မေမေကြီးကို လေဆိပ်မှာသွားကြိုဖို့
ပြီး ကျန်တာ မေမေကြီးအတွက် အားလုံးပြင်ဆင်ပြီးပါပြီ ဆ

ပန်းသခင် မန္တလေးတွင် အလုပ်တာဝန်နှင့် ရောက်
ကြောင်းကို မာမီအား အကြောင်းကြားပြီးကတည်းက မာမီသ
မိုးထက်ထံ အနေနှင့်အမြန် ရောက်လာလိမ့်မည်ဆိုတာ မိုးထ
သည် ကြိုတင်တွေးထားပြီးဖြစ်သည်။

ထင်သည့်အတိုင်းလည်း မာမီသည် ရန်ကုန်မှာနေ
ရာ မန္တလေးကို ရောက်လာတော့မည်ဖြစ်သည်။



တစ်ချိန်က ပန်းသခင်နှင့်ပတ်သက်ကာ သူ့အပေါ် စိတ်
သော မာမီသည် ယခုလည်း ပန်းသခင်ကြောင့်ပင် သူ့ကို
တ်ဆိုးနိုင်လေ၏။

ပန်းသခင်သည် သူ့ဘဝကို အချိန်များစွာ စိတ်အနှောင့်
တ်ဖြစ်စေသူ ဖြစ်ပေမယ့် ခက်သည်က မိုးထက်သည်
ခင်ကို သူ့နှလုံးသားက ဘယ်လိုမှ ဥပေက္ခာပြု လျစ်လျူ
းနိုင်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့်လည်း မိုးထက်သည် ပန်းသခင်နှင့်ပတ်သက်
မာမီအား အကြောင်းကြားလိုက်ခြင်းဖြစ်သည်။

အကြောင်းမကြား၍လည်း မဖြစ်ပါ။ ပန်းသခင်ဆိုတာက
အခင်ဆုံးသူငယ်ချင်း၏သမီး ဖြစ်နေသောကြောင့်ပင်ဖြစ်
ည်။

မာမီ ရောက်လာပါက ပန်းသခင်နှင့်ပတ်သက်ကာ မာမီ
ည် ဘယ်လိုဆုံးဖြတ်လိမ့်မည်လဲဆိုတာ မိုးထက် ကြိုသိချင်နေ
ည်။

ဘာပဲပြောပြော မာမီသည် ပန်းသခင်ဘဝအတွက် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ချရမည့် အခြေအနေတစ်ခုကိုတော့ ဖန်တီးပေးခဲ့မှာ အမှန်ဖြစ်သည်

ထိုသည်က ဘာလဲဆိုတာကိုလည်း မိုးထက် ရင်ခုန်ခြ
များစွာနှင့် သိချင်နေရသည်က ပန်းသခင် သူ့နှလုံးသားထဲ
ရောက်ရှိနေသောကြောင့်သာ ဖြစ်ပါသည်။

◆ ◆ ◆

"ပန်းသခင်၊ သမီး"

"အို"

ပန်းသခင် နှလုံးသားထဲ လှိုက်ဖြာစိမ့်ဝင်သွားရတဲ့အထိ
ခေါ်သံက ရောက်ရှိသွားရသည်။

ကြည့်စမ်းပါဦး။

ပန်းသခင်ဘဝတွင် မကြားရတာ ကြာပြီဖြစ်တဲ့ ထိုခေါ်သံ
ပန်းသခင် ဘယ်လိုလုပ် မမှတ်မိဘဲ နေမည်တဲ့လဲလေ။

"သမီး ပန်းသခင်"

"မေမေနှင်း"

အံ့သြမှုများဖြင့် ကျောက်ရုပ်နှယ် နေရာမှမရွေ့ တွေတွေ
း ရပ်နေသော ပန်းသခင်ထံမှ ခေါ်သံလေးသည် သဲ့သဲ့မျှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီးနောက် ပန်းသခင်အကြည့်များ သူမရှေ့တွင်ရှိနေသော ဒေါ်နှင်းမိုးစက်ထံသို့ ရောက်ရှိသွားရသည်။

သည်နောက် ပန်းသခင်သည် ချက်ချင်းလိုလို ပြည့်[...] ဝေသီလာသော မျက်ဝန်းအိမ်မှ မျက်ရည်စများနှင့် ဒေါ်နှင်းမိုး[...] ရင်ခွင်ထဲသို့ အပြေးလေး ရောက်ရှိသွားပြီး

"အဟင့် ဟင့် မေမေနှင်း၊ မေမေနှင်း၊ ပန်းသခင်[...] လာတယ်နော်"

ကလေးတစ်ယောက်လို ရှိုက်ငိုရင်းက မယုံကြည်နိုင်သ[...] မေးနေသော ပန်းသခင်ကို ဒေါ်နှင်းမိုးစက်သည် က[...] တစ်ယောက်လို ကျောလေးပုတ်ကာ ချော့လိုက်ရင်း

"လာရတာပေါ့ သမီးရယ်၊ မေမေနှင်းမှာ ဒီသ[...] တစ်ယောက်ပဲရှိတာ၊ လာရတာပေါ့ကွယ်"

ချော့နေပါသည်ဆိုသော ဒေါ်နှင်းမိုးစက် ကိုယ်တိုင်[...] လည်း ထိန်းထားသည့်ကြားက အသံများ မသိမသာ လှိုက်[...]င်းက နေရသည်။

မိုးထက်သည် မာမီရင်ခွင်ထဲတွင် ကလေးတစ်ယော[...]

[...] မျက်နှာလေးအပ်လျက် တသိမ့်သိမ့်ရှိုက်ငိုနေသော ပန်းသခင် [...]ကြည့်ပြီး သူ့နှလုံးသားလေးက တဆတ်ဆတ်တုန်ခါသွားရ[...]သည်။

ပန်းသခင်သည် သူ့နှလုံးသားထဲကို ကရုဏာသက်ခြင်း [...]နှင့်လည်း အရှိန်ပြင်းစွာ တိုးဝှေ့ရောက်ရှိတတ်သူဖြစ်သည်။

"တစ်ချိန်က အပြစ်တွေအတွက် ပန်းသခင်ကို မေမေနှင်း [...]ခွင့်လွှတ်ပါတယ်နော်"

"ခွင့်လွှတ်တယ်ဆိုတာ အပြစ်ကျူးလွန်မှ ခွင့်လွှတ်ရ[...]တာပါကွယ်၊ မေမေနှင်းသမီးက မေမေနှင်းအပေါ် ဘာအပြစ်မှ [...]ကျူးလွန်ခဲ့တာမှမဟုတ်ဘဲ၊ မေမေနှင်း ဘာခွင့်မလွှတ်စရာရှိမလဲ"

"မေမေနှင်းရယ်"

မေတ္တာတရား ကြီးမားလွန်းသည့် ဒေါ်နှင်းမိုးစက်ကို [...]န်းသခင်သည် မိခင်တစ်ယောက်၏ ချစ်ခြင်းမျိုးဖြင့် မော့ကြည့်

"မေမေနှင်း ထိုင်ပါဦးနော်"

ပြောလည်းပြော ပန်းသခင်သည် ဒေါ်နှင်းမိုးစက်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုတွဲ၍ ညှော်ခန်းထဲ ထိုင်ခိုင်းလိုက်သည်။

တစ်ဆက်တည်း ပန်းသခင်သည် နောက်ပါးတွင် မား ကြီး ရပ်နေသည့် မိုးထက်ကိုပါ မြင်တွေ့သွားပြီး

"ထိုင်ပါနော်"

သူ့အား ဘယ်လိုနာမ်စားမှမသုံးဘဲ ပြောလိုက်သ ပန်းသခင် စကားကြောင့် မိုးထက် နည်းနည်းတော့ ကြွမြီးတို့ ရသည်။

ထို့ကြောင့်လည်း မိုးထက်သည် ပန်းသခင်ကို ရွှတ တည် မျက်နှာထားကြီးနှင့် ခပ်စူးစူးကြည့်လိုက်ပြီး

"ကျုပ် အလုပ်ရှိသေးတယ်၊ မာမီက မင်းကို အ တွေ့ချင်တယ်ဆိုလို့"

"ဟုတ်တယ် သမီးရဲ့၊ မေမေနှင်း ရောက်ရောက်ချ လေဆိပ်ကနေ သမီးဆီ တန်းလာတာ၊ မေမေနှင်း စိတ်ထဲ သမီးကိုပဲ တွေ့ချင်နေတယ်လေ၊ ဒါကြောင့် သားကို အိမ်တော မပို့နိုင်းသေးဘဲ သမီးဆီ တန်းဝင်လာတာ"

"အို မေမေနှင်းရယ်၊ ဒါဆို မေမေနှင်း ခရီးပန်းထ

[redacted]



မှာပေါ့ရှင်"

"ဒါဆို သမီး မေမေနှင်းနဲ့အတူ သားအိမ် လိုက်ခဲ့လေ"

သည်လိုဆိုပြန်တော့လည်း ပန်းသခင် နှုတ်ဆိတ်သွားရပြန်၏။

မိုးထက်မှာ သူ့အိမ် လိုက်ရမည်ဆိုတာနှင့် မျက်နှာလေးပျက်ကာ ချက်ချင်းပင် နှုတ်ဆိတ်သွားသော ပန်းသခင်ကိုကြည့်ပြီး ရင်မှာ မချင့်မရဲစိတ်နှင့် အခံရခက်ခက်ကြီး ဖြစ်သွားရသည်။

ဒါ သူမ သူနှင့်မပတ်သက်ချင်၊ သူ့အိမ် မလိုက်ချင်ဘူးဆိုသည့် သဘောပင်ဖြစ်သည်။

"သမီး မလိုက်ချင်လည်း မေမေနှင်း သမီးနဲ့အတူ ဒီမှာ နေမယ်လေ၊ သားကြီးက မာမီကို ညနေမှ လာခေါ်ပေါ့"

"ဟင် ဒီလိုဆို မေမေနှင်း ပိုပင်ပန်းမှာပေါ့၊ ပန်းသခင် မေမေနှင်းနဲ့အတူ လိုက်ခဲ့ပါ့မယ်"

သူ့အိမ်ကို မလိုက်ချင်ပေမယ့် မာမီ ပင်ပန်းမှာကိုလည်း မကြည့်ရက်သည့် ပန်းသခင်၏ ဖြူစင်သည့် စိတ်ထားလေးကို မိုးထက်သည် ကျေနပ်မှုနှင့်အတူ ကြည်နူးသွားရလေသည်။

[redacted]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မာမီကို မလွန်ဆန်နိုင်လို့ပဲဆိုဆို မိုးထက်ကတော့ သူ့ကားပေါ်တွင် ဖန်းသခင် ပါလာသည့်အတွက် ရင်မှာ ကျေနပ်မှုတွေနှင့် ကြည်နူးချမ်းမြေ့နေရသည်။

မာမီသည်လည်း သူနည်းတူ ဖန်းသခင် ပါလာသည့်အတွက် ကျေနပ်နေဟန်တူ၏။ ပြုံးနေလေသည်။

ကြီးမားကျယ်ဝန်းကာ အေးချမ်းတိတ်ဆိတ်သည့် ကော်ဖီရောင်ရင့်ရင့် ဆေးသုတ်ထားသော နှစ်ထပ်တိုက်ကြီးရှေ့တွင် မိုးထက် မောင်းလာသည့်ကားလေး ရပ်သွားသည်နှင့် သူသည် ကားပေါ်မှဆင်းကာ မာမီဘက်မှ ကားတံခါးကို ဖွင့်ပေးလိုက်သလို ဖန်းသခင်ဘက်မှ ကားတံခါးကိုလည်း ဖွင့်ပေးလိုက်လေသည်။

"သမီး ဆင်း"

ဖန်းသခင်သည် ခပ်သွက်သွက်ပင် ကားပေါ်မှဆင်းလိုက်ပြီးနောက် မေမေနှင်းကို ကားပေါ်မှ တွဲကူဆင်းစေလိုက်သည်။

"အင်း မေမေနှင်းလည်း သားရှိတယ်ဆိုပေမယ့် ဒီမန္တလေးကို မရောက်တာ ကြာပြီလေ၊ ခုလို လေကောင်းလေသန့်





ကို ရှူလိုက်ရတော့ မေမေနှင်း စိတ်မှာ လန်းဆန်းသွားတာပဲ"

ဒေါ်နှင်းမိုးစက်မှာ ပြောလည်းပြောရင်းက အသက်ကို ခပ်ပြင်းပြင်းရှိုက်လျက် လေကို ရှူသွင်းနေလိုက်သည်။

"ကြည့်စမ်းပါဦး သမီးရယ်၊ ဒီလောက်ကြီးတဲ့ တိုက်ကြီးထဲမှာ သားတစ်ယောက်တည်းနေတာ ဘယ်လောက်ပျင်းဖို့ကောင်းလိုက်မလဲ"

ဖန်းသခင်သည် ဒေါ်နှင်းမိုးစက် စကားကို ဘာမှမပြောဘဲ နှုတ်ဆိတ်လျက်သာ နေလိုက်သည်။

"မာမီ ခရီးပန်းလာတယ်၊ အထဲမှာ နားလိုက်ပါဦး"

ဖန်းသခင်ကို စူးခနဲ တစ်ချက်စိုက်ကြည့်ကာ ပြောလိုက်သည့် ဦးမိုးထက် စကားအဆုံး ဒေါ်နှင်းမိုးစက်နှင့် ဖန်းသခင်သည်လည်း တိုက်ကြီးထဲ ရောက်လာခဲ့ရသည်။

နောက်ဆုံးပေါ် ခေတ်မီအသုံးအဆောင်များဖြင့် လှန်စွာလှပ ကျက်သရေရှိနေရသော ဧည့်ခန်းကျယ်ကြီးထဲရှိ ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်နှင့် အလုပ်သမားလေးများသည် ဖန်းသခင်တို့အတွက် အအေးလာချပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မာမီ အအေး၊ ပန်းသခင်လည်းသောက်ပါ"

မိုးထက်သည် မရည်ရွယ်ပါဘဲ သူ့နှုတ်ဖျားက ပန်းသခင်နာမည်ကို ခေါ်မိသွားရသလို သူကိုယ်တိုင်ကလည်း အအေးခွက်ကို ပန်းသခင်လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

ထိုအခါ ပန်းသခင်သည် မျက်နှာရဲရဲလေးနှင့် အနေခက်သွားရသလို

"ရပါတယ်၊ ပန်းသခင်ဘာသာ ယူသောက်ပါ့မယ်"

ပန်းသခင်သည် တည်ငြိမ်သော မျက်နှာလေးနှင့် ခပ်အေးအေးပင် ဆိုလိုက်လေသည်။

ဒေါ်နှင်းမိုးစက်မှာ သားဖြစ်သူ မိုးထက်နှင့် ပန်းသခင် အခြေအနေကို အကဲခတ်သလိုကြည့်တော့ ပန်းသခင်သည် မသိဟန်ပြုကာ

"မေမေနှင်း ဒီမှာ အေးအေးဆေးဆေး နေဦးမှာမဟုတ်လား"

"အင်း ခုအခြေအနေအရဆိုရင်တော့ သမီးပြောသလိုပဲပေါ့၊ မေမေနှင်း အနေနဲ့ကတော့ သားနဲ့သမီးကို စိတ်ချရပြီးမှပဲ



ပြန်ချင်တယ်၊ အဲဒါမှလည်း မေမေနှင်း စိတ်အေးရလိမ့်မယ်"

"အို"

မေမေနှင်း စကားက ဘာလိုလိုနဲ့ ပန်းသခင် မျက်နှာလေး ရူပွသွားရသည်။

မေမေနှင်းသည် သူမနှင့် ဦးမိုးထက်ကို ဘာရည်ရွယ်၍ ပြောနေရသည်လဲ မသိပါ။

ပန်းသခင်နည်းတူ မိုးထက်သည်လည်း မာမီ့စကားကြောင့် ပန်းသခင်ရှေ့တွင် အနေခက်ခက်ကြီး ဖြစ်နေရကာ ပန်းသခင် မျက်နှာကိုလည်း မကြည့်ရဲတော့ဘဲ

"အချိန်တောင် မနည်းတော့ဘူး မာမီ၊ နေ့လယ်စာ ထမင်းပွဲ ပြင်ခိုင်းလိုက်တော့မယ်"

"ဟုတ်တာပေါ့၊ သမီးပါ တစ်ခါတည်းစားသွား"

"ဟင့်အင်း၊ ပန်းသခင် မစားတော့ဘူး မေမေနှင်း၊ ခဏနေ ပန်းသခင် ပြန်တော့မှာပါ"

"အို မဟုတ်တာကွယ်၊ ဒီနေ့ သမီး ရုံးပိတ်ရက်ပဲဟာ၊ မေမေနှင်း၊ သမီးကို ညစာ စားသောက်ပြီးမှ ပြန်ပို့ပေးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



မေမေနှင်းသစ်ကို မေမေနှင်း စကားတွေအများကြီး ပြောစရာ ရှိတယ်"

"မေမေနှင်းရယ်"

ပန်းသခင်သည် ဒေါ်နှင်းမိုးစက်စကားကို ဘယ်လိုလုပ် ငြင်းဆန်နိုင်မှာတော့လဲကွယ်။

ပန်းသခင်သည် ထိုနေ့တစ်နေ့လုံး သူမ မတွေ့ချင် မဆုံချင်ပါသော ဦးမိုးထက်အိမ်မှာပင် အချိန်ကုန်ခဲ့ရလေသည်။

သူမ ထိုသို့ရှိနေရခြင်းအတွက် အပျော်ဆုံးလူကတော့ဖြင့် မိုးထက်ပင် ဖြစ်တော့သည်။

◆ ◆ ◆

[redacted]

BURMESE CLASSIC .com

## အခန်း (၁၀)

"ဟင် ကိုခွန်မင်းလတ်"

"အဟွန်း ကိုယ့်ကိုတွေ့လို့ အံ့ဩသွားတာလား ပန်းသခင်"

"အဟင်း ဟင်း ရုတ်တရက်မို့ပါ၊ မထင်ဘူးလေ၊ ဦးခွန်မင်းလတ် အခုလို စောစောစီးစီး ရောက်လာမယ်လို့"

"အေးဗျ၊ စောစောရောက်လာသဆို ပန်းသခင် မျက်နှာလေးကို ကိုယ် စောစောတွေ့ချင်လို့ပေါ့၊ ကိုယ် ခရီးသွားနေတဲ့ ရက်တွေမှာ ပန်းသခင်ကို ဘယ်လောက်လွမ်းရတယ်မှတ်လဲ"

"အို"

စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် ပန်းသခင်အား

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တမ်းတမ်းတတကြီး ကြည့်လာသော ကိုခွန်မင်းလတ်၏ အကြည့်တို့ကြောင့် ပန်းသခင် ရှက်သွေးတို့ဖြင့် ပါးလေးများ ရဲတောက်သွားရသည့်အဖြစ်။

သို့သော် ပန်းသခင်သည် လှုပ်ရှားသွားရသည့်စိတ်ကို အမြန်ပင် ပြန်၍ထိန်းချုပ်လိုက်ပြီး

''ကိုခွန်မင်းလတ် ခရီးထွက်သွားတာ ကြာတယ်နော်''

''အပွန်း ဟုတ်တယ်၊ အဲဒီရက်တွေမှာ ပန်းသခင် ကိုယ့်ကို သတိမရဘူးလားဟင်''

''ကိုခွန်မင်းလတ်ရယ်''

သူ့စကားကို ပန်းသခင်သည် ဘယ်လိုဖြေရမည်မသိပါ။ မှန်တာပြောရလျှင် ပန်းသခင်သည်လည်း ကိုခွန်မင်းလတ်ကို သတိရမိပါသည်။

ခက်တာက ပန်းသခင် စိတ်ထဲရှိသည့်အတိုင်းလည်း သူ့ကိုမပြောရဲ။ ခွန်မင်းလတ်နှင့် ပန်းသခင်ကြားတွင် ပန်းသခင်သည် စည်းတစ်ခုခြားသလို ခံစားနေရဆဲမို့ ပန်းသခင်သည် ရင်ထဲခံစားရသမျှ ကိုခွန်မင်းလတ်အား ပွင့်ပွင့်လင်းလင်း ဖွင့်မပြောရဲ





ခြင်းဖြစ်သည်။

ခွန်မင်းလတ်သည် တိတ်ဆိတ်နေသော ပန်းသခင်ကို ကြည့်ကာ

''ဆောရီးပဲ ပန်းသခင်ရယ်၊ ကိုယ် စိတ်ရလာသွားတယ်၊ တကယ်ဆို ကိုယ်က ကိုယ့်ဘာသာ အခြေအနေကို နားလည်ဖို့ ကောင်းပါလျက်နဲ့ ပန်းသခင်ကို စိတ်ညစ်အောင် လုပ်မိပြီနော်''

သူ့ထံက ဒီလိုစကားမျိုး ကြားရပြန်တော့လည်း ပန်းသခင် စိတ်မကောင်းနိုင်ပါ။

ပန်းသခင်သည် သူ လိုချင်သည့်အဖြေကို မပေးနိုင်သေးတာကလွဲလို့ သူမရင်ထဲ သူ့အပေါ် ငယ်သံယောဇဉ်ဖြင့် တွယ်ငြိနေဆဲဆိုတာကိုတော့ မညာချင်ပါ။

တကယ်ဆို ပန်းသခင်ကိုယ်တိုင်က ခွန်မင်းလတ်နှင့် ပတ်သက်လို့ အဖြေတစ်ခုကို တိတိကျကျ သေချာစွာ ပေးလိုက်ချင်ပါသည်။

ခက်တာက သူမစိတ်တွေ မပြတ်သားခြင်းပင်ဖြစ်သည်။ အခုလည်း မနက်စောစောစီးစီး သူမအိမ်သို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

သော ကိုခွန်မင်းလတ်ကို တွေ့ရသဖြင့် ပန်းသခင် အံ့သြ

ပေမယ့် ခွန်မင်းလတ်ကတော့ဖြင့် ပန်းသခင် မျက်နှာလေး

တွေ့ရသဖြင့် ကျေနပ်နေရသည်။

"ပန်းသခင် ကိုယ်ရောက်လာလို့ အနှောင့်အယှက်

သွားလား"

"ဟင့်အင်း မဖြစ်ပါဘူး ကိုခွန်မင်းလတ်"

"အဟွန်း၊ ဒါဆိုရင်တော့ ကျေးဇူးပါပဲဗျာ၊ ကိုး

ပန်းသခင်ကို ရုံးလိုက်ပို့ပေးမယ်"

"နေပါစေရှင်"

"ဟိတ် ဟိတ် မငြင်းနဲ့နော်၊ ကိုယ်က မင်းလေး

လိုက်ပို့ချင်လို့ တမင်စောစောရောက်လာတာ"

"ပန်းသခင် ကားမစီးချင်ဘူးနော်"

"အဟွန်း ကိုယ်ကလည်း ကားမယူခဲ့ပါဘူးဗျာ"

မန္တလေး ဒီဇင်ဘာ၏ ဆောင်းမနက်တွင် ပန်းသခင်

ခွန်မင်းလတ်မှာ လမ်းလျှောက်ကာ အလုပ်သို့ လာခဲ့လိုက်သည်

နှစ်ဦးသား စကားတပြောပြောနှင့် လျှောက်လာသည်







ပန်းသခင်ရော ခွန်မင်းလတ်ပါ ပတ်ဝန်းကျင်ကို သတိမထားမိ

ကြပါ။

သို့သော်

သူ့မတို့ကို သတိထားလိုက်ကြည့်နေသူကတော့ ရှိပါ

သည်။

ထိုသူက မိုးထက် ဖြစ်သည်။

ဒေါက်တာခွန်မင်းလတ်ဆိုတာ ပန်းသခင် ငယ်ချစ်ဦး၊

မိုးထက် သိခဲ့တာ ကြာပြီဖြစ်ပါသည်။

မိုးထက်အနေနှင့်လည်း ဒေါက်တာခွန်မင်းလတ်သည်

ပန်းသခင် ငယ်ချစ်ဦးမှန်း သိပြီးကတည်းက ရင်မှာ အခံရခက်

ခက်ကြီးနှင့် အလိုမကျဖြစ်ခဲ့ရသည့်အဖြစ်တွေကလည်း မနည်း

တော့။

အချစ်ကိုတန်ဖိုးထားတတ်သော မိုးထက်သည် အချစ်

ဆိုတာကိုလည်း လွယ်လွယ်နှင့် မရှာဖွေခဲ့ပါ။

ကိုယ်နှင့် တစ်ဘဝလုံး ပေါင်းဖက်ရမည့် မိန်းကလေး

သည် ကိုယ့်အတွက် အဖြူစင်ဆုံး အသန့်ရှင်းဆုံးနှင့် ကိုယ်သည်

www.burmeseclassic.com

www.burmeseclassic.com

သူ့ဘဝရဲ့ အချစ်ဦးဖြစ်လိုသူ။ မိုးထက်အတွက် တကယ်တ
သူနှင့်လက်တွဲရမည့် မိန်းကလေးသည် သူလိုချင်သည့် အ
အထားနှင့် တခြားစီ ဖြစ်နေရုံမက သူမသည် အချစ်ဦးကို ယ
ထက်တိုင် မေ့၍မရနိုင်သေးသည်ကို သိရသောအခါ မိုးထ
သည် ထိုမိန်းကလေးကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့လေသည်။

ထိုဆုံးဖြတ်ချက်အတိုင်းလည်း ပန်းသခင်ကို မိုးထ
သည် ကျောခိုင်းခဲ့ပါသည်။

သို့သော်

ကံကြမ္မာက သူနှင့် သူမကို နောက်တစ်ကြိမ် ဆုံစေ
လာသောအခါ မိုးထက် နှလုံးသားလေးသည်လည်း ပြ
သက်ဝင်နိုးထလာရသည်။

ထိုသို့ နှလုံးသားလေး ပြန်လည်သက်ဝင် နိုးထလာ
သည်ဆိုကာမှ ပန်းသခင်သည် သူ့နှလုံးသားကို ဥပေက္ခာပြု
သောအခါ မိုးထက်ရင်ဝယ် ထိနိုက်ခံစားခဲ့ရပြီဖြစ်သည်။

သူ့ရင်ကို ပို၍ခံစားခဲ့ရသည်က ပန်းသခင်သည် 
ချစ်ဟောင်းနှင့် ပြန်ဆုံနေခြင်းပင်ဖြစ်သည်။



မိုးထက်ရင်ထဲတွင် ပန်းသခင်၏ ငယ်ချစ်ဟောင်းဖြစ်
သည့် ဒေါက်တာခွန်မင်းလတ်နှင့် ပတ်သက်လာလျှင် သူ့ရင်မှာ
ခဲ့လို မအေးချမ်းနိုင်ပါ။

ကိုယ်က ချစ်မိပြီမို့ ရင်ထဲဝယ် စိုးရိမ်စိတ်မချ ဝန်တိုမှု
ဖြင့် အမြဲ ပူလောင်နေရသည်ကိုတော့ သူကိုယ်သူသာ သိပါ
သည်။

အခုလည်း ပန်းသခင်ထံ မာမီ ခိုင်းလိုက်သည့်ကိစ္စနှင့်
ဆက် ရောက်ခဲ့ပေမယ့် သူ့အရင် ကြိုရောက်နေသော ဒေါက်တာ
မင်းလတ်ကြောင့် မိုးထက် ခြေလှမ်းများ နောက်ဆုတ်ခဲ့ရသည်။

မြင့်သောအရပ်၊ ရှည်လျားသော ဆံနွယ်ညိုကြီးများက
ကိုယ်ပေါ်တွင် ဖြာဝေဝဲကျလျက် ဝင်းဝါစိုအိသော အသား
၊ ကောက်ကြောင်းပြေပြစ်သော ခန္ဓာကိုယ်နှင့် မျက်ခုံး၊ မျက်လုံး၊
း၊ နှုတ်ခမ်းကအစ မျက်နှာကျပါမကျန် အပြစ်ရယ်လို့ ဘာ
ခုမှ ဆိုရက်စရာမရှိသည့် ပန်းသခင်သည် ထူးခြားသော
ပိုင်ရှင်မိန်းကလေး ဖြစ်ပါသည်။

သည်အလှတွေကြောင့်လည်း သူမသည် မာနကြီးနေ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့လား မသိပါ။

သူသိသည်ကတော့ ပန်းသခင်သည် မနမ်းသင့်သည့် ပန်းဖြစ်ပေမယ့် သူကိုယ်တိုင်က ထိုပန်းလေးကို မနမ်းဘဲနှင့် မနေနိုင်ပါ။

နဂိုကမှ မုန်း၍ခွဲခဲ့တာမဟုတ်သော ဒေါက်တာခွန်မင်းလတ်နှင့် ပန်းသခင်သည် ကံကြမ္မာကြောင့် လွဲခဲ့ရပေမယ့် ယခု ဒေါက်တာခွန်မင်းလတ်ကို လူလွတ်တစ်ယောက်အဖြစ်နှင့် သူမ ပြန်ဆုံရသောအခါ မိုးထက်ရင်ထဲ ပို၍ပူလောင်လာရသည်။

ယခုလည်း ကြည့်စမ်းပါဦး။

ဘေးပတ်ဝန်းကျင်ကို သတိမထားမိနိုင်လောက်အောင် ရှေ့သွားနောက်လိုက် ညီညီရှိနေသည့် ဒေါက်တာခွန်မင်းလတ်နှင့် ပန်းသခင်ကိုကြည့်ပြီး မိုးထက်ရင်ထဲ နေဆယ်စင်းမက ပူလောင် ကျွမ်းမြေ့နေရသည်။

ပန်းသခင်ကတော့ မိုးထက်အဖြစ်ကို မသိပါ။

ချစ်စဖွယ် ချိုသာသောအပြုံးလေးနှင့် ခွန်မင်းလတ်ကို စကားတွေဆိုနေသလို တစ်ခါတစ်ရံတွင် ခွန်မင်းလတ် လက်မောင်း

ီးကို သူမလက်လေးနှင့် သွားရိုက်တတ်ပုံလေးက မိုးထက် ုံးသားကို အပ်အစင်းပေါင်းများစွာနှင့် ထိုးနှက်နေသလိုပင် ုတ်ပါလား။

မဖြစ်တော့ပါ။

သူ့အနေနှင့် ထိုမြင်ကွင်းကို ဆက်ကြည့်နိုင်ဖို့ဆိုတာ ယ်လိုမှ မဖြစ်နိုင်တော့ပါ။

ကြည့်နိုင်စွမ်းလည်း သူ့နှလုံးသားကမရှိတော့။

နဂိုကတည်းက သံယောဇဉ်ရှိပြီးသား သူတို့နှစ်ဦးအတွက် ခုပုံစံအတိုင်း လွှတ်ထားပါက ပို၍ဆိုးဖွယ်ရာသာ ရှိတော့သည်။

ဒီအဖြစ်ကို မိုးထက်အနေနှင့် မသိသလို လက်ပိုက်ကြည့် ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ပါ။

သူမနှင့်ပတ်သက်၍ သူ တစ်ခုခု ဆုံးဖြတ်မှဖြစ်ပေတော့ ည်။

ဟုတ်သည်။

မိုးထက် ပန်းသခင်နှင့်ပတ်သက်ပြီး တစ်စုံတစ်ခုကို တ်ပြတ်သားသား ဆုံးဖြတ်ရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှလုံးသားကိုလည်း သူ ဒီထက်ပိုပြီး မလိမ်ညာချင်တော့ပါ။

ကြာလျှင် သူ့အခ်ခြေအနေက ဒီထက်ဆိုးဖွယ်ရာသာ ရှိတော့သည်မို့ မိုးထက်သည် ပန်းသခင်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်ပါတော့သည်။

ထိုသည်ကတော့ ပန်းသခင်ကို အမြန်ဆုံး လက်ထပ်ရန်သာ ဖြစ်တော့သည်။

◆ ◆ ◆

## အခန်း (၁၁)

"ရှင် မေမေနှင်း၊ မေမေနှင်း ပန်းသခင်ကို ပြောနေတာတွေက တကယ်လားရှင်"

"သြော် သမီးရယ်၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လား မေးနေပြန်ပြီကွယ်၊ ခု မေမေနှင်း သမီးကိုပြောတဲ့စကားတွေအားလုံးဟာ မေမေနှင်းရင်ထဲကလာတဲ့ စကားတွေဆိုတာတော့ သမီး ယုံပါ၊ သမီးဟာ မေမေနှင်းသူငယ်ချင်းသမီးဆိုပေမယ့် မေမေနှင်း စိတ်ထဲမှာတော့ သမီးဟာ မေမေနှင်း သမီးပါပဲကွယ်၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် သမီးအတွက် အဓိကထားပြီး မေမေနှင်း ကြည့်တယ်၊ မေမေနှင်း စေတနာကို သမီးလေးနားလည်စမ်း၊ မေမေနှင်း ပြောတာ ကြားလား သမီး"

www.burmeseclassic.com

www.burmeseclassic.com



ပန်းသခင် မျက်နှာလေးကို ဆွဲမော့ကာ ကြင်နာနူးညံ့ခြင်းအပြည့်နှင့် ပြောနေသော မေမေနှင်းစကားများကို ပန်းသခင်သည် ဘယ်လိုဖြေရမှန်းပင် မသိတော့ပါ။

"သမီးနဲ့ ဒေါက်တာခွန်မင်းလတ်တို့ အခြေအနေကိုလည်း မေမေနှင်း သိချင်တယ်"

"မေမေနှင်း"

"မေမေနှင်းကို သမီး ရှက်ဖို့မလိုပါဘူးကွယ်၊ ဒေါက်တာခွန်မင်းလတ်ဆိုတာလည်း ခုချိန်မှာ လူလွတ်တစ်ယောက် ဖြစ်နေပြီပဲ၊ ဒီတော့ သမီးတို့ချင်း သံယောဇဉ်မျှနေကြရင်လည်း..."

"ဟင့်အင်း ဟင့်အင်း၊ မေမေနှင်း ထင်သလိုမဟုတ်ပါဘူး၊ ပန်းသခင်နဲ့ ကိုခွန်မင်းလတ်ဟာ ခုချိန်ထိ သန့်သန့်ရှင်းရှင်း ရှိနေဆဲပါပဲ၊ ကိုခွန်မင်းလတ် ပန်းသခင်အပေါ် သံယောဇဉ်ရှိနေပေမယ့် ပန်းသခင် သူ့ကို ဘာအဖြေမှမပေးရသေးဘူး မေမေနှင်း"

"အေးလေ မေမေနှင်းအနေနဲ့ကတော့ သမီး စိတ်ချမ်းသာမှုကို ဖြစ်စေချင်တယ်၊ မိဘတွေမရှိတော့လို့ သမီးကို မေမေနှင်းတို့ဘက်က အတင်းအကျပ် ဖိအားပေးတယ်လို့ထင်မှာကိုလည်း





မေမေနှင်း မလိုလားဘူး၊ သမီး စဉ်းစားပါ၊ စဉ်းစားတဲ့အခါမှာလည်း သမီး စိတ်ချမ်းသာမှုကို အဓိကထားပြီး စဉ်းစားပါ၊ အဲသမီး တစ်ခုနားလည်ရမှာက လောကကြီးမှာ သမီးအနေနဲ့ တစ်ယောက်တည်း ရပ်တည်ဖို့မလွယ်သလို မေမေနှင်းလည်း ဘယ်လိုမှ စိတ်မချနိုင်ဘူး၊ ဒါကြောင့် သားနဲ့ ဒေါက်တာခွန်မင်းလတ် နှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုတော့ သမီး ရွေးချယ်ရလိမ့်မယ်၊ ဒီအတိုင်း အထီးကျန်နေတဲ့ သမီးရဲ့ဘဝကို မေမေနှင်း မကြည့်ရက်သလို ကွယ်လွန်သွားတဲ့ သမီးမိဘတွေကလည်း သမီးအတွက် စိတ်အေးနိုင်မှာမဟုတ်ဘူး"

ပန်းသခင်ရင်ထဲ နင့်သည်းလှိုက်ဖြာသွားရသည်။

မေမေနှင်းသည် ပန်းသခင်အတွက် သမီးတစ်ယောက်လို ချစ်ကြင်နာမှုနှင့် စိုးရိမ်နေရှာသည်ဆိုတာကို ပန်းသခင် အကြွင်းမဲ့ယုံကြည်ပါသည်။

မေမေပြီးလျှင် ပန်းသခင် ဘဝအတွက် အကောင်းဆုံး ဒုတိယလူကိုပြပါဆိုလျှင် မေမေနှင်းကိုသာ ပန်းသခင် ပြရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု မေမေနှင်းသည် သူမဘဝအတွက် ရွေးချယ်စရာ လမ်းတို့ ပြသောအခါ ပန်းသခင်သည် ဘယ်လမ်းကို နင်းရမည် မှန်း မသိပါ။

မေမေနှင်းကို ချစ်ခင်လေးစားစိတ်နှင့် မေမေနှင်းပြသည့် လမ်းတွင် လျှောက်ရန် စဉ်းစားပြန်တော့လည်း သူမအတွေးထဲ ဦးမိုးထက်၏ တည်တင်းခက်ထန်သည့်မျက်နှာကြီးက ပေါ်လာ ပြန်၏။

ထိုအခါ ပန်းသခင် ရင်အစုံသည် မွန်းကြပ်သွားရပြန်၏။

ဦးမိုးထက်။

ရူးရှသော မျက်ဝန်းများနှင့် လူကိုထွင်းဖောက်မတတ် ကြည့်တတ်သော ဒီလူတစ်ယောက်ကို ပန်းသခင်သည် မေမေနှင်း ဆန္ဒအတိုင်း လက်ထပ်လိုက်ရမည်လား။

ထိုသို့တွေးမိသည်နှင့် ပန်းသခင် ရင်ထဲ အတိတ်ကအဖြစ် များက တိုးဝင်ရောက်ရှိလာရသည်။

ပထမအကြိမ်တုန်းကလည်း ပန်းသခင်သည် ဒီလူ တစ်ယောက်နှင့် လက်ထပ်ဖို့ ကြိုးစားခဲ့ဖူးပါသည်။





သို့သော်

သူမနှင့်သူ မဆုံဖြစ်ခဲ့ပါ။

ဒါကလည်း နှစ်ဦးသား ထားရှိကြသည့် မာနများကြောင့် သာ ဖြစ်သည်ဆိုတာကိုတော့ ပန်းသခင်ရော ဦးမိုးထက်ပါ အသိ ဆုံးဖြစ်ကြပါသည်။

"သားဟာ သမီးအပေါ်မှာ သံယောဇဉ်ရှိရှာပါတယ်ကွယ်၊ သမီးအပေါ်ထားတဲ့ သားရဲ့သံယောဇဉ်တွေကိုလည်း မေမေနှင်း မိခင်တစ်ယောက်အနေနဲ့ လှမ်းမြင်နေရတာပဲ၊ ဒါပေမဲ့ ခက်တာက သားဟာ စကားအပြောမတတ်ရှာဘူး၊ သူ သမီးကိုချစ်ပေမယ့် ချစ်တဲ့အကြောင်းကိုလည်း ဖွင့်မပြရှာတတ်ဘူးလေ"

သူမကိုချစ်သည်၊ မချစ်သည်ဆိုတာကို ပန်းသခင် မသိ ပေမယ့် သူမနှင့်တွေ့ဆုံရတိုင်း သူ့အပြုအမူတွေက သူမအပေါ် စိမ်းလွန်းနေတာကိုတော့ ပန်းသခင် ကိုယ်တွေ့ကြုံခဲ့ရသည်ပဲ။

မေမေနှင်းကသာ ဦးမိုးထက် သူမကိုချစ်ပါသည်၊ သံယောဇဉ်ရှိပါသည်ဟု ပြောနေပေမယ့် ဦးမိုးထက်၏ အပြုအမူ နှင့် အပြောအဆိုတွေက သူမအပေါ် သံယောဇဉ်ရှိသည့်လူ၊ ချစ်ခင်



www.burmeseclassic.com

www.burmeseclassic.com



သည့်လူနှင့် နည်းနည်းလေးမှမတူပေ။

ပန်းသခင်သည် မေမေနှင်း စကားကို ဘာမှမတုံ့ပြန်ဘဲ ငြိမ်ငြိမ်သာနေလိုက်သည်။

ဪ...လောကတွင် ဘယ်မိဘကမှ ကိုယ့်သားသမီးကို ဆိုးသည်လို့ မမြင်တတ်တာ လောက၏သဘာဝပင်ဖြစ်သည်။

"မေမေနှင်း"

"ပြောလေ သမီး"

"ခု မေမေနှင်း ပန်းသခင်ကိုပြောတဲ့စကားတွေကို သူ သိလားဟင်"

ပန်းသခင်ရဲ့ မဝံ့မရဲအမေးကြောင့် ဒေါ်နှင်းမိုးစက် ပြုံးသွားရပြီး

"သားလည်း သိပါတယ်"

"ဟင် ဒါဆို သူ သူ ဘာပြောလဲ မေမေနှင်း"

သိချင်စိတ်နှင့် ပန်းသခင်သည် မေမေနှင်းအား ခပ်လောလောမေးလိုက်သည်။

"သားက တစ်ခါတစ်ရံ ခေါင်းမာတတ်တာကလွဲလို့



မေမေနှင်းစကားကို နားထောင်တဲ့ကလေးပါ"

"ဒါဆို"

"ဟုတ်တယ် သမီး၊ သားကိုယ်တိုင်က ဒီကိစ္စကို လိုလိုချင်ချင်နဲ့ လက်ခံလိုက်တာ"

"အို"

မယုံနိုင်စရာပါပဲလားကွယ်။

တွေ့လိုက်တိုင်း တစ်ယောက်နှင့်တစ်ယောက် ဘုနှင့်ဘောက် ဖြစ်နေရသည့်လူက ပန်းသခင်အား လက်ထပ်ဖို့ကို သူ့အနေနဲ့ လိုလိုချင်ချင် လက်ခံလိုက်သည်တဲ့လား။

မထင်ခဲ့ပါကွယ်။

လူကိုတွေ့ရင် ရှုတည်တည်မျက်နှာထားကြီးနဲ့ ကြည့်တတ်ရုံမက ယောကျ်ားတစ်ယောက်၏ ရှိသင့်ရှိထိုက်သော မာနထက် ပိုနေသော ဒီယောကျ်ားသည် ပန်းသခင်ကို လက်ထပ်ချင်သည်တဲ့လား။

"တကယ်တော့ သမီးနဲ့သားရဲ့ကိစ္စကို မေမေနှင်း အရင်ကတည်းက စီစဉ်ခဲ့ချင်တာ သမီးလည်း အသိပါကွယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

သမီးကို မေမေနှင်းတို့ လူကြီးတွေက ဖွတ်တိုးဖိအားပေးတယ်လို့ ထင်မှာတို့လည်း မေမေနှင်း စိုးရိမ်ခဲ့တယ်၊ ဒါပေမဲ့ အခုတော့ မေမေနှင်း မစိုးရိမ်ချင်တော့ဘူး၊ ဘာလို့လဲဆိုတော့ သမီးဘဝ ဒီထက်သာယာစိုပြည်တာကို မေမေနှင်း မြင်ချင်လို့ပဲဆိုပါတော့"

ဒေါ်နှင်းမိုးစက် စကားများကို ပန်းသခင်သည် ကောင်းသည် ဆိုးသည် ဘာတစ်ခုမှ ပြန်မပြောတော့ပါ။

မေမေနှင်းသည် ပန်းသခင်ဘဝကို အကောင်းဆုံးဖြစ်စေချင်သည့်သူဆိုတာ ပန်းသခင် သိနေ၍ပင်ဖြစ်သည်။

ထို့အတူ မေမေနှင်း၏ စကားများသည် ပန်းသခင် နှလုံးသားထဲသို့ တဖြည်းဖြည်းရောက်ရှိလာရပြီဖြစ်သည်။

တစ်ဆက်တည်း ပန်းသခင်သည် အချိန်ကြာမြင့်စွာ ခံစားခဲ့ရသည့် မွန်းကြပ်ပိတ်လှောင်နေမှုများကို စိတ်လွတ်ကိုယ်လွတ်သာ လွှတ်ပေးလိုက်ချင်ပါတော့သည်။

ဖြစ်နိုင်လျှင် ပန်းသခင်သည် ဘာဆိုဘာမှ မတွေးချင်တော့။

ပန်းသခင်၏ ဘဝတစ်ခုလုံးကို ပန်းသခင်ဘဝအတွက် အားကိုးဖွယ်ရာကောင်းသည့် မေမေနှင်းလက်ထဲမှာသာ ပေးအပ်လိုက်သည်က ပန်းသခင်အတွက် အကောင်းဆုံးသာ ဖြစ်ပါလိမ့်မည်။





ပန်းသခင်သည် မေမေနှင်း ရင်ခွင်ထဲ ကလေးတစ်ယောက်လို ခေါင်းကိုတိုးဝင်ရင်းက

"မေမေနှင်း မေမေနှင်းရယ်၊ ပန်းသခင်တော့ ဘာမှမသိတော့ပါဘူးရှင်"

ပြောရင်းက ပန်းသခင် ဝမ်းနည်းစိတ်တို့ဖြစ်လာကာ မျက်ရည်တွေက ပါးပြင်ထက် စီးကျလာရသည်။

"မငိုပါနဲ့ သမီးရယ်၊ သမီးဖြစ်စေချင်တဲ့အတိုင်း မေမေနှင်း အားလုံးစီစဉ်ပေးမှာပါ၊ သမီး ဘယ်သူနဲ့ပဲလက်ထပ်လက်ထပ် သမီးဟာ မေမေနှင်းရဲ့ ထာဝရသမီးပါပဲ"

ဝေဝါးနေသော မျက်ရည်များကြားက ပန်းသခင်သည် မေနှင်းကို အားကိုးတွယ်တာစွာ မော့ကြည့်လိုက်သည်။

ကြည့်ပါဦးတော့။

ပန်းသခင်အပေါ် ဟိုးယခင်ကတည်းက အခုချိန်ထိ သမီး



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်လို ချစ်ခင်နိုင်လွန်းသည့် မေမေနှင်း။ ပန်းသခင်သ
မေမေနှင်းမေတ္တာများကို တစိမ့်စိမ့်ခံယူရင်းက ရင်မှာ ကြည်
လာရသည်။

တစ်ဆက်တည်း သူမစိတ်ထဲတွင် မေမေနှင်းကို သူမ
မေမေရယ်ဟု မြင်လာရသည်အထိ မေမေနှင်း၏မေတ္တာသ
ပန်းသခင်အပေါ် ကြီးမားနေရသည်မဟုတ်လား။

"မေမေနှင်း"

"ပန်းသခင်"

"ပန်းသခင် ပန်းသခင် သူ့ကိုမုန်းတယ်"

ပန်းသခင်၏ ကလေးဆန်သောစကားကြောင့် ဒေါ်နှ
မိုးစက်သည် ဟက်ဟက်ပက်ပက် ရယ်မောရင်းက

"ကြည့်စမ်း၊ မေမေနှင်းသမီးက ခုထိ ကလေးဆန်
တုန်းပါလား၊ အေး ဒါပေမဲ့ တစ်ခုတော့ သမီးမှတ်ထားရမ
နော်၊ အဲဒါ ဘာလဲဆိုတော့ မုန်းပြီးရင် ချစ်သွားတတ်ကြလို့ပဲ"

"ဟာ မေမေနှင်း"

ပန်းသခင်သည် ရှက်လန့်တကြားလေးအော်ရင်း မေ

နှင်း ရင်ခွင်ထဲ သူမမျက်နှာလေးကို ဖွက်ထားလိုက်သည်။

ရင်တွေကတော့ ဘာခုန်သလဲမမေးပါနှင့်။ တဒိတ်ဒိတ်
နှင့် ရင်ခုန်သံတွေ မြန်နေသည်မှာ မေမေနှင်း ကြားမည်ကိုပင်
ပန်းသခင် စိုးရိမ်လျက် စိတ်မှာ တိတ်တဆိတ်ပြောလိုက်သည်က
"မေမေနှင်းရယ် ပန်းသခင်ဘဝကို မေမေနှင်း စိတ်ကြိုက်သာ
ပန်တီးပါတော့" ဟူ၍ပင်ဖြစ်တော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟင် ဦးမိုးထက်"

ပန်းသခင်သည် သူ့မရုံးရှေ့တွင် စောင့်နေသော ဦးမိုးထက် ကြည့်ပြီး အံ့သြသွားရသည်။

အံ့သြမှုနှင့်အတူ ပန်းသခင်သည် မေမေနှင်းအတွက်လည်း သွားရကာ

"မေမေနှင်း ဘာဖြစ်လို့လဲ ဦးမိုးထက်"

"မာမီ ဘာမှမဖြစ်ပါဘူး"

"ရှင်"

"ဒါပေမဲ့ မာမီက ကျုပ်ကို မင်းဆီလွှတ်လိုက်တာ"

"ကိစ္စက"



www.burmeseclassic.com

www.burmeseclassic.com



""ဒီညနေ မာမီက မင်းကို အိမ်မှာထမင်းစားဖို့ ဖိတ်**ထိုင်တယ်**""

""အို အားနာစရာ""

""မဝ်း ဒီလိုငြင်းမှာသိနေလို့ မာမီက မင်းကို မဖြစ်မနေ ခေါ်ခဲ့ဖို့ ကျုပ်ကို သေချာမှာလိုက်တယ်""

ကြည့် စကားပြောပုံကိုက နည်းနည်းမှ အချိုးမပြေ။

သူမကို မဖြစ်မနေ ခေါ်မည်ဆိုတော့ ဘယ်လိုပုံစံနှင့်များ ခေါ်မလို့ပါလိမ့်။

တကယ်ဆို ဦးမိုးထက်သည် သူမကို ဒီထက်ပြေပြစ်သည့် စကားနှင့်ပြောလျှင် ဖြစ်ပါလျက်နှင့် အခုတော့ စကားကို တစ်ဖက်လူ ခံရခက်အောင် ခွကျကျ ပြောလိုက်ပုံက အရင်စိတ်နှင့်သာဆိုပါက ပန်းသခင်သည် သူ့ကို တစ်ခုခုပြန်ပြောမိလေမလား မသိပါ။

သို့ပေမယ့် ခုချိန်ဝယ် မေမေနှင်း စကားတွေက သူမနှလုံးသားကို များစွာ ပျော့ပျောင်းနူးညံ့နေစေရသည်မို့ ပန်းသခင်သည် မျက်ဝန်းတောက်တောက်လေးနှင့် သူ့ကိုကြည့်လိုက်ပြီး

[redacted]



""ပန်းသခင် ရှင်နဲ့အတူပါမလာရင် မေမေနှင်းက ရှင့်ကို ...မှာလား""

မထင်မှတ်စွာ မေးလိုက်သည့် ပန်းသခင်စကားကြောင့် ...သည် အံ့ဩသွားရပုံနှင့် ရှိနေရာမှ တဖြည်းဖြည်း သူ့မျက်နှာ ...ပြုံးသည် ပြုံးလာရပြီး

""အပွန်း ပွန်း ဆူတယ်မဟုတ်ပေမယ့် ကျုပ်ညံ့တာကို ...မိ သိသွားမှာပေါ့""

ဘုရားရေ။

ဒါ သူ ဘာစကားပြောတာပါလိမ့်။

ပန်းသခင်သည် သူညံ့တာမသိရလေအောင် သူ့နောက်ကို ...င် လိုက်ရမည့်ပုံလိုလို။

ပန်းသခင်သည် သူ့ကိုအရွဲ့တိုက်ကာ မလိုက်ဘဲနေလိုက် ...င်ပေမယ့် လူကြီးဖြစ်သည့် မေမေနှင်းကိုလည်း အားနာရသည်

""မေမေနှင်းရဲ့မျက်နှာသာ မရှိရင် ရှင် ဘယ်လောက်ပဲ ...ခေါ် ပန်းသခင် လိုက်ချင်မှ လိုက်မိမှာ၊ အဲဒီအခါကျရင် ရှင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘက်က ဘာတတ်နိုင်မှာမို့လို့လဲ"

"အဟွန်း ဒါကတော့ ဖြစ်လာတဲ့အခြေအနေပေါ်မှာ မူတည်ပြီး ကျုပ်ကလည်း ဆုံးဖြတ်သွားရမှာပေါ့"

ကြည့်စမ်း

သူ့စကားတွေက သူမကို စိန်ခေါ်နေသလိုပါပဲလား။

သည်လူတော့ စိတ်ပေါက်ပေါက်နှင့် မလိုက်ဘဲနေလိုက်မှဖြင့်။

ကလေးဆန်သည်ပဲပြောပြော ပန်းသခင်သည် သူမ၏ ပင်ကိုစိတ်နှင့် ဂျစ်ကျချင်စိတ်က ဖျတ်ခနဲ ပေါ်လာရသည်။

သို့သော် မဖြစ်သေးပါဆိုသော အသိစိတ်နှင့် ပန်းသခင်သည် နှုတ်ခမ်းဖူးဖူးစိုစိုလေးကို ဖိကိုက်လိုက်ပြီး

"ကောင်းပြီလေ၊ ဒီတစ်ခါတော့ ပန်းသခင် မေမေနှင်း မျက်နှာနဲ့ လိုက်ခဲ့ပါမယ်၊ ဒါပေမဲ့ နောက်တစ်ခါ ရှင့်ရဲ့ဆုံးဖြတ်မှုက ဘယ်လိုလဲဆိုတာ ပန်းသခင် ကြည့်ရသေးတာပေါ့"

ပြောပြီး ပန်းသခင်သည် သူ အသင့်ဖွင့်ပေးထားသည့် ကားတံခါးမှနေ ကားထဲ ဝင်ထိုင်လိုက်လေသည်။



အင်း ဒီလိုဆိုတော့လည်း ဒီလူ ဘယ်ဆိုးလို့လဲ၊ အခြေအနေ တိုးတက်လာပါလားဟု စိတ်မှာ ဆိုလိုက်မိသည်။

မိုးထက်သည် ပန်းသခင် ဘက်မှ ကားတံခါးကိုပိတ်ပေးပြီးသည်နှင့် သူသည်လည်း ကားကို နေရာမှ ညင်သာစွာ မောင်းထွက်လာခဲ့သည်။

တစ်လမ်းလုံး ပန်းသခင်နှင့် မိုးထက်သည် တစ်ယောက်နှင့်တစ်ယောက် စကားမဆိုမိကြပါ။

ကိုယ်စီ မာနလေးတွေနှင့် နှုတ်ဆိတ်နေကြကာ သူက မပြောမလား၊ ကိုယ်က စပြောမလားနှင့် တစ်ယောက်အခြေအနေကို တစ်ယောက် မသိမသာ အကဲခတ်လျက်ရှိနေသည်။

သို့သော် အိမ်သာ ရောက်လာပါသည်။ နှစ်ဦးစလုံး တစ်ယောက်မှ စကားမဆိုမိကြပါ။

အိမ်ရောက်တော့ မေမေနှင်းသည် ထမင်းပွဲနှင့် ပန်းသခင်တို့အား အသင့်စောင့်နေလေသည်။

"လာ သမီး လာ၊ မေမေနှင်းက မိသားစု စုံစုံညီညီ ထမင်းလက်ဆုံစားချင်လို့ သားကို အခေါ်လွှတ်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



''မေမေနှင်းရယ် အလကား ဒုက္ခရှာလို့''

''အို ဘယ်က ဒုက္ခရှာလဲကွယ်၊ မေမေနှင်းကတော့လေ ခုချိန်ကစပြီး ဒီလိုမျိုး မိသားစုဘဝလေးနဲ့ အမြဲ စုံစုံညီညီ ထမင်းစားချင်တော့တာပါပဲ''

''အို''

အဓိပ္ပာယ်များစွာပါဝင်နေသည့် အကြည့်ဖြင့် ပန်းသခင်ကို ပြောလိုက်သော မေမေနှင်း စကားကြောင့် ပန်းသခင်သည် ဦးမိုးထက် ရှေ့တွင် မနေတတ်အောင်ဖြစ်သွားရသလို သူမအား စူးစူးစိုက်စိုက်ကြည့်နေမည့် သူ့မျက်နှာကြီးကိုလည်း မကြည့်ရဲတော့လောက်အောင် ရှိသွားသည်။

ဒါကို မိုးထက် သိပါသည်။

မာမီ့စကားကြောင့် သူမလေး သူ့ကို မကြည့်ရဲတော့လောက်အောင် ရှက်သွေးဖြာသွားမှန်း သိပေမယ့် မိုးထက်သည် သူမလေးအဖြစ်ကို မသိဟန်ပြုကာ သူမ အနေမခက်စေရန် မျက်နှာကြီးကို လိုသည်ထက်ပိုကာ တင်းထားလိုက်သည်။

သူ ဒီလိုတင်းပြန်တော့လည်း ပန်းသခင်သည် စိတ်ဝယ်



တစ်မျိုးထင်သွားရသည်။

ဟွန်း ကြည့်ပါဦး။

ကောက်ညှင်းကမစေး၊ ဆန်ကြမ်းက စေးနေရတယ်လို့ဘကယ်ဆို ဒီစကား ပန်းသခင်က မကြိုက်ကြောင်း ပြရမည့်ဟာ ခုတော့ အဖြစ်က သူက ပြန်၍မကြိုက်သလို မျက်နှာကြီး တည်ဘင်းနေရသည့်အဖြစ်။

''သား သမီးပန်းကန်ထဲ ဟင်းတွေ ခပ်ထည့်ပေးလေကွယ်''

မိန်းကလေးများနှင့် ပတ်သက်လာလျှင် အတွေ့အကြုံရှိ ရိုးလွန်း အလွန်းသော သားဖြစ်သူကို ဒေါ်နှင်းမိုးစက်သည် အားမလိုအားမရနှင့် ဆိုလိုက်သည်။

ထိုအခါမှ မိုးစက်သည် မျက်နှာတည်တည်ကြီးနှင့် ပန်းသခင် ပန်းကန်ထဲသို့ ဟင်းခပ်ထည့်ပေးလိုက်သည်။

''ရပါတယ် မေမေနှင်း၊ ပန်းသခင်ဘာသာ ထည့်စားပါ့မယ်''

သူ့ကို တစ်ချက်လေးမှမကြည့်ဘဲ မာမီကိုသာ ဦးတည်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လျက် ပြောနေသော သူမပုံစံက သူမအနား သူရှိသည်လို့ပင် ထင်မှတ်ပုံမရပါ။

မင်းတော့လား နေနှင့်ဦးပေါ့ ဟူသော စကားကိုတော့ မိုးထက် စိတ်မှာသာ ကြိတ်၍ဆိုလိုက်မိပါ၏။

မိုးထက်မှာ ပန်းသခင်အပေါ် စိတ်မှာမချင့်မရဲကြီး ဖြစ်ရသည်မို့ သမင်းကို အမြန်ဆုံး လက်စသတ်စားလိုက်ပြီး

"မာမီ သား အလုပ်ကိစ္စလေးရှိသေးလို့ သွားလိုက်ဦးမယ်"

"စောစောတော့ ပြန်လာနော် သား၊ မင်းညီမကို လိုက်ပို့ရဦးမယ်"

"နေပါစေ မေမေနှင်း၊ ပန်းသခင် အဆင်ပြေသလိုပဲ ကြည့်ပြန်ပါ့မယ်"

"အဆင်ပြေသလိုဆိုတာ ဘာလဲ၊ ဒေါက်တာခွန်မင်းလတ် အားကိုးနဲ့ ပြောတာလား"

"အို"

"ဟဲ့ သား"





မိုးထက်သည် နောက်ပါးတွင် ကျန်ရစ်မည့် စကားသံများကိုလည်း ဂရုမစိုက်တော့ပါ။

သူတစ်ယောက်လုံးရှိပါလျက်နှင့် ဒေါက်တာခွန်မင်းလတ် အပေါ် အားကိုးအထင်ကြီးနေသော ပန်းသခင်ကို အကြည့်စူးစူးနှင့် တစ်ချက်ကြည့်ပြီး နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့သည့်တိုင် ရင်ထဲမှာတော့ ပူလောင်ဆူဝေနေရသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ပန်းသခင်သည် အိပ်ရာထဲတွင် လူက တလူးလူး တလွန့်လွန့်နှင့် ဘယ်လိုမှ အိပ်၍မပျော်နိုင်ပါ။

အိပ်ပျော်လို့လည်း ရမည်တဲ့လား။

မေမေနှင်းသည် ပန်းသခင်အား ဦးမိုးထက်နှင့် လက်ထပ်ပေးရန် အမြန်ဆုံးစီစဉ်နေပြီဆိုတာ မေမေနှင်းပြောပြ၍ ပန်းသခင်သိခဲ့ရပြီဖြစ်သည်။

ပန်းသခင်သည် မေမေနှင်း စိတ်ချမ်းသာစေရန် ဦးမိုးထက်ကို လက်ထပ်ပါမည်ဟု ပြောခဲ့ရပေမယ့် တကယ်တမ်း ဦးမိုးထက်ကို လက်ထပ်ရမည်ဆိုသောအခါ ပန်းသခင်ရင်ထဲ စိုးရွံ့တုန်လှုပ်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မတုန့်လှုပ်၍လည်း မဖြစ်ပါ။

ပန်းသခင်သည် ဦးမိုးထက်နှင့်လက်ထပ်ရန် ပြင်ဆင်ခဲ့ခြင်းမှာ အခုအကြိမ်နဲ့ပါဆို နှစ်ကြိမ်မြောက် ကြိုးပမ်းခဲ့ခြင်းပင်ဖြစ်သည်။

ပထမအကြိမ်တုန်းကဖြင့် ပန်းသခင်ရော သူပါ ကိုယ်စီမာနတွေနှင့် တင်းမာခဲ့၍ စေ့စပ်ပွဲ ပျက်ခဲ့ရပြီးဖြစ်သည်။

ထိုစဉ်တုန်းကတော့ ပန်းသခင်သည် ဦးမိုးထက်နှင့် စေ့စပ်ပွဲပျက်လို့ ခံစားရတာထက် လူကြီးတွေစီစဉ်သလို ဦးမိုးထက်နှင့် စေ့စပ်တာကို လက်ခံပါတော့မည်ဟု ဖေဖေ့ကို ကတိပေးပြီးကတည်းက ပန်းသခင်သည် သူမ၏ချစ်ဦး ခွန်မင်းလတ်ကို ဖေဖေ့အလိုကျ အဆက်အသွယ်ဖြတ်ခဲ့၍ ခံစားရတာက ပိုပေသည်။

ပန်းသခင်သည် ဖေဖေ့ဆန္ဒအတိုင်း ဦးမိုးထက်ကို စေ့စပ်ရန် လက်ခံသဘောတူသည့်ကြားက ဦးမိုးထက်နှင့် သူမသည် ဘာမဟုတ်သည့်ကိစ္စနှင့် မာနကိုယ်စီ တင်းမာကာ စေ့စပ်ပွဲကို နှစ်ဦးသဘောတူ ဖျက်ခဲ့လေသည်။

ထို့အတူ ပန်းသခင်သည် ချစ်ဦးသူ ခွန်မင်းလတ်ကို လက်မထပ်ပါဟူသည့် ကတိကိုလည်း ဖေဖေ့အား ပေးခဲ့ရလေသည်။

ဦးမိုးထက်နှင့် ပန်းသခင် စေ့စပ်ရန် လူကြီးတွေ စီစဉ်စဉ်မှာပင် ခွန်မင်းလတ်သည်လည်း မိန်းကလေးတစ်ယောက်နှင့် လက်ထပ်သွားကြောင်း ပန်းသခင် သိခဲ့ရသည်။

ထိုစဉ်တုန်းကတော့ ပန်းသခင်သည် ချစ်ဦးသူအတွက် ခံစားရသည်မှာ ရင်မှာ မချိနိုင်အောင်ပင်။

ချစ်လျက် လမ်းခွဲရသည့် ချစ်ဦးသူအတွက် ပန်းသခင်ရင်ထဲ ဝေဒနာတွေက ဘာနှင့်မှ ဖြေသိမ့်လို့မရနိုင်ခဲ့ပါ။

တကယ်တော့ ပန်းသခင်ကို ဖေဖေသည် ခွန်မင်းလတ်နှင့် သဘောမတူရခြင်းက ပန်းသခင်အတွက် ရည်ရွယ်ထားသည့် ဦးမိုးထက် ရှိနေသောကြောင့်ဆိုတာ ပန်းသခင်သည် အချိန်များစွာ နောက်ကျပြီးမှ သိခဲ့ရလေသည်။

ဖေဖေသည် ပန်းသခင်ကို ဦးမိုးထက်နှင့် သဘောတူခဲ့သော်လည်းပဲ ဦးမိုးထက်နှင့် ပန်းသခင်သည် ဖေဖေ မျှော်လင့်သလို



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဆုံခဲ့ခြင်းမရှိပါ။

တစ်ယောက်နှင့်တစ်ယောက် မချစ်မနှစ်သက်သူ သူတင်းကိုယ်တင်းနှင့် နောက်ဆုံး စေ့စပ်ပွဲလည်း ပျက်ခဲ့ရ အထိပင် ဖြစ်ခဲ့ရသည်။

ပန်းသခင်နှင့် ဦးမိုးထက် မင်္ဂလာပွဲကို အရမ်းမျှော် ခဲ့သော ဖေဖေမှာ ထိုစိတ်နှင့်ပင် စိတ်ထိခိုက်ကာ ကွယ်လွန် သည်။

သားအဖနှစ်ယောက်တည်းရှိသည့်ဘဝ ဖေဖေ ဆုံး သွားသောအခါ ပန်းသခင်ဘဝသည် လေမှာလွင့်သည့် သစ် ကြွေလို ဖြစ်ခဲ့ရသည်။

စေ့စပ်ပွဲပျက်သွားရခြင်းအတွက် ပန်းသခင် ဖေဖေ လွန်ခဲ့သလို မေမေနင်းသည်လည်း သားဖြစ်သူ ဦးမိုးထ စိတ်ဆိုးမာန်ဆိုးနှင့် စွန့်ပစ်သည်အထိ နာကြည်းသွားကြော တော့ ပန်းသခင် ကြားသိခဲ့ရပါသည်။

သို့သော် ပန်းသခင်သည် ဘာကိုမှ စိတ်မဝင်စားနိုင် ပါ။ အမိမဲ့ဘဝဖြင့် ကြီးပြင်းခဲ့ရသော ပန်းသခင်သည် ဖေဖေ

[redacted]



များစွာတွယ်တာလွမ်းသူလည်း ဖြစ်ပါသည်။

ဖေဖေ့ကို သူမ သတ်တာဟူသော စိတ်အတွေးဖြင့် သခင်သည် သူမကိုယ်သူမ ဖြေသိမ့်လို့မရသလို တစ်ဖက်က ည်း ဦးမိုးထက်ဆိုသည့်လူကို ပန်းသခင်သည် ခါးခါးသီးသီး ကြည်းမုန်းတီးခဲ့ရသည်။

တစ်ခါတစ်ခါတော့လည်း ပန်းသခင်သည် ဦးမိုးထက် လွဲခဲ့ရခြင်းအပေါ် သူမ ကံကောင်းသည်လို့လည်း ထင်မှတ် သည်။

မချစ်မနှစ်သက်သောလူနှင့် ပေါင်းဖော်ရခြင်းဒုက္ခကို သခင် ဘယ်လောက်များ ခံစားနိုင်မှာသည်တဲ့လဲ။

ထိုအချိန်ကတည်းက ပန်းသခင်သည် မေမေနင်းနှင့်လည်း အဆက်အသွယ်ပြတ်သလောက် ရှိသွားခဲ့သည်မှာ ယခု ထက်ကြောင့်ပင် သူမသည် မေမေနင်းနှင့် ပြန်ဆုံရခြင်းဖြစ် သည်။

ထို့အတူ ယခင်ကနှင့်မတူ ကုန်လွန်ခဲ့သည့်အချိန်များ ောင်း များစွာပြောင်းလဲသွားရသော ဦးမိုးထက်ကို ပန်းသခင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သည် အံ့သြမှုနှင့် နာကြည်းနေဆဲရှိသည့်ကြားက မေမေနှင်းသ
သူမကို ဦးမိုးထက်နှင့် နောက်တစ်ကြိမ် မင်္ဂလာစကား ဆို
ပြန်သောအခါ ပန်းသခင် မေမေနှင်းကို ငဲ့ညှာစိတ်နှင့် ငြင်းဆ
ခက်ခဲသွားရသည်။

အချိန်များစွာ တစ်ယောက်တည်း အထီးကျန်ဆန်ခဲ့
ပန်းသခင်သည် သူမ ထာဝရနားခိုရမည့် ရင်ခွင်ကိုလည်း
ချယ်ဖို့ကောင်းပြီဆိုတာ ပန်းသခင် သူမကိုယ်သူလည်း
သည်။

ဖေဖေမရှိတော့တဲ့ အချိန်ကတည်းက ပန်းသခင်သ
လောကကြီးကို အရှုံးမပေးဘဲ တစ်ယောက်တည်း ရပ်တည်
မယ့် တစ်ခါတစ်ရံတော့လည်း ပန်းသခင် အားငယ်ရပါ
အားငယ်စိတ်၊ အထီးကျန်မှုတွေနှင့် ပန်းသခင် နွေးထွေးလုံ
သည့် ရင်ခွင်ရိပ်ကို မျှော်မှန်းပေမယ့် သူမမျှော်မှန်းသည့် ရင်
ရိပ်သည် တစ်ချိန်က ပန်းသခင် အမုန်းဆုံးလူဖြစ်ခဲ့သည့် ဦးမိုး
၏ ရင်ခွင်ရိပ်ဖြစ်နေခြင်းကတော့ ပန်းသခင် နှလုံးသားမှာ
အပ်စူးစူးနှင့် အထိုးဆွခံရသလို ခံစားရသည့်အဖြစ်။





တစ်ယောက်နှင့်တစ်ယောက် အိမ်ထောင်ရေးကို အချစ်
ါ တည်ဆောက်ရမည်မှန်း သေချာစွာသိလာရလေလေ
်သခင် ရင်ထဲ ပို၍လေးလံရလေဖြစ်သည်။

ပန်းသခင်သည် ထိုဝေဒနာများကို မခံစားလို၍ ခွန်မင်း
တ်ကို လက်ခံရန် စဉ်းစားလိုက်တိုင်း ဖေဖေ့ကိုပေးထားခဲ့သည့်
တိနှင့် မေမေနှင်း၏ မျှော်လင့်ရိပ်များသမ်းနေသော အကြည့်
းက ပန်းသခင် နှလုံးသားကို လှုပ်၍မရအောင် တုပ်နှောင်လွှမ်း
ရသည်။

သည်တစ်ကြိမ်လည်း ပန်းသခင်သည် ချစ်ဦးသူ ခွန်မင်း
တ်အတွက် စိတ်မကောင်းရုံကလွဲလို့ သူမ ဘာမှမတတ်နိုင်ခဲ့
။

မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ဖေဖေ ဖြစ်စေ
်သည့်ဆန္ဒ၊ မေမေနှင်း မျှော်လင့်သည့် မျှော်လင့်ချက်၊ လူကြီး
ွ၏ ဆန္ဒသဘောထားကို ပန်းသခင်သည် ဒီတစ်ကြိမ်လည်း
လုံးသားကို စတေးခံ၍ ချစ်ဦးသူကို စွန့်လွှတ်ရဦးမည်ဖြစ်သည်။

'ခွင့်လွှတ်တော့ မောင်' ဟူလို့သာ ပန်းသခင်သည်



www.burmeseclassic.com

www.burmeseclassic.com

ခွန်မင်းလတ်ကို စိတ်ကနေ တောင်းပန်နေမိတော့သည်။

သို့သော်

ရင်မှာတော့ များစွာကြေကွဲ ထိခိုက်နေရလေတော့သည်။

◆ ◆ ◆



## အခန်း (၁၄)

"ပန်းသခင် ဒီစကား တကယ်ပြောနေတာလား"

ပျက်ယွင်းသွားသော မျက်နှာနှင့် မယုံကြည်နိုင်စွာမေးသော ခွန်မင်းလတ်ကို ပန်းသခင် ခေါင်းညိတ်ပြလိုက်ပြီး

"ဟုတ်ပါတယ် ကိုခွန်မင်းလတ်၊ ပန်းသခင် ဦးမိုးထက် လက်ထပ်တော့မယ်ဆိုတာ တကယ်ပါ"

"မဟုတ်တာကွာ၊ မဖြစ်နိုင်ဘူး၊ ကိုယ် ဘယ်လိုမှ က်မခံနိုင်ဘူး၊ ပန်းသခင် မင်း မင်း မောင့်အပေါ်မှာ ဒီတစ်ခါ ည်း တကယ်ပဲ ရက်စက်နိုင်ပြီလား"

ချက်ချင်းလိုပင် နီရဲစိုစွတ်လာရသော မျက်ဝန်းများနှင့် န်းသခင်ကိုယ်လေးကို ပခုံးမှနေကိုင်လှုပ်ကာ မယုံကြည်နိုင်စွာ


www.burmeseclassic.com

www.burmeseclassic.com

ခံစားချက်တွေနှင့်မေးနေသော ခွန်မင်းလတ်ကို ပန်းသခင် မ
မကောင်းရုံကလွဲပြီး သူမ ဘာမှမပြောနိုင်ပါ။

သူမ ထိုသို့ငြိမ်သက်လေလေ ခွန်မင်းလတ်ရင်ထဲ
ခံစားရလေမို့ ပန်းသခင် ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်
လိုက်ပြီး

''မင်း ပြောစမ်းပါ ပန်းသခင်၊ မင်း မောင့်ကို ဒီတ
လည်း အရင်ကလိုပဲ တကယ်ရက်စက်နိုင်သလားဆိုတာ''

''လွှတ်ပါ ကိုခွန်မင်းလတ်၊ ပန်းသခင်ကို လွှတ်
ပန်းသခင် ပန်းသခင် ဘာမှမပြောပါရစေနဲ့တော့၊ ပန်းသခင်
ကိုခွန်မင်းလတ် ထင်ချင်သလို ထင်ပါတော့ရှင် အဟင့် ဟင့်

ဆုံဖို့ကံ ပါမလာတော့ ဘယ်လိုပဲ ကြုံလာလာ ပန်းသ
နှင့် ခွန်မင်းလတ်သည် ဘယ်လိုမှ ပေါင်းဆုံခွင့်မရှိနိုင်ခြင်း
နှစ်ဦးစလုံး၏ရင်ကို နာကျင်စေရပါသည်။

ခွန်မင်းလတ်မှာ ပန်းသခင် မျက်ရည်များကို မြင်ရ
သူ့ရင်မှာ ပို၍ခံစားထိခိုက်ရလေမို့ အံကို တင်းတင်းကြိတ်
ရင်းက





''မငိုနဲ့၊ မင်း မငိုပါနဲ့ ပန်းသခင်၊ မောင်ကြောင့် မင်း မျက်ရည်ကျတာမျိုး မောင် မကြည့်ရက်ဘူး၊ မင်း မောင့်ကို လက်ထပ်ပါ ပန်းသခင်၊ မောင် ဒီတစ်ခါ မင်းရဲ့ဝေးရရင် ရူးလိမ့်မယ်''

''အဟင့် ဟင့် ကိုခွန်မင်းလတ်ရယ်''

တစ်ကြိမ်မက နှစ်ကြိမ်နှစ်ခါ အသည်းကွဲရသည့် ချစ်ဦးသူအတွက် ပန်းသခင် မျက်ရည်ကျရုံကလွဲလို့ ဘာတတ်နိုင်မှာလဲ။

''ကံကြမ္မာက မောင့်ကိုခုချိန်ထိ မျက်နှာသာမပေးသေးပါလား၊ ခုလိုဖြစ်မယ်မှန်းသိရင် ပန်းသခင်နဲ့ မောင် ပြန်မတွေ့ခဲ့ရင် အကောင်းသား ပန်းသခင်ရယ်၊ ခုတော့''

ခွန်မင်းလတ်ကိုယ်တိုင်ကလည်း စကားကို ရှေ့ဆက်မဆိုနိုင်တော့ပါ။ ပန်းသခင်နှင့် ပတ်သက်လာတိုင်း သူ့ရင်မှာ နင့်နင့်သည်းသည်း ကြေကွဲနာကျင်ခံစားရမည်ဆိုတာ ဘာလို့ ကြိုမသိခဲ့ရတာပါလိမ့်။

ပန်းသခင်နှင့်ပတ်သက်ပြီး သူ မျှော်လင့်ချက်တွေမဲ့ပြီ

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသိနှင့် ခွန်မင်းလတ် နှလုံးသားတွေ ကြေကွဲဆွတ်ကျင် နေရသည်။

စကားသံတိတ်ကာ မျှော်လင့်ချက်မဲ့သူတစ်ယောက်လို ငြိမ်သက်သွားသော ခွန်မင်းလတ်ကိုကြည့်ပြီး ပန်းသခင် ကိုယ်တိုင်လည်း ရင်မှာ ခံစားနေရသည်။

ချစ်ခဲ့မိသောအချစ်၊ တွယ်တာခဲ့မိသော သံယောဇဉ်တို့နှင့် ပန်းသခင်သည် ငယ်ချစ်ဦး ခွန်မင်းလတ်ကို ဝေသီသော မျက်ဝန်းများနှင့် ကြည့်လိုက်ပြီး

"ထောက်ထားစာနာမှုတွေနဲ့ ရှန်းမထွက်နိုင်တဲ့ ပန်းသခင်ကို ခွင့်မလွှတ်ပါနဲ့တော့၊ ပန်းသခင်ကို မုန်းပစ်ပါ၊ နာကြည်းပစ်လိုက်စမ်းပါတော့ရှင်"

ကိုယ့်ကိုယ်ကို ထိန်းချုပ်ပါသည်ဆိုတဲ့ကြားက မျက်ရည်စတွေ ပါးပြင်ထက် မပြတ်စီးဆင်းနေရသည်။

"ပန်းသခင် ဆုံးဖြတ်တာမှန်ပါတယ်၊ ကိုယ့်လိုလူတစ်ယောက်အနေနဲ့ ဦးမိုးထက်ကို နှိုင်းယှဉ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါ၊ ဒါကို ကိုယ်နားလည်ရမှာပေါ့ ပန်းသခင်"

[redacted]



ပန်းသခင်သည် ခွန်မင်းလတ်စကားကို ဘာမှမဖြေရှင်းချင်တော့ပါ။ သူမအား ပြောချင်သလိုပြော ထင်ချင်သလို ထင်လိုက်ပါတော့ဆိုသည့် စကားကိုသာ စိတ်မှာကြေကွဲထိခိုက်ခြင်းတို့ဖြင့် ဆိုလိုက်လေသည်။

"ပန်းသခင် သိထားဖို့က ကိုယ်နဲ့ယှဉ်ပြိုင်သူဟာ ဦးမိုးထက်သာ မဟုတ်ခဲ့ရင် ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ကိုယ်နောက်ဆုတ်မိမှာမဟုတ်ဘူးဆိုတာ ပန်းသခင် သိထားပါ၊ နောက်ပြီး ကိုယ့်ဘဝမှာ ပန်းသခင်ဟာ ဘယ်တော့မှ ကိုယ့်နှလုံးသားထဲက ပျောက်ကွယ်မယ့် မိန်းကလေးမဟုတ်ဘူးဆိုတာလည်း ပန်းသခင် သိထားပါ၊ ကိုယ် သွားမယ်"

အနားမှ ခြေလှမ်းကျဲကြီးများဖြင့် လှည့်ထွက်သွားသော ခွန်မင်းလတ်ကြောင့် ပန်းသခင် ရင်အစုံသည်လည်း လစ်ဟာသွားရသည်။

သို့ပေမယ့် ပန်းသခင်ဆိုတာ လောကဓံရဲ့အလှည့်အပြောင်းကို များစွာခံနိုင်ရည်ရှိလာသည့် မိန်းကလေးမို့ သူမခံစားမှုကိုလည်း မျိုသိပ်နိုင်သူဖြစ်ပါသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com

ခွန်မင်းလတ် ထွက်သွားပြီး မကြာခင်မှာပင် ဦးမိုးထက် မောင်းလာသည့် ကားလေးက ပန်းသခင်အိမ်ရှေ့သို့ ရောက်လာလေသည်။

ကားပေါ်မှ ဦးမိုးထက်သည် ဆင်းလာပြီး

''မာမီက ပန်းသခင်ကို ခေါ်ခိုင်းလိုက်တယ်၊ မင်္ဂလာကိစ္စအတွက် ပြောစရာရှိလို့တဲ့''

ဦးမိုးထက်နှုတ်မှ မင်္ဂလာကိစ္စ စကားပြောလာပြန်တော့လည်း ပန်းသခင် မျက်နှာလေးမထားတတ်အောင် ရှိသွားရသည်။

ကြည့်စမ်း။

ဘာလိုလိုနဲ့ ပန်းသခင် သူနှင့် တကယ်ပင် လက်ထပ်ရပါတော့မည်။

ပန်းသခင်သည် သူ့အားမကြည့်ဘဲ မျက်နှာလေး လွှဲလိုက်ရင်းက

''ခဏစောင့်ပါနော်၊ ပန်းသခင် အဝတ်အစားလဲလိုက်ချင်လို့ပါ''

''ရပါတယ် ပန်းသခင်၊ ဖြည်းဖြည်းလုပ်ပါ၊ ကျုပ်ကို

[redacted]



အားနာစရာမလိုဘူး၊ စောင့်နေပါ့မယ်''

ထိုစကားကိုတော့ မိုးထက်သည် ခပ်အေးအေးပင် ဆိုလိုက်မိသည်။

ပန်းသခင် သူ့ကြောင့် စိတ်ပူပန်သည့်အဖြစ်မျိုး မိုးထက်ရင်ထဲ မလိုလားနိုင်တော့ပြီ မဟုတ်ပါလား။

မကြာလိုက်ပါ။

ပန်းသခင်သည် မျက်နှာသစ်ကာ သနပ်ခါးရေကျဲလေး လူးလျက် ကြည်ပြာလွင်လွင် ဝတ်စုံလေးနှင့် ထွက်လာလေသည်။

''ပြီးပြီလား''

''ဟုတ်ကဲ့''

ဘာမှ အထူးတလည်ကြီး ပြင်ဆင်ထားတာမဟုတ်ဘဲနဲ့ သိပ်လှနေရသော ပန်းသခင်ကို မိုးထက်သည် မျက်ဝန်းညိုအစုံနှင့် စိုက်ကြည့်ပြီး ကားဆီသို့ ထွက်လာခဲ့လိုက်သည်။

''မေမေနှင်း ပန်းသခင်ကို ဘာဖြာလိုက်သေးလဲ ဦးမိုးထက်''

''ကျုပ်ကိုတော့ ဘာမှမပြောဘူး၊ မင်းကိုပဲခေါ်ခဲ့ဖို့မာမီ

www.burmeseclassic.com

[redacted]

www.burmeseclassic.com



မှာလိုက်တယ်''

''ပန်းသခင်ကို ဈေးနားခဏရပ်ပေးပါ ဦးမိုးထက်''

''ဘယ်ဈေးလဲ ပန်းသခင်''

''ရတနာပုံဈေးပါ''

မိုးထက်မှာ ပန်းသခင်ပြောသည့်အတိုင်း ရတနာပုံဈေး ရှေ့တွင် သူ့ကားလေးကို ရပ်ပေးလိုက်လေသည်။

ပန်းသခင်သည် ကားတံခါးကိုဖွင့်ကာ ဆင်းမည်ပြင် တော့

''ကျုပ်ပါ လိုက်ခဲ့ရဦးမလား ပန်းသခင်''

သူ့စကားကို စဉ်းစားသလို ပန်းသခင်သည် ခဏငြိမ် သွားရပြီးနောက်

''လိုက်ချင်လိုက်ခဲ့လေ''

လိုက်ချင်ပါသည်။ လိုက်ချင်လွန်းလို့လည်း မိုးထက် သည် ပန်းသခင် သူ့ကိုခေါ်သည်ကိုပင် မစောင့်တော့ဘဲ မနေနိုင် စွာ လိုက်ခြင်းဖြစ်သည်။

မိုးထက်သည် ကားတံခါးကိုပိတ်ပြီး ပန်းသခင်နှင့်အတူ ရတနာပုံဈေးထဲသို့ ဝင်လာခဲ့လိုက်သည်။





ပန်းသခင်သည် သစ်သီးများကို ဝယ်တော့ မိုးထက် သည် သူမနားတွင် စိတ်ရှည်လက်ရှည် စောင့်ပေးလေသည်။

''ပေး ပန်းသခင် ပစ္စည်းတွေ ကျုပ်သယ်ခဲ့မယ်''

ပန်းသခင်လက်ထဲမှ ပစ္စည်းများကို မိုးထက်သည် လွှဲ ယူလိုက်လေသည်။

''တော်ပြီလား ပန်းသခင်၊ ဘာဝယ်ဦးမလဲ၊ ဝယ်စရာ ရှိတာ ဝယ်နော်၊ ကျုပ်ကို အားမနာနဲ့''

မိုးထက် သူ့ကိုယ်သူလည်း အံ့ဩနေရသည်။ တကယ် တော့ မိုးထက်ဆိုတာ နဂိုကပင် သိပ်စိတ်ရှည်ချင်သူ မဟုတ်ပါ။

အခုလို မိန်းကလေးတစ်ယောက် ဈေးဝယ်သည့်နေရာ ကို တကောက်ကောက်လိုက်ဖို့ဆိုတာ ဝေးရော၊ စိတ်မရှည်သည့် လူက ခုတော့လည်း ပန်းသခင် ဈေးဝယ်ရာနောက် စိတ်ရှည် လက်ရှည် လိုက်ပါနေရသည့်အဖြစ်။

မိုးထက်မှာ ကိုယ့်အဖြစ်ကိုလည်း ပြုံးချင်သွားရသည်။

မာမီသာ ခုအဖြစ်ကိုမြင်ပါက သားဖြစ်သူကို လှောင်ပြုံး နှင့် ဘယ်လောက်များ ပြုံးလိုက်မည်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



အ●ကတော့ ပန်းသခင်ကို ကြည့်မရ။ သူမအလှတွင် မယာ●ူးဝါဆိုသော သား၊ ခုတော့ ဘယ့်နှယ်နေပြီလဲဟု မာမီသည် သူ့အား မေးမိမှာ အသေအချာပင်ဖြစ်သည်။

"ပစ္စည်းတွေတောင် အရမ်းများနေပြီ၊ ပန်းသခင်ကို ခွဲပေးလေ ဦးမိုးထက်"

သူမဝယ်သမျှ ပစ္စည်းတွေကို သယ်ပေးနေသည့် ဦးမိုးထက်ကိုကြည့်ပြီး ပန်းသခင်သည် အားနာသလို ဆိုလိုက်လေသည်။

"နေ နေ ပန်းသခင်၊ ရတယ်၊ ပန်းသခင် ဘာဝယ်စရာ ကျန်သေးလဲ"

"ဟင့်အင်း မကျန်တော့ပါဘူး ဦးမိုးထက်၊ ဘာဖြစ်လို့လဲဟင်"

"ဩော် ဘာရယ်မဟုတ်ပါဘူး၊ ကြုံတုန်း ခင်ဗျား အတွက် ကျုပ် လက်ဆောင်တစ်ခုဝယ်ပေးချင်လို့ပါ"

"အို"

ပန်းသခင်သည် ဘယ်လိုမှမထင်မှတ်သည့် သူ့စကား





…ကြားလိုက်ရသည်မို့ မျက်နှာလေး ရဲပနီမြန်းသွားရသည်။

မိုးထက်ကိုယ်တိုင်ကလည်း ပန်းသခင်ကို ပြောသာ …ပြာလိုက်ရသည်။ မျက်နှာကြီးထူပူလျက် အနေခက်နေရသည်မို့ …ကနေ ခြေလှမ်းခပ်သွက်သွက်နှင့် သွားကာ ပန်းသခင်အတွက် …က်ကိုင်အိတ်လေး လက်ဆောင်အဖြစ် ဝယ်ပေးခဲ့သည်။

ပန်းသခင်သည် ဦးမိုးထက် ဝယ်ပေးသည့် အဖြူရောင် …က်ကိုင်အိတ်လေးကို ယူရင်းက ဒီနေ့မှ ထူးထူးခြားခြားရှိနေ …သည့် ဦးမိုးထက် အပြုအမူများအတွက် အံ့သြပြီးရင်း အံ့သြနေရ …တော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဖေဖေ မျှော်လင့်ခဲ့သော ဦးမိုးထက်နှင့် ပန်းသခင်၏ လာပွဲက ဒီနေ့မှာတော့ တကယ်ပင် ကျင်းပခဲ့ရပြီဖြစ်သည်။

နံနက်ပိုင်းတွင် သူတို့နှစ်ဦး၏ မင်္ဂလာပွဲကို မန္တလေးမြို့ ၌ရှိသည့် နာမည်အကြီးဆုံးခန်းမကြီးတွင် ဂုဏ်သရေရှိ ဧည့် သတ်များစွာနှင့် ကျင်းပပြီးစီးခဲ့သလို အခု ညနေပိုင်းရောက် တော့လည်း ဦးမိုးထက်၏ ခြံကျယ်ကြီးထဲမှာပင် ဧည့်ခံပွဲ ခုကို ထပ်၍ကျင်းပခဲ့လေသည်။

နံနက်ပွဲရော ညပွဲပါ မင်္ဂလာပွဲလာ ဧည့်ပရိသတ်များကို သခင်သည် အပြုံးလေးနှင့် လိုက်၍နှုတ်ဆက်ရသောကြောင့် ဧည့်ခံပွဲပြီးချိန်မှာတော့ ပန်းသခင်သည် လူက မဟန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့လောက်အောင် ပင်ပန်းနေရပြီဖြစ်သည်။

သို့သော်

သူမနှင့်ဆန့်ကျင်ဘက် မပင်ပန်းနိုင်အောင်ရှိနေသူ

ဒေါ်နှင်းမိုးစက်ပင် ဖြစ်သည်။

ဒေါ်နှင်းမိုးစက်သည် သူ အနှစ်နှစ်အလလက မျှော်

ခဲ့သော သားနှင့်ပန်းသခင့်၏ မင်္ဂလာပွဲကို အောင်အောင်မြင်

နှင့် ကျင်းပပြီးစီးခဲ့ပြီမို့ လူက ကျေနပ်ပီတိများဖြာဝေလျက်

မှန်းလည်း မသိပါပေ။

သူဖြစ်စေချင်သည့်ဆန္ဒ ပြည့်ဝသွားရပြီမို့ ဒေါ်နှင်းမိုး

ရင်ထဲ ကျေနပ်ခြင်း၊ ကြည်နူးခြင်းများနှင့် ရှိနေရသည်။

ဒေါ်နှင်းမိုးစက်အနေနှင့် မကျေနပ်ဘဲ နေမည်တဲ့

ရှေ့သွားနောက်လိုက်ညီသည့် သားနှင့် ပန်းသခင်ကို ဒေါ်နှင်းမိုး

တကယ်ပင် ကြည့်လို့မဆုံးအောင် ရှိနေရ၏။

လိုက်ဖက်လှသည့် သားနှင့်ချွေးမကိုကြည့်ပြီး ဒေါ်နှင်း

စက် ပီတိတွေဖြာဝေနေသလောက် ဒေါ်နှင်းမိုးစက်လို မပျော်

နိုင် မရွှင်ပြုံးနိုင်သူကလည်း ရှိပါသေးသည်။



သူကတော့ သတို့သားဖြစ်သည့် ဦးမိုးစက်ပင် ဖြစ်တော့

သည်။

မိုးထက်မှာ လူကိုမမြင်ရသော်လည်း မင်္ဂလာလက်ဖွဲ့

...ာ လူကြုံနှင့်ပို့ဖြစ်အောင် ပို့လိုက်သော ဒေါက်တာခွန်မင်းလတ်

...ကြောင့် စိတ်မှာ ကသိကအောက်ကြီး ဖြစ်နေရလျက် ဒေါက်တာ

...မင်းလတ် ပို့လိုက်သော လက်ဖွဲ့ကို လက်ခံလိုက်သော ပန်းသခင်

...ပါ မကျေမနပ်ကြီး ဖြစ်နေရတော့သည်။

ကြည့်လေ။

သူမလုပ်နေပုံက သူ့အနေနှင့် ကျေနပ်နိုင်စရာလား

...ာ။

ဒေါက်တာခွန်မင်းလတ် ပို့လိုက်သည့် လက်ဖွဲ့ဘူးလေး

ကြည့်ပြီး ညိုးနွမ်းသွားသော မျက်နှာနှင့် မျက်နှာပျက်သွားရ

...ာ ပန်းသခင်ကို မိုးထက် ဘယ်လိုအင်အားမျိုးနှင့် လက်ပိုက်

...ည့်နေနိုင်မှာတဲ့လဲလေ။

ငယ်ရည်းစားကို မပြတ်နိုင်ဘဲ သံယောဇဉ်မကုန်နိုင်ဘဲ

... ဒီမိန်းကလေး သူ့ကိုဘာကြောင့် လက်ထပ်ခဲ့ရသည်လဲ။

www.burmeseclassic.com

www.burmeseclassic.com



အစကတည်းကမှ ရည်းစားရှိပြီးသား မိန်းမတစ်ယော ကို လက်ထပ်ရန် ဝန်လေးခဲ့သော မိုးထက်မှာ အခု သူ မျက်မြ တွေ့လိုက်ရသည့် ဒေါက်တာခွန်မင်းလတ်အပေါ် သံယော လက်ကျန်များ ရှိနေသေးသည့် ပန်းသခင် မျက်နှာကိုကြည့် သူ့ရင်အစုံ ထိခိုက်နာကျင်သွားရသည်။

မင်္ဂလာပွဲတစ်လျှောက်မှာလည်း ပန်းသခင်သည် ဒေါက်တာခွန်မင်းလတ် ပေးလိုက်သည့် လက်ဖွဲ့ဘူးလေးကိုသ လက်ကမချ ရှိနေရသည်ကိုလည်း မိုးထက် သတိထားခဲ့မိသည်။

နှုတ်က သူမကို ဘာမှမပြောဖြစ်ပေမယ့် ရင်ထဲမှာတော့ သူမအပြုအမူကြောင့် အခံရခက်နေရသည်ကလည်း အမှန်ဖြ သည်။

ထိုအဖြစ်က ညရောက်သည့်တိုင် မပြီးသေးပါ။

ညပိုင်း ဧည့်ခံပွဲပြီးသည်နှင့် မိုးထက်နှင့် ပန်းသခင်သည် မာမီကို ကန်တော့ကာ မင်္ဂလာအိပ်ခန်းကြီးထဲသို့ ရောက်ရှိလ ခဲ့သည်။

လှပနေသော ပန်းနုရောင်မင်္ဂလာအိပ်ခန်းကျယ်ကြီးထဲ

တ်တရက်မှာတော့ မိုးထက်ရော ပန်းသခင်ပါ မဝင်ရဲသေးသလို ခြလှမ်းများ တုံ့ဆိုင်းနေရပါသည်။

သို့သော် မဝင်လို့ကလည်း မဖြစ်သည်မို့ ရှေ့ကနေ ထက် ဝင်သွားတော့ ပန်းသခင်သည်လည်း ထူပူနေရသော က်နှာရဲရဲလေးနှင့် သူ့နောက်မှ လိုက်ဝင်ခဲ့လိုက်သည်။

ထိုအချိန်အထိ မိုးထက်ရော ပန်းသခင်ပါ တစ်ယောက် က်နှာကို တစ်ယောက် မကြည့်ရဲကြသေးပါ။

နှစ်ဦးစလုံး၏ရင်ဝယ် လှုပ်ရှားနေရသည်မို့ တစ်ယောက် တစ်ယောက် ကျောပေးလျက်က လုပ်စရာရှိသည်များကိုသာ ပ်နေလိုက်သည်။

မိုးထက်မှာ စိတ်လှုပ်ရှားမှုကို ပြေပျောက်စေရန် ကိုယ် ါမှ အဝတ်အစားများကို ချွတ်လိုက်ပြီးနောက် ရေချိုးခန်းဆီသို့ လာခဲ့လိုက်သည်။

ပန်းသခင်သည် မျက်ဝန်းထောင့်မှ လှမ်းမြင်နေရသည့် မိုးထက် မရှိတော့မှ သူမသည်လည်း အနည်းငယ် စိတ် ပါသွားရသလို ရှိသွားရပြီး သူ မရှိသည့်အချိန်အတွင်း သူမ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်မှ အဝတ်အစားများကို အမြန်ပင် လဲလိုက်သည်။

ပေါ့ပါးလွတ်လပ်သော ချည်ထည်ဝတ်စုံလေးကို လဲပြီး သည်နှင့် ပန်းသခင်သည် စားပွဲပေါ်တွင်ရှိနေသည့် ဒေါက်တာ ခွန်မင်းလတ် လက်ဖွဲ့လိုက်သည့် လက်ဖွဲ့ဘူးလေးကို အတန်ကြာ ငေးကြည့်နေမိလိုက်သည်။

သြော် ငယ်ကချစ် အနှစ်တစ်ရာ မမေ့ပါဆိုသော်လည်း ပန်းသခင်သည် ဒေါက်တာခွန်မင်းလတ်ကိုတော့ မေ့ပစ်အောင် မေ့လိုက်ရတော့မည်ဖြစ်သည်။

ထာဝရဝေးကြပြီဆိုသော အသိနှင့် ပန်းသခင် နှလုံးသား များ နာကျင်သွားရကာ ကြေကွဲထိခိုက်ရခြင်း ရင်အစုံဖြင့် ပန်းသခင် သည် ဒေါက်တာခွန်မင်းလတ် လက်ဖွဲ့လိုက်သည့် လက်ဖွဲ့ဘူး လေးကို စားပွဲပေါ်မှ လှမ်းယူလိုက်သည်။

သည်နောက် တုန်ယင်နေသော လက်အစုံဖြင့် ပန်းသခင် သည် ဒေါက်တာခွန်မင်းလတ်၏ လက်ဖွဲ့ဘူးလေးကို ဖွင့်လိုက် သည်။

"အို"





ပန်းသခင်သည် လက်ဖွဲ့ဘူးထဲမှ ပစ္စည်းလေးကို ကြည့် ပြီး နှလုံးသားများ တဆတ်ဆတ်တုန်ခါလာရသည်အထိ ကြေကွဲ ထိခိုက်သွားရသည်။

ကြည့်လေ။

ပန်းသခင် မခံစားရဘဲ နေမည်တဲ့လား။

ဒေါက်တာခွန်မင်းလတ် လက်ဖွဲ့လိုက်ပါသည်ဆိုသော လက်ဖွဲ့ပစ္စည်းလေးမှာ တခြားမဟုတ်ပါပေ။

သူမနှင့်သူ ချစ်သူဘဝက ပန်းသခင် သူ့အား ချစ်သက် လက်ဆောင်အဖြစ် ပေးခဲ့ဖူးပါသည့် စွယ်တော်ရွက်လေးများပင် ဖြစ်သည်။

ဒေါက်တာခွန်မင်းလတ် ဆိုတဲ့သူသည် နှစ်တွေကြာခဲ့ ပေမယ့် ဘာရယ်မဟုတ် ပန်းသခင် ပေးထားခဲ့သည့် ဒီစွယ်တော် ရွက်ခြောက်လေးတွေကို ယခုချိန်ထိအောင် အမှတ်တရသိမ်းထား ဆဲပါလားဟူသော အသိနှင့် ပန်းသခင် မျက်ရည်များဝေသီလာ ရသည်။

ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



**ချော်ခနဲ** ပွင့်လာသော တံခါးသံနှင့်အတူ ရေချိုးခန်းထဲမှ **ဦးမိုးထက်**သည် ထွက်လာကာ

"ဘာလဲ၊ ငယ်ချစ်ဦးပေးတဲ့ လက်ဖွဲ့ကိုကြည့်ပြီး သတိရနေတာလား"

"အို"

အကြင်နာမဲ့ကာ စိမ်းကားလွန်းသော အကြည့်များနှင့်အတူ ခက်ထန်မာကျောလွန်းသည့် အညှာအတာကင်းမဲ့သော စကားများကြောင့် ပန်းသခင်သည် နာကျင်စိတ်ဖြင့် နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်ထားလိုက်သည်။

"ကျုပ်မေးတာ ဖြေဦးလေ၊ ဘာလဲ ပြန်ဖြေဖို့ အင်အားမရှိတော့လောက်အောင် ခင်ဗျားငယ်ရည်းစားအတွက် သိပ်ကိုခံစားနေရလား"

ပန်းသခင်သည် သူ့စကားများကို ဆက်၍သည်းမခံနိုင်တော့ပါ။ ကိုယ့်ခံစားချက်ကိုသာကြည့်ပြီး ရှေ့တန်းတင်ပြောတတ်သည့် ဦးမိုးထက်ဆိုသည့် ဒီလူကို ပန်းသခင်သည် စိမ်းလဲ့နေသော မျက်ဝန်းလေးများဖြင့် ကြည့်ရင်းက





"ရှင်လည်း ဒီအကြောင်းတွေ သိနေတာပဲ၊ ဒါကို အပြစ်တစ်ခုလို့ ရှင်မြင်နေရင်လည်း ပန်းသခင်ကို ရှင် ဘာလို့လက်ထပ်ခဲ့ရတာလဲ"

"ဘာကွ ဘာပြောတယ်၊ မင်း ပြန်ပြောစမ်း ပန်းသခင်၊ ကျုပ်က မင်းကို ဘာကြောင့်လက်ထပ်ခဲ့ရတာလဲ ဟုတ်လား"

အရမ်းကို တည်တင်းနေရသည့် သူ့မျက်နှာကြီးကိုကြည့်ပြီး ပန်းသခင်ပင် ရုတ်တရက် လန့်သွားရသည်။

"အဟွန်း ဟွန်း ဟွန်း မင်းစကားက မေးလည်းမေးတတ်ပါတယ် ပန်းသခင်၊ ဟုတ်တယ် ကျုပ်ဆိုတဲ့ကောင်က မင်းမှာ သံယောဇဉ်မပြတ်နိုင်တဲ့ ငယ်ရည်းစားရှိတာကိုသိလျက်နဲ့ လက်ထပ်ခဲ့တာ အဲဒါ ဘာကြောင့်လို့ မင်းထင်လဲ ပန်းသခင်၊ ပြောစမ်းပါ၊ မင်း ဘာကြောင့်မို့ ထင်သလဲဆိုတာ"

ပန်းသခင်အနားသို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းခန် ရောက်လာကာ နာကြည်းမှုတွေ စွက်နေသော အသံဖြင့် ပန်းသခင် မျက်နှာအား စိုက်ကြည့်မေးနေသော ဦးမိုးထက်ကို ပန်းသခင်သည် ဘာမှပြန်မပြောနိုင်ဘဲ သူ့လက်တွင်းမှာသာ သူမသည် အရုပ်သေး



www.burmeseclassic.com

www.burmeseclassic.com



လို ဖြစ်နေရတော့သည်။

တစ်ဆက်တည်း ပန်းသခင် ရင်ထဲတွင် မှားပြီဟူသော အသိက ကိုယ်တွင်းသို့ ခဏချင်း ဝင်ရောက်လာရသည်။

မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရတော့မည့်ဒုက္ခကို ပန်းသခင် ခုချိန်ကစလို့ ခံစားရပြီဆိုတာကိုလည်း သူမကိုယ်သူမ နားလည်လိုက်ရသည်။

"ဒီမှာ ပန်းသခင်၊ မင်းသိထားဖို့က ကျုပ်ဆိုတဲ့ကောင်ဟာ ကိုယ်လက်ထပ်ထားတဲ့ မိန်းကလေးကို အသန့်စင်ဆုံး မိန်းကလေးမျိုးပဲ ဖြစ်စေချင်တယ်၊ ကျုပ်နဲ့မယူခင်က ခင်ဗျား ဘာသာခင်ဗျား ဘယ်သူနဲ့ဖြစ်ခဲ့ဖြစ်ခဲ့ ဒါကို ကျုပ် ဂရုမစိုက်ဘူး၊ အေး ဒါပေမဲ့ မိုးထက်ရဲ့ဇနီးမယားဘဝကို ရောက်လာကဲ့အချိန်မှာတော့ မင်းဟာ မိုးထက်ရဲ့ဇနီးကောင်းတစ်ယောက်အဖြစ်နဲ့ပဲ ရှိစေရမယ်၊ ဒါ ကျုပ်ရဲ့ခံယူချက်ပဲ ပန်းသခင်"

သေလိုက်…ရှင် သွားသေလိုက်စမ်းပါဟု ပန်းသခင်သည် မိုးထက်အား စိတ်မှာ ပျစ်ပျစ်နှစ်နှစ်ကြီး ဆိုနေမိသည်။

ကြည့်စမ်း

မိုး ၀၁၁၆၀



ဘယ်လောက်များ အတ္တကြီးလိုက်တဲ့ ယောကျ်ားလဲ ဆိုတာ။ ပန်းသခင်ကိုတော့ သူသည် ရစရာမရှိ သူမ ဂုဏ်သိက္ခာကို စော်ကားသည့်စကားများဖြင့် ပြောနေသော သူ့ကို ပန်းသခင် ဘယ်လိုခွင့်လွှတ်ရမည်လဲ။

ပန်းသခင်သည် သူ့စကားတွေအတွက်လည်း ခံပြင်းနေရသည်မို့ နှုတ်ခမ်းဖူးဖူးလေးကို သွားစွယ်ချွန်ချွန်လေးဖြင့် ဖိကိုက်လိုက်ပြီး

"ရှင့်စကားတွေက ပန်းသခင်သိက္ခာကို သိပ်စော်ကားနေပြီ ဦးမိုးထက်၊ ပန်းသခင်လည်း ရှင့်ကိုပြောပါရစေဦး၊ ပန်းသခင် ဘဝမှာ ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်ရခြင်းဟာ အဲဒီယောကျ်ားရဲ့ ခြေဖဝါးအောက်မှာ ပန်းသခင်ရဲ့မာနတွေကို မြေချဖို့မဟုတ်ဘူးဆိုတာ ရှင် သိထားစမ်းပါ ဦးမိုးထက်"

"အဟွန်း ကောင်းတယ်၊ သိပ်ကောင်းတယ်၊ အချစ်မရှိတဲ့ မင်းနဲ့ကျုပ်ကြားမှာ နားလည်မှုဆိုတာလည်း ဘယ်ရှိလာနိုင်မလဲလေ"

သူ့အသံက တစ်ခုခုကိုနာကျင်ခံစားနေရသလိုလို။ သို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဘာကို ခံစားနေရသည်တဲ့လဲ။

"ကောင်းပြီလေ၊ မင်းနဲ့ကျုပ် ဒီညမှာ ပြောစရာရှိတာတွေကို ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့"

မျက်နှာထားတည်တည်ကြီးနှင့် ခက်ထန်လွန်းနေသော သူ့ပုံစံက သူမနှင့်သူ စတွေ့စအချိန်ကလိုပင် ဖြစ်သည်။

နေပေါ့။ သူတောင် တင်းနိုင်သေးမှတော့ ပန်းသခင်သည် လည်း ဘာကြောင့်မတင်းနိုင်ရမှာတဲ့လဲ။

ပန်းသခင်သည် မခံချင်စိတ်လေးဖြင့် သူမမျက်နှာလေး ကို ခပ်မော့မော့လေးထားလိုက်ပြီး

"ခုချိန်မှာ ပန်းသခင်ဆန္ဒထက် ရှင့်ဆန္ဒက အရေးကြီး ပါတယ်၊ ရှင် ပန်းသခင်အပေါ်မှာ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ်"

ပန်းသခင်စကားကြောင့် မိုးထက်သည် မျက်မှောင် ရှောင်ရှောင်တွန့်ကာ ပန်းသခင်အား စူးခနဲ စိုက်ကြည့်လိုက်ရင်း

"မင်းနဲ့ကျုပ် ဘာကြောင့်လက်ထပ်ခဲ့ရတယ်ဆိုတာ မင်း သိပါတယ်နော်"





မခံချင်စိတ်ကြောင့် ပန်းသခင်ရင်ထဲ လှိုက်တက်လာရ ပြီး

"သိပါတယ် ဦးမိုးထက်၊ ရှင်ရော ပန်းသခင်ပါ မေမေနှင်း ဆန္ဒကို မလွန်ဆန်နိုင်ခဲ့ဘူးဆိုတာ"

"သြော် မင်းလည်း ဒီလိုလက်ခံထားတာကိုး၊ အေးလေ ခုချိန်မှာတော့ မင်းနဲ့ကျုပ်ဟာ အများမြင်သလို လက်ထပ်ခဲ့ပြီးတဲ့ ဇနီးမောင်နှံတွေဆိုပေမယ့် ကျုပ်ဘက်ကတော့ သေချာချင်သေး တယ်"

"ဟင် ရှင် ရှင် ဘာကိုဆိုလိုတာလဲ ဦးမိုးထက်"

"အချစ်ဆိုတာကို ကျုပ် သေချာစွာသိချင်သေးတယ်"

"အို"

ရုတ်တရက်မှာတော့ ပန်းသခင်သည် သူမကိုယ်လေးကို ယိုင်ခနဲဖြစ်မသွားအောင် မနည်းအားယူထိန်းလိုက်ရသည်။

ရင်ထဲတွင်လည်း ပြောရက်လိုက်လေခြင်းဆိုသည့် စကား နှင့် ပန်းသခင် သူမအဖြစ်ကို သူမ ယူကျုံးမရ ထိခိုက်ကြေကွဲ ရှက်ရွံ့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ပြောတဲ့ အချစ်ဆိုတာက"

"တော် တော်ပါတော့ ဦးမိုးထက်၊ ရှင် ပန်းသခင်ကို ဒီလောက်စော်ကားရရင်ပဲ ကျေနပ်ပါတော့၊ ရှင့်ဘက်က ဘာဖြစ်ချင်တာလဲဆိုတာသာ ပန်းသခင်ကို အပွင့်လင်းဆုံးပြောပါ"

"ကျုပ်ဆိုလိုတာက မင်းနဲ့ကျုပ် အစွန်းဆုံးထိ သံယောဇဉ်မငြိတွယ်သေးခင် ကျုပ်နဲ့မင်း တစ်ယောက်ကိုတစ်ယောက် လေ့လာကြသေးတာပေါ့"

ပန်းသခင် သွေးတို့ဆုတ်လျော့သွားရသည်။

အဘယ်မျှ ဆိုးလိုက်ပါသည့် သူမကံကြမ္မာလဲဆိုတာ။ ဒီနေ့ပင် လက်ထပ်ခဲ့သည့် ဇနီးသည်တစ်ယောက်ကို ဒီလိုစကားတွေနှင့် စော်ကားလိုက်သည့် ခင်ပွန်းသည်ဆိုတာ ဘယ်မှာရှိနိုင်မည်တဲ့လဲကွယ်။

ကံဆိုးလိုက်တာ။ သိပ်ကို ကံဆိုးလွန်းတာပဲဆိုသည့် စကားကို ပန်းသခင်သည် ရင်ထဲ အကြိမ်ပေါင်းများစွာ နာကျင်ခြင်းများဖြင့် ပြောနေမိတော့သည်။

ရှင်းပါသည်။ သူ့စကားတွေ သိပ်ကိုရှင်းလွန်းပါသည်။

[redacted]



န်းသခင်ကို သူသည် လက်ထပ်ခဲ့ပေမယ့် သူမကို သူသည် န်းမယား တစ်ယောက်အနေနှင့် မပေါင်းနိုင်ပါကြောင်း ပြောနေသည့် စကားများပင်ဖြစ်သည်။

ပန်းသခင်အဖြစ်က ဒီထက်ပို၍ ဆိုးဖွယ်ရာမရှိတော့။

သူမအချစ်ကို လိုချင်၍ တောင်းခံနေသည့် ယောကျ်ားများစွာ၏ အချစ်ကို ငြင်းပယ်ပြီး သူ့ကို လက်ထပ်ခဲ့သမျှ အခုတော့ သူမ၏ မိန်းမသားတစ်ယောက်တွင်ရှိတဲ့ မာနတွေ မြေပြင်မှာ ဗုန်းဗုန်းလဲ ကျဆုံးခဲ့ရသည့်အဖြစ်။

ပန်းသခင်လို အဖြစ်မျိုး ဘယ်မိန်းကလေးတစ်ဦး တစ်ယောက် ဖြစ်လိမ့်မည်မဟုတ်ပါ။

ကိုယ့်ကို မချစ်နိုင်ပါဆိုတဲ့ ယောကျ်ားတစ်ယောက်ကို န်းသခင်သည် ချစ်ပါ ကြိုက်ပါဟု ပြောရမည်လား။

ဟင့်အင်း လုံးဝ အသေခံပါမည်။ မိန်းမတစ်ယောက် ၏ အရှက်နှင့် သိက္ခာကိုတော့ အထိနိုက်ခံမည်မဟုတ်ပါ။

မွန်းကြပ်လာရသော ရင်အစုံကြောင့် ပန်းသခင် အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သည်နောက် ပန်းသခင်သည် အတည်ငြိမ်ဆုံး လေ
ဖြင့်

"ခုချိန်မှာ ဦးမိုးထက်ဟာ ပန်းသခင်ရဲ့ အိမ်ထောင်ဦး
တစ်ယောက်မို့ အရာအားလုံးဟာ ဦးမိုးထက်ရဲ့ သဘောဆန္ဒ
ပန်းသခင်ကတော့ ဦးမိုးထက်အပေါ်မှာ ဇနီးကောင်းတစ်ယော
အဖြစ် ရှိနေမှာပါ၊ အဲဒါကလည်း ဦးမိုးထက် ပန်းသခင်
မကွာရှင်းသရွေ့ပေါ့၊ ကဲ ပန်းသခင် ပင်ပန်းထားလို့ နားခွင့်ပြု
ဦးမိုးထက်"

သည်နောက် ပန်းသခင်သည် သူ့အားကျောခိုင်းလို
လေသည်။

သူတို့နှစ်ဦးအတွက် ဒီညသည် မင်္ဂလာဦးညဆိုပေမေ
ဦးမိုးထက်နှင့် ပန်းသခင်ကတော့ မင်္ဂလာဦးညကိုပင် ကျော
ပစ်လိုက်ပါတော့သည်။

◆ ◆ ◆

## အခန်း (၁၆)

ညက တစ်ညလုံး တလူးလူးတလွန့်လွန့်နှင့် အိပ်မပျော်
ခဲ့ရသမျှ မိုးထက် မနက်နိုးချိန်မှာတော့ အချိန်ပင် နေအတော်မြင့်
နေရပြီဖြစ်သည်။

ပြတင်းတံခါးမှ ဝင်ရောက်လာသည့် နေရောင်ခြည်
ကြောင့် မိုးထက် အိပ်ရာထဲမှ အမြန်ထလိုက်သည်။

သည်နောက် သူ့အကြည့်များက မင်္ဂလာအိပ်ခန်းအနှံ့ကို
ရောက်ရှိသွားရပေမယ့် သူ တွေ့ချင်မြင်ချင်သူကိုက မိုးထက်
မမြင်မတွေ့ရပါပေ။

ထိုအခါ မိုးထက်ရင်ထဲ ဟာသလို တစ်စုံတစ်ရာ လိုအပ်
နေသလို ရှိသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးထက်သည် အိပ်ရာထက်မှ အမြန်ပင်ထလိုက်ပြီးနောက် ကိုယ်လက်သန့်စင် အဝတ်အစားလဲလိုက်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့လိုက်သည်။

“မာမီ မာမီ”

“ပန်းသခင် ပန်းသခင်”

ငြိမ်သက်နေသည့် အောက်ထပ်တစ်ခုလုံးကိုကြည့်ပြီး မိုးထက်သည် မာမီနှင့် ပန်းသခင်ကိုခေါ်ကာ ထမင်းစားခန်းထဲသို့ ရောက်လာခဲ့သည်။

“ဟင် အစ်ကိုလေး နိုးပြီလား”

“အေး၊ ဒါနဲ့ မာမီနဲ့ ပန်းသခင်ရော”

“မေမေကြီးနဲ့ မမလေး မနက်စောစောကတည်းက ဘုရားကြီးကို ထွက်သွားပါတယ်”

အိမ်ဖော်မလေး အေးမြ၏စကားကြောင့် မိုးထက် မျက်နှာထူထူကြီးမှာ အလိုမကျသလို တွန့်ကြုတ်သွားရသည်။

ကြည့်စမ်း။

မာမီနှင့် ပန်းသခင် ဘုရားကြီးသွားတာ ဘာလို့ သူ့ကို နှိုးရတာပါလိမ့်။

[redacted]

“အစ်ကိုလေး ကော်ဖီသောက်တော့မလား”

“နေ နေ၊ မာမီတို့လာမှပဲ သောက်တော့မယ်”

မိုးထက်သည် စိတ်ဝယ် မကြည်မလင်ကြီးဖြစ်သွားရသည်မို့ ကော်ဖီကိုပင် မသောက်နိုင်ဘဲ ဧည့်ခန်းထဲရှိ ဆိုဖာတွင် ထိုင်ကာ သတင်းစာတစ်စောင်ကိုဖတ်လျက် မာမီနှင့် ပန်းသခင်တို့အလာကို စောင့်နေလိုက်သည်။

ထိုစဉ် ခြံထဲသို့ မောင်းဝင်လာသောကားကြောင့် မိုးထက်ကြည့်လိုက်တော့ အိမ်မှကား။

မာမီနှင့် ပန်းသခင် ပြန်လာပြီထင်။

ကားပေါ်မှ မာမီနှင့် ပန်းသခင်သည် ပြုံးရွှင်စွာဆင်းလာပြီး တိုက်ထဲဝင်လိုက်သည်နှင့်

“ဟော သားနိုးနေပြီလား”

“ဟုတ်ကဲ့ မာမီ”

မာမီကိုဖြေရင်းက မိုးထက်၏အကြည့်တစ်ချက်က ပန်းသခင်ထံသို့ ရောက်ရှိသွားရသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းနှင့်အပြိုင် လှနေသော ပန်းသခင်ကို ကြည့်ပြီး
မိုးထက်ရင်ဝယ် ပိုလို့ မချင့်မရဲကြီး ဖြစ်သွားရ၏။

လှပါသည်။ လှသည်မှ သိပ်ကိုလှနေပါသည်။ သူ
ဘာကြောင့် ဒီလောက်လှအောင် ပြင်ထားရပါလိမ့်။

ဖြူဝင်းစိုအိသော အသားအရေနှင့် ကျော့ရှင်းနေသော
ခန္ဓာကိုယ်ကောက်ကြောင်းပေါ်တွင် ကြက်သွေးနီရင့်ရင့် လက်ဖြတ်
ထက်အောက်ဝတ်စုံလေး ဝတ်ဆင်ထားသည့် ပန်းသခင်သည် ဒီနေ့
ပိုလှနေသည်ဟု မိုးထက် ထင်ပါသည်။

သိပ်လှသော သူမလေးနှင့် မိုးထက်သည် မျက်ဝန်းချင်း
ဆုံအောင် ကြည့်လိုပေမယ့် သူမကတော့ သူ့ကို ကြည့်မလာပါ။

သူ့အကြည့်များကို မသိသလို အကြည့်လွှဲထားရင်းက

"မေမေနှင်း ပန်းသခင် ဒီပဝါလေး မေမေနှင်းအခန်းထဲ
ထားလိုက်မယ်နော်"

ပန်းသခင်သည် သူမလက်ထဲတွင် ကိုင်ထားသည့် မာ
ပဝါလေးကိုကြည့်ကာ ပြောလိုက်သည်။

"အေး အေး သမီး၊ ပြီးရင် မေမေနှင်းတို့ ကော်ဖီသောက်
ကြရအောင်၊ သားကြီးရော သောက်ပြီးပြီလား"

"မသောက်ရသေးဘူး မာမီ၊ မာမီတို့ကို စောင့်နေတာ"

"ဒါဆို ပန်းသခင် ကော်ဖီပွဲပြင်လိုက်ပါ့မယ်"

ပန်းသခင်သည် သူ့မျက်နှာကို မကြည့်မိစေရန် ဆုံးဖြတ်
ထားသည်လား မသိပါ။

အနားကသာ လှည့်ထွက်သွားပါသည်။ ပန်းသခင်
အကြည့်များ သူ့ထံ တစ်ချက်လေးမှ ရောက်ရှိမလာခဲ့။

ညကကိစ္စနှင့်ပတ်သက်ပြီး ပန်းသခင် သူ့ကို စိတ်ဆိုး
နေတာများလား။

ဖြစ်နိုင်သည်။

သူမ၏ချစ်ဦးသူ ဖြစ်ခဲ့သည့် ဒေါက်တာခွန်မင်းလတ်နှင့်
ပတ်သက်လာလျှင် မိုးထက်သည် သူ့ကိုယ်သူ မထိန်းချုပ်နိုင်
လောက်အောင် ခံစားတတ်သူမို့ ညကလည်း ပန်းသခင်သည်
သူမ၏ချစ်ဦးသူ ဒေါက်တာခွန်မင်းလတ် ပို့လိုက်သည့် လက်ဖွဲ့
ဘူးလေးကို ကြည့်နေတာကိုမြင်ပြီး သူ့ရင်ထဲ စကားတွေ ပေါက်
ကွဲစွာ ဆိုခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က လွန်သည်ဆိုတာကို သိပေမယ့်လည်း မိုးထက်မှာ ပန်းသခင်အား တောင်းပန်ရန် မကြိုးစားမိပါ။

အကြောင်းကား

မိုးထက်သည် ဒေါက်တာခွန်မင်းလတ်နှင့် ပတ်သက်လာလျှင် သူ့ရင်ထဲ အမြဲ မခံချိမခံသာ ခံစားနေရမှာဖြစ်သော ကြောင့်ပင်ဖြစ်သည်။

ကော်ဖီဝိုင်းတွင် မိသားစုမျက်နှာစုံညီ ထိုင်မိသည်နှင့် မာမီကပင် စကာ

"မာမီနဲ့သမီးတော့ မနက်စောစောစီးစီး ဘုရားကြီးကို သွားလိုက်တယ်လေ"

"သားကို ဘာလို့မနှိုးတာလဲ၊ မာမီသွားမယ်ဆို သား လိုက်ပို့ပေးမှာပေါ့"

မိုးထက်မှာ သူ့ကိုမနှိုးရကောင်းလားဆိုပြီး ကလေးကြီး တစ်ယောက်လို အလိုမကျ ဆိုလိုက်သည်။

"သားလည်း မနေ့က တစ်နေကုန် ပင်ပန်းထားတော့ အိပ်ပါစေဆိုပြီး ဒရိုင်ဘာလေးကိုပဲ ပို့ခိုင်းလိုက်တယ်၊ အမှန်က





ဘုရားကြီးကို မာမီတစ်ယောက်တည်း သွားမလို့ဟာ၊ သမီးက စောစောနိုးလာတာကြုံလို့ မာမီနဲ့လိုက်လာဖြစ်တာ၊ သားကို မေးပါ သေးတယ်၊ သားက အိပ်နေတုန်းဆိုလို့ မာမီလည်း သား အိပ်ပါ စေဆိုပြီး သမီးနဲ့ပဲ ထွက်လာခဲ့လိုက်တာ"

မာမီစကားအဆုံး ဦးမိုးထက်၏ အကြည့်များက ပန်းသခင် ထံ ရောက်ရှိလာကာ

"ဘုရားသွားမှာ ဘာလို့ကျုပ်ကိုမနှိုးရတာလဲ"

"ဦးမိုးထက် အိပ်နေတုန်းမို့ပါ"

"နောက်ဆို ဘယ်သွားသွား ကျုပ်ကိုနှိုး၊ ကြားလား"

"ဟုတ်ကဲ့"

ပန်းသခင်မှာ မေမေနှင်းရှေ့တွင် စကားမများချင်သည်မို့ လွယ်လွယ်ကူကူနှင့်ပင် သူ့စကားကို ခေါင်းညိတ်လိုက်သည်။

"ဦးမိုးထက် ကော်ဖီယူဦးမလား"

ကုန်သွားသည့် ကော်ဖီခွက်ကိုကြည့်ပြီး ပန်းသခင် မေး လိုက်သည်။

"တော်ပြီ၊ ဒါနဲ့ မင်းရုံးသွားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



''ဒီတစ်ရက် နှစ်ရက်တော့ ပန်းသခင် ခွင့်ယူထားပါတယ်၊ ဦးမိုးထက် အလုပ်သွားမလို့လား''

''သွားမယ်''

''ဒါဆို ပန်းသခင် ဘာစီစဉ်ပေးရမလဲ၊ ထမင်းချိုင့်ရော ထည့်ပေးလိုက်ရမလား''

''မလိုဘူး၊ ကျုပ် ပြန်စားမယ်''

မိုးထက်စကားသံတွေက ပန်းသခင်အပေါ် လိုသည်ထက် ပိုကာ ပြတ်သားနေရသည်။

ဒေါ်နှင်းမိုးစက်သည် သားနှင့်ချွေးမ ပြောစကားများကို ဘာတစ်ခွန်းမှ ဝင်မပြော၊ ငြိမ်၍နားထောင်နေရာမှ

''ထမင်းချိုင့်ထည့်ပေးမယ့်လူရော၊ အလုပ်သွားမယ့်လူပါ ဒီတစ်ရက် နှစ်ရက် ဘယ်ကိုမှ သွားစရာမလိုဘူး၊ ဘယ့်နှယ်ကွယ် ညားခါစလင်မယားတဲ့၊ အဟုတ် သားတို့နှစ်ယောက်ကို ကျိန့်ပြောရင်တောင် ယုံနိုင်စရာမရှိဘူး၊ တကယ့်အိမ်ထောင်သက်ရတဲ့ လင်မယားတွေလို ပြောဆိုဆက်ဆံနေကြတာ မာမီ အံ့သြတယ်၊ အထူးသဖြင့် သား၊ သားဟာ သမီးအပေါ်ဆက်ဆံတာ





လိုတာထက်ပိုပြီး မတင်းမာနေဘူးလား၊ မာမီတော့ သမီးအပေါ် အခုလိုဆက်ဆံနေတာကို မကြိုက်ဘူးနော်၊ သား ကိုယ်ချစ်လို့ ယူထားတဲ့မိန်းမကို ကြင်ကြင်နာနာနဲ့ ဆက်ဆံမှပေါ့ကွယ်''

'ကိုယ်ချစ်လို့ယူထားတဲ့ မိန်းမ' ဆိုသည့် စကားကြောင့် မိုးထက်၏ မျက်နှာချောချောကြီးမှာ ထူထူပူပူနှင့် ပန်းသခင်ရှေ့တွင် အနေခက်ခက်ကြီး ဖြစ်သွားရသည်။

ထိုအခါ ပန်းသခင်သည်လည်း ခေါင်းလေးငုံ့ဆင်းသွားရ၏။

''သမီး''

''ရှင် မေမေနှင်း''

''သားက သမီးအပေါ်မှာ ဆိုးတာရှိရင် မာမီကို ချက်ချင်းတိုင်နော် သမီး၊ မာမီ သားကိုဆုံးမပေးမယ်''

''ဟာ မာမီကလည်း လုပ်ပြီဗျာ''

ကလေးဆိုးကြီးလို ခပ်ဆောင့်ဆောင့်ထွက်လာသည့် ဦးမိုးထက်ကြောင့် ပန်းသခင် ပြုံးကာ ညင်သာစွာ ခေါင်းခါယမ်းပြလိုက်ပြီး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးထက်က မဆိုးပါဘူး မေမေနှင်း"

"ကျွတ် မင်းကွာ"

သူ့ကို ဒီလိုပြောရပါ့မလားဆိုကာ မိုးထက်သည် ပန်းသခင်အား မကျေမနပ်နှင့် ဘုကြည့် ကြည့်လာလေသည်။

သည်နောက် မျက်မှောင်ကြီးကုပ်လျက် နေရာမှ ထွက်သွားမည်ပြင်တော့

"ဒါ ဘယ်လဲ သား"

"အပေါ်ထပ် တက်မလို့ပါ မာမီ"

"သမီးကို ဒီနေ့ သွားချင်တဲ့နေရာ သား လိုက်ပို့ပေးလိုက်"

"မေမေနှင်း"

"မေမေနှင်းကို ဘာမှမပြောနဲ့ သမီး၊ မေမေနှင်း ပြောတဲ့အတိုင်းသာ သမီးအစ်ကိုနဲ့လိုက်သွား၊ မေမေနှင်းလည်း ဘုရားခန်း ဝင်လိုက်ဦးမယ်"

ပြောရင်ပြောသလိုလုပ်မှ ကြိုက်သည့် မေမေနှင်း အကြောင်းကို မိုးထက်ရော ပန်းသခင်ပါ သိသည်မို့ ဘာမှမပြော

[redacted]



ဖြစ်တော့ပါ။

ပြောလို့လည်း မေမေနှင်း လက်ခံမည်မဟုတ်ဆိုတာ မိုးထက်နှင့် ပန်းသခင် သိပါသည်။

ကိစ္စတစ်ခုကို အကြောင်းမရှိဘဲနှင့် အလကားမလုပ်တတ်သော မေမေနှင်းသည် အခုလည်း ပန်းသခင်ကို ဦးမိုးထက်နှင့် ရင်းနှီးစေချင်၍ နှစ်ယောက်သား တမင်လွှတ်လိုက်သည်ကို ပန်းသခင်သာမက ဦးမိုးထက်ပါ သိနေဝါလိမ့်မည်။

ဘာပဲပြောပြော ပန်းသခင်ကတော့ ရုတည်တည်မျက်နှာထားကြီးနှင့် စကားကို ဘုတောတတ်သော ဦးမိုးထက်နှင့် နှစ်ယောက်အတူ သွားရမည့်အရေးကို စိုးရွံ့နေရတော့သည်။

◆ ◆ ◆

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အိမ်ထောင်သက်လေးများ ကြာလာသည်နှင့်အမျှ ဦးမိုးထက်၏ သဘောထားကိုလည်း ပန်းသခင်သည် တဖြည်းဖြည်း နားလည်သလို ရှိလာရသည်။

တကယ်တော့ ဦးမိုးထက်သည် စိတ်ရင်းဆိုးသည့် ယောက်ျားတစ်ယောက် မဟုတ်ပါ။

စကားအပြောမတတ်ပေမယ့် လူတစ်ဖက်သားကို ကူညီပေးချင်သည့်စိတ်နှင့် ယောက်ျားပီသသည့်မိတ်တို့ကို ပန်းသခင် အချိန်ကြာလာသည်နှင့်အမျှ ပို၍သိလာရလေဖြစ်သည်။

ဒီရက်များအတွင်းမှာ မေမေနှင်းသည်လည်း ရန်ကုန်တွင် ကိစ္စပေါ်လာ၍ ပြန်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေနှင်း ရှိတုန်းက မေမေနှင်းစကားသံတွေနှင့် စိုပြည်သလိုရှိခဲ့သော အိမ်ကြီးက မေမေနှင်း မရှိပြန်တော့လည်း တိတ်ဆိတ်ငြိမ်သက်လျက် တစ်ခုခုလိုနေသလို ရှိနေရသည်။

ဦးမိုးထက်နှင့် ပန်းသခင်သည် တရားဝင်လက်ထပ်ထားခဲ့သည့် လင်မယားဆိုပေမယ့် သူနှင့်သူမကြား ရင်းနှီးပတ်သက်ခြင်း မရှိတာကိုတော့ ဦးမိုးထက်နှင့် ပန်းသခင်သာ အသိဆုံးဖြစ်ပါသည်။

အိမ်ကြီးတစ်အိမ်ထဲတွင် အတူရှိနေသည်ဆိုပေမယ့် တစ်ယောက်နှင့်တစ်ယောက် စကားကို လိုသည်ထက်ပိုမပြောဘဲ သူစိမ်းပြင်ပြင် ရှိနေတာကလည်း တစ်ခါတစ်ရံမှာတော့ စိတ်ပျက်စိတ်ကုန်စရာပင်ဖြစ်သည်။

ပန်းသခင်အတွက် ခင်ပွန်းရှိသည်ဆိုပေမယ့် ခင်ပွန်းသည်၏ ကြင်နာယုယမှုနှင့် ဥပေက္ခာပြုခြင်းကို ခံနေရသည့်အဖြစ်ကတော့ မိန်းမတစ်ယောက်အတွက် ရင်နာဖွယ်ဖြစ်သည်။

သို့သော် ပန်းသခင်သည် ထိုအဖြစ်ကို သူမအနေနှင့် ဘာမှလည်း မတတ်နိုင်ခဲ့ပါ။





အစကတည်းကိုက အချစ်မပါသည့် အိမ်ထောင်ရေးကို တည်ဆောက်ခဲ့မိသည့်အဖြစ်မို့ ပန်းသခင် ဘယ်သူ့ကိုမှလည်း အပြစ်မတင်ချင်တော့ပါ။

အားလုံး သူမအပြစ်တွေလို့သာ ပန်းသခင် ခံယူထားသည်မို့ ကိုယ့်ဝေဒနာကို ကိုယ် ကျိတ်ဖြေရုံသာရှိတော့သည်။

ဦးမိုးထက် ပန်းသခင်အပေါ် ဘယ်လိုပင် ဥပေက္ခာပြုလျစ်လျူရှုထားနိုင်ပါစေ၊ ပန်းသခင်ကတော့ ဦးမိုးထက်အပေါ်တွင် ဇနီးကောင်းတစ်ယောက်အဖြစ်နှင့် သူမဘက်က ဘာတစ်ခုမှ တာဝန်မပျက်စေရပါ။

ရုံးအလုပ်နှင့် မအားလပ်သည့်ကြားက ပန်းသခင်သည် ဦးမိုးထက်အတွက် စားဖို့သောက်ဖို့ကအစ ဂရုတစိုက်နှင့် ရှိခဲ့သူဖြစ်သည်။

အိမ်ဖော်ကောင်မလေးတွေ ရှိသည်ဆိုပေမယ့်လည်း ပန်းသခင်သည် ဦးမိုးထက်နှင့် ပတ်သက်လာလျှင် သူမကပင် အစစအရာရာ အားလုံး တာဝန်ယူပြုစုလုပ်ကိုင်ပေးသည်က သူမအနေနှင့် ဇနီးသည်တာဝန် ကျေချင်သောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ပန်းသခင်သည် နေ့လယ်စာစားရန် ပြန်ရောက်လာသည်ဆိုရင်ပဲ မနားနိုင်သေးဘဲ မီးဖိုခန်းထဲ တ လာခဲ့လိုက်သည်။

သူမနောက်တွင် ဦးမိုးထက် ကပ်ပါလာသည်ကိုမြင် ပန်းသခင် အံ့သြသွားရကာ

“ဟင် ဦးမိုးထက် ဆာနေပြီလား”

“ဆာလို့တော့မဟုတ်ပါဘူး၊ ကျုပ်လည်း ဘာကူ ပေးရမလဲလို့”

အိမ်ဖော်ကောင်မလေး ရွာသို့ ခဏပြန်သွားသည်မို့ လောလောဆယ် ပန်းသခင်သည်ပင် မီးဖိုချောင်ကိစ္စ တာဝန် နေရသည်။

“ရပါတယ်၊ ဦးမိုးထက်မှ ဒီအလုပ်တွေနဲ့ ရင်းနှီး မဟုတ်ဘဲ၊ ခဏစောင့်နော်၊ ပန်းသခင် ဟင်းတွေ ပြန်နွေးလိုက် ချင်လို့”

အလုပ်က ပြန်ရောက်လို့မှမနားနိုင်၊ နဖူးပေါ် ချွေး လေးများနှင့် ပါးစပ်ကလည်းပြော၊ လက်ကလည်း လုပ်နေသော

[redacted]

ပန်းသခင်ကိုကြည့်ပြီး မိုးထက်သည် သူမလေးကိုပင် သနားလာရသည်။

“ပန်းသခင် ကြည့်ရတာ ပင်ပန်းနေပြီ၊ နားပါဦး၊ ကျုပ် မဆာသေးပါဘူး”

“အဟင်း ဟင်း အိမ်ရှင်မ အလုပ်က ဒီလိုပါပဲ ဦးမိုးထက်ရယ်၊ ဒါကို မောတယ်၊ ပင်ပန်းတယ်လို့ ဘယ်သဘော ထားလို့ ရမလဲ”

မိုးထက်မှာ ဒီလိုစိတ်ဓာတ်မျိုး ထားနိုင်သည့် ပန်းသခင် ကို မချီးကျူးဘဲ နေလို့မရတော့ပါ။

အစကတော့ သူသည် ပန်းသခင်ကို အိမ်မှုကိစ္စ ဒီလောက် ထိ ကျွမ်းကျင်လိမ့်မည်ဟု မထင်ခဲ့ပါ။

သူမသည် သူမကိုယ်သူမလည်း အစဉ်ကျော့ရှင်းလှပ အောင် နေတတ်ရုံမက အိမ်မှုကိစ္စကိုလည်း ပိုင်နိုင်ကျွမ်းကျင်ကာ အိမ်ကိုလည်း သန့်ရှင်းသပ်ရပ်အောင် ထားတတ်နေတတ်သည့် မိန်းကလေးဆိုတာ တစ်မိုးအောက်မှာ အတူနေချိန်လေးတွေကြာမှ ဘတ်သိလိမ္မာ ယဉ်ကျေးမှုလေးများကို သူ ပို၍သိလာခဲ့ရသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သူ့အတွက် အိမ်ရှင်မကောင်းတစ်ယောက် ပီသစွာ ပြုစုလုပ်ကိုင်ပေးနေသော ပန်းသခင်ကို မိုးထက်သည် ကြည့်နေရင်းက ရင်မှာ အကြင်နာများ တိုးလာရသည်မို့

"ပန်းသခင်"

"ရှင်"

သူမကိုခေါ်ပြီး ဘာမှမပြောဘဲနေသော ဦးမိုးထက်ကို ပန်းသခင်သည် ထမင်းပွဲခူးခပ်ပြင်ဆင်နေရာမှ မော့ကြည့်လာ...

"ဦးမိုးထက် ပန်းသခင်ကိုခေါ်တာ ပြောစရာရှိလို့လား ဟင်"

ထိုအခါမှ မိုးထက်သည် သူမအပေါ် သူ့အကြည့်များ လွှမ်းနေရသည့်အဖြစ်ကို သတိထားမိသွားရကာ

"အဟွန်း တခြားမဟုတ်ပါဘူး၊ ကိုယ် ထမင်းပွဲကျွ... မယ်ဆိုတာ ပြောမလို့ပါ"

ကျုပ်ဟု ပြောနေရာမှ ကိုယ်ဟု ပြောင်းလဲသုံးလိုက်ပုံ... ဦးမိုးထက် သတိမထားမိပေမယ့် ပန်းသခင်ကတော့ သတိထား... လိုက်မိလေသည်။

[redacted]

သို့ပေမယ့် ပန်းသခင်သည် သူ့အဖြစ်ကို မသိဟန်ပြု ...လိုက်ကာ

"ဒါဆိုရင်တော့ မြန်မြန်ပြီးတာပေါ့၊ ပန်းသခင် ...တစ်ယောက်တည်းတုန်းက အကြောင်းမဟုတ်ပေမယ့် ဦးမိုးထက် ...ကိုတော့ ပန်းသခင် ဖွယ်ဖွယ်ရာရာ စားစေချင်တယ်လေ"

ပန်းသခင်စကားကြောင့် မိုးထက်မှာ ကျေနပ်သလို ...မျက်နှာကြီး ပြုံးသွားရပြီး

"သိပ်လည်း ဒုက္ခမခံပါနဲ့ ပန်းသခင်၊ ပန်းသခင် ...းသလို ကိုယ်လည်း စားနိုင်ပါတယ်"

သူ့စကားကို မရယ်မိအောင် ပန်းသခင် နှုတ်ခမ်းလေးကို ...င်းတင်းစေ့ပိတ်ထားလိုက်သည်။

ဦးမိုးထက်အကြောင်း မေမေနှင်းဆီက ပန်းသခင် သိရ ...သလောက်တော့ ဦးမိုးထက် အစားအသောက်ကို ငယ်ငယ်ကတည်း ...က အင်မတန်ချေးများတတ်သူတစ်ယောက်ဟု ပန်းသခင် သိခဲ့ ...ပါသည်။

အခုတော့ ဦးမိုးထက်စကားတွေက သူမ ကြားထားတာ...

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နှင့် တခြားစီမို့ ပန်းသခင် ပြုံးရုံသာ ပြုံးနေလိုက်တော့သည်။

သူမအပြုံးကိုမြင်တော့ မိုးထက်သည် အနေခက်သွားရ ဟန် မျက်နှာကြီး နီရဲသွားရပြီး

''ကျုပ်စကားကို မင်း ဘာပြုံးတာလဲ''

ဟော ဖြစ်ရပြန်ပြီတစ်မျိုး။

သူ့ဘာသာသူ မလုံမလဲဖြစ်တာနှင့် ပန်းသခင်ကို ဘုတော တောလာပြန်သော မိုးထက်ကို ပန်းသခင် ဘယ်လိုမှ စိတ်မဆိုး နိုင်တော့ပါ။

တစ်ခါတစ်ရံ သူ့အပြုအမူနှင့် စကားများသည် အပြစ် ကင်းစင်သည့် ကလေးတစ်ယောက်၏ ပုံစံမျိုးဖြစ်နေတတ်သည် ပဲလေ။

ပန်းသခင်သည် ထမင်းပွဲပြင်ဆင်ပြီးသည်နှင့်

''ဦးမိုးထက်လည်း ဆာရောပေါ့၊ စားကြစို့နော်''

ထမင်းပွဲ ဝင်ထိုင်လိုက်သည်နှင့် ပန်းသခင်သည် ဦးမိုးထက် ပန်းကန်ထဲသို့ ဦးဦးဖျားဖျား ဟင်းခပ်ထည့်ပေးလိုက် တော့ သူ့မျက်နှာချောချောကြီး ရဲခနဲဖြစ်သွားရသည်။

ကြည့်စမ်း

သည်လူဟာ ဒီလောက်ပဲ ရိုးရှင်းသည်တဲ့လား။ ဦးမိုးထက် ည် ပန်းသခင် ခပ်ထည့်ပေးသမျှ ထမင်းဟင်းများကို မြိန်မြိန် က်ရှက် စားနေတာမြင်တော့ ပန်းသခင် ပင်ပန်းရကျိုး နပ်သွား လေသည်။

''ဦးမိုးထက် စားလို့ကောင်းလားဟင်''

''အဟွန်း စားကောင်းတယ်၊ ကောင်းတယ်၊ ကိုယ် ယ်နှစ်ပန်းကန် စားမိမှန်းတောင် မသိတော့ဘူး၊ တကယ်ပါ န်းသခင်လက်ရာ တကယ်စားလို့ကောင်းတယ်''

''ကျေးဇူးပါ၊ ပန်းသခင်ကို ခုလိုချီးကျူးတဲ့အတွက်''

''ပန်းသခင် ကိုယ့်အတွက်နဲ့ပဲ အချိန်ကုန်မခံပါနဲ့၊ အခု ို ကိုယ့်အတွက် ပန်းသခင် ပင်ပန်းနေတာကို တွေ့ရတော့ ိုယ်လည်း စိတ်မကောင်းဘူး''

''မဟုတ်တာ၊ အိမ်ရှင်မတစ်ယောက်အနေနဲ့ ကိုယ့်ခင်ပွန်း သည်အပေါ်မှာ ဟို ဦးမိုးထက်အပေါ်မှာ တာဝန်ကျေရမှာပေါ့''

ခင်ပွန်းသည်ဟု ရုတ်တရက် ထွက်သွားပြီးမှ သူမ

[redacted] [redacted]

www.burmeseclassic.com

www.burmeseclassic.com



စကားကို ချက်နှာရဲရဲလေးနှင့် ပြန်ပြင်လိုက်သော ပန်းသခင် စကားကြောင့် မိုးထက် နှလုံးသားလေး တဆတ်ဆတ်လှုပ်ခါလာရသည်။

ပန်းသခင်ရယ်

ကိုယ့်ကို မင်းခင်ပွန်းသည်အဖြစ် အသိအမှတ်ပြုသည် တဲ့လားကွယ်။

ထိုခဏမှာတော့ မိုးထက်ရင်ထဲ ဘာနှင့်မှမတူသည့် ကြည်နူးချမ်းမြေ့မှုတို့က ရင်ထဲ အရှိန်ပြင်းပြင်း ဝင်ရောက်လာရသည်။

"သြော် ဒါနဲ့ ပန်းသခင်၊ ပြင်ဦးလွင်က ကိုယ့်မြို့ထဲ မရောက်သေးဘူးနော်"

"ဟုတ်တယ် ဦးမိုးထက်၊ ပန်းသခင် မရောက်သေးဘူး"

"ဒီလိုလုပ်ပါလား ပန်းသခင်၊ ကိုယ်လည်း ပြင်ဦးလွင်ကို သွားစရာရှိတယ်၊ ပန်းသခင် ရုံးပိတ်တဲ့ရက်နဲ့ ညှိပြီး သွားကြတာပေါ့"





"အင်း အဲဒါကောင်းတယ် ဦးမိုးထက်၊ ပန်းသခင်လည်း ပြင်ဦးလွင်ကို ရောက်ဖူးချင်နေတာ၊ အတော်ဖြစ်သွားတာပေါ့"

ကလေးတစ်ယောက်လို ဟန်ဆောင်မှုမရှိ၊ ပကတိ ရိုးရှင်းသော မျက်နှာလေးနှင့် ဆိုလိုက်သော ပန်းသခင်ကိုကြည့်ပြီး မိုးထက်ရင်ထဲ အချစ်ဆိုသည့် အရာလေးသည်လည်း လှုပ်ရှားလာရသည်။

ထို့အတူ မိုးထက်ရင်ထဲက အချစ်သစ်ပင်လေးသည်လည်း အမှန်တကယ်ပင် ရှင်သန်ကြီးထွားလာရတော့၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

“ပန်းသခင်”

“ကိုခွန်မင်းလတ်”

ပန်းသခင်သည် ခွန်မင်းလတ်အား တိုးတိတ်စွာခေါ်ရင်း နေရာမှာပင် တွေဝေစွာ ရပ်နေမိသည်။

ကြည့်စမ်းပါဦး။

မမြင်မတွေ့ရသည့် ရက်များအတွင်း ခွန်မင်းလတ်၏ ပုံစံသည် သိသာစွာ ပြောင်းလဲနေပါရောလား။

ညှိုးနွမ်းနေသော မျက်နှာနှင့် သိသာစွာ ပိန်ကျသွားသော ခွန်မင်းလတ်ကိုကြည့်ပြီး ပန်းသခင် စိတ်ထိခိုက်သွားရသည်။

“ကိုယ် ပန်းသခင်ကို လာနှုတ်ဆက်တာ”



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ

သူ့စကားက ဘာအဓိပ္ပာယ်ပါလိမ့်။

ပန်းသခင်ကို လာနှုတ်ဆက်ပါသည်ဆိုသော ခွန်မင်းလတ်ကို ပန်းသခင် တွေဝေစွာကြည့်နေရာမှ

"ကိုခွန်မင်းလတ် ဘယ်ကိုသွားမလို့လဲဟင်"

"အဝေးကြီး ကိုယ် ဘယ်မှမသွားပါဘူး ပန်းသခင်၊ ဒါပေမဲ့ ကိုယ် ဒီကနေ ထရန်စဖာတင်လိုက်တာမို့ ဒီမြို့ကနေတော့ ပြောင်းရလိမ့်မယ်၊ အဲဒါ ပန်းသခင်ကို ကိုယ် လာနှုတ်ဆက်တာ"

"ဘယ်မြို့လဲ ကိုခွန်မင်းလတ်"

"ချင်းပြည်နယ်ရဲ့ တောင်တန်းတစ်နေရာဆီကိုပေါ့"

"မဝေးလွန်းဘူးလားဟင်"

"ကိုယ့်အတွက်ကတော့ ဒီထက်ဝေးတဲ့နေရာကို သွားသင့်သူပါ"

"ကိုခွန်မင်းလတ်ရယ်"

ပန်းသခင်သည် သူမရှေ့က ငယ်ချစ်ဦးကိုကြည့်ပြီး မငိုမိအောင် မနည်းစိတ်ထိန်းထားလိုက်ရသည်။





ခွန်မင်းလတ် ဒီလောက်ဝေးလံသည့်နေရာကို ဘာကြောင့် ပြောင်းရသည်ဆိုတာ ပန်းသခင်သာ အသိဆုံးဖြစ်ပါ၏။

တကယ်ချစ်ရင် ချစ်တဲ့သူက အရှုံးဆိုတာ ပန်းသခင်ကိုယ်တွေ့မို့လည်း ခွန်မင်းလတ်ရင်ထဲက ခံစားချက်ကို နားလည်လိုက်ရသည်။

"ကိုခွန်မင်းလတ်နဲ့ပတ်သက်ပြီး ပန်းသခင်ဘက်က အမှားတွေရှိခဲ့ရင် ပန်းသခင်ကို ခွင့်လွှတ်ပေးပါနော်၊ ပြီးတော့ ပန်းသခင်ကိုလည်း ကိုခွန်မင်းလတ်ရဲ့ ထာဝရမိတ်ဆွေအဖြစ် သဘောထားပေးပါ၊ ပန်းသခင် ပန်းသခင်ကတော့လေ"

ပြောရင်းက အသံတိမ်ဝင်သွားသော ပန်းသခင်သည် ရှေ့ဆက်၍လည်း စကားမဆိုနိုင်ပါတော့။

ကျလုလုမျက်ရည်များကို မျက်တောင်ရှည်တို့ဖြင့် ပုတ်ခတ်သိမ်းဆည်းရင်းက သူမကိုယ်သူမ ဟန်မပျက် ပြန်ထိန်းလိုက်ရသည်။

ကိုခွန်မင်းလတ်နှင့် ပတ်သက်ကာ ဘယ်လောက်ပဲ သူမရင်၌ မေ့ပစ်လိုက်ပါပြီပြောပြော သံယောဇဉ်လက်ကျန်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရသေးသည်ပဲ။

"ကိုယ် ပန်းသခင်ကို ဘယ်တုန်းကမှ အပြစ်ရှယ်လို့ မမြင်ခဲ့ပါဘူး ပန်းသခင်၊ အဲဒါဟာ အခုမှမဟုတ်ပါဘူး၊ ပန်းသခင် ကိုယ့်ကို ပထမဦးဆုံးအကြိမ် လမ်းခွဲလိုက်ကတည်းကပါ"

"အဟင့် ဟင့် ကိုခွန်မင်းလတ်၊ ကိုခွန်မင်းလတ်ရယ်"

ပန်းသခင် သူမကိုယ်သူမ ရှေ့ဆက်ဟန်ဆောင်၍ မရ တော့ပါ။ ခွင့်လွှတ်ပါဆိုသော ခွန်မင်းလတ်၏ စကားများသည် ပန်းသခင် နှလုံးသားကို ပို၍ ထိခိုက်နာကျင်စေရသည်။

"မငိုပါနဲ့ ပန်းသခင်၊ ဒီတစ်ကြိမ်ဟာ ကိုယ်နဲ့ ပန်းသခင် နောက်ဆုံးတွေ့ဆုံခြင်းလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ဒီလို နောက်ဆုံး လမ်းခွဲခါနီးမှာ ပန်းသခင် မျက်ရည်ကျတာကို ကိုယ် မမြင်ပါရစေနဲ့ဗျာ"

နောက်ဆုံးအကြိမ် လမ်းခွဲရတော့မည့် ငယ်ချစ်ဟောင်းကို ပန်းသခင်သည် သူမကြောင့် စိတ်မဆင်းရဲစေလိုသည်မို့ ပါးပြင် ပေါ်မှ မျက်ရည်တွေကို ဖယ်ရှားသုတ်လိုက်ရင်းက သူမအကြည့် လေးများက ပတ်ဝန်းကျင်ကို မလုံမလဲဟန်လေးနှင့် ရောက်ရှိ





သွားတော့

"အို"

ပန်းသခင်သည် နှုတ်ခမ်းလေး ဖွင့်ဟသွားရတဲ့အထိ အံ့သြမှုနှင့်အတူ မျက်နှာလည်း ပျက်သွားရသည်။

ဦးမိုးထက်။

သူ ဘယ်အချိန်ကတည်းကများ ရောက်နေသည် မသိပါ။ ခွန်မင်းလတ်နှင့် ပန်းသခင်ကို စူးစူးနစ်နစ် စိုက်ကြည့်နေပုံကြောင့် ပန်းသခင်သည် သူမအား ဦးမိုးထက်သည် **ကိုခွန်မင်းလတ်နှင့် အထင်လွဲနေပြီဆိုတာ နားလည်လိုက်ရသည်။**

"ဦးမိုးထက် ကိစ္စရှိလို့လားဟင်"

သူမရှိရာရုံးသို့ တစ်ခါမှ ဒီလိုအချိန် ရောက်လာဖူးခြင်း မရှိသည့် ဦးမိုးထက်ကို ပန်းသခင်သည် အံ့သြသလိုကြည့်ရင်းက မေးလိုက်သည်။

"ကိစ္စရှိလို့ ညနေအပြန် ဝင်ကြိုတာ နောက်ကျမယ့် အကြောင်း လာပြောတာပါ၊ အဟွန်း ကိုခွန်မင်းလတ်လည်း ရောက် နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ကိုခွန်မင်းလတ်က နယ်ပြောင်းရတော့ မှာမို့ ပန်းသခင်ကို လာနှုတ်ဆက်တာ''

''သြော် သြော် ဟုတ်တာပေါ့၊ နှုတ်ဆက်ရမှာပေါ့၊ ဒါနဲ့ ကိုခွန်မင်းလတ် ဘယ်ကိုပြောင်းရမှာလဲ''

''ချင်းပြည်နယ်ပါ''

''အဝေးကြီးပါလား၊ ဒီလောက်ကြီး သွားရမှာဆိုတော့ သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေး စကားပြောကြဦးပေါ့၊ ကျုပ်တော်တော့ ကိစ္စရှိလို့ သွားခွင့်ပြုပါဦး''

''ကောင်းပါပြီ ဦးမိုးထက်''

မိုးထက်သည် လူကြီးလူကောင်းဆန်စွာ ဟန်လုပ်ပြော နေရပေမယ့် သူ့ရင်ထဲတွင်တော့ မုန်တိုင်းထန်နေရပြီဖြစ်သည်။

ဒါကို ပန်းသခင် သိပါသည်။

သိ၍လည်း သူမရင်ထဲ တစ်စုံတစ်ရာကို စိုးထိတ်နေရ သည်။

ပန်းသခင်မှာ ခွန်မင်းလတ် သူမတို့ နှုတ်ဆက်ကာ ပြန်သွားပေမယ့် သူမအတွေးထဲမှာတော့ ဦးမိုးထက်နှင့်ပတ်သက် သည့် အတွေးများနှင့် ရှုပ်ယှက်ခတ်နေရသည်။





ဦးမိုးထက် ကိုခွန်မင်းလတ်ရှေ့တွင် ဟန်ဆောင်ကာ ပြောသွားပေမယ့် သူ့အကြည့်များက သူမအပေါ် အထင်လွဲနေပြီ မှန်းလည်း ပန်းသခင် သိနေစေရ၏။

ထင်သည့်အတိုင်းပင် ညနေ သူမအား ဦးမိုးထက် လာကြိုပေမယ့် သူ့မျက်နှာကြီးက အရင်ကလိုမဟုတ်၊ တည်တင်း ခက်ထန်ကာ မာကျောနေရသည်။

ထို့အတူ ပန်းသခင်အား ဘာစကားတစ်ခွန်းမှလည်း မဆိုပါပေ။

သူ စကားမဆိုတော့ ပန်းသခင်သည်လည်း သူမဘက်က စကားစရန် ခက်နေရတော့သည်။

တကယ်တော့ ပန်းသခင်သည် ကိုခွန်မင်းလတ်နှင့် ပတ်သက်ကာ ဦးမိုးထက်အား သူမဘက်က ဖြေရှင်းပြလိုက်ချင် ပါသည်။

ခက်တာက ဦးမိုးထက်သည် သူမကို စကားစမလာခြင်း ပင်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်ခုံးထူထူကြီး တွ

ကျုတ်ထားသော ဦးမိုးထက်သည် သူမကို ကိုခွန်မင်းလတ်နှ

ပတ်သက်ပြီး သဝန်တိုနေရသည်ပဲလား။

ဒါမှမဟုတ် သူမကို သံသယနှင့် အပြစ်ရှာနေတာမျ

လား ဆိုတာ ပန်းသခင် မသိတော့ပါ။

သေချာသည်ကတော့ ပန်းသခင်သည် ဦးမိုးထက်

သွေးအေးစွာ ကျောခိုင်းမှုကို သူမနှလုံးသားက ခံနိုင်ရည်မရှိတော

လောက်အောင် ဖြစ်လာရခြင်းပင်ဖြစ်သည်။

ပေါ်တီကိုအောက် ကားရပ်လိုက်သည်ဆိုရင်ပဲ ပန်းသခ

သည် ဦးမိုးထက်ကို တစ်ချက်လေးမှပင် မကြည့်တော့ဘဲ သူမ

အခန်းရှိရာသို့ တက်လာခဲ့လိုက်သည်။

ထိုသို့ တက်လာရင်းကလည်း ပန်းသခင်ရင်ထဲ ငိုချ

စိတ်များ ဖြစ်နေရသည်။

ဦးမိုးထက် သူမကို စကားမပြောတာနှင့် ပန်းသခင်သည

ဘာကြောင့် ထိုသို့ခံစားရသည်ဆိုတာလည်း ပန်းသခင်ကိုယ

ပန်းသခင် မသိတော့ပါ။

◆ ◆ ◆

သူ့ကို တစ်ချက်လေးမှ လှည့်မကြည့်ဘဲ အပေါ်ထပ်

တက်သွားသည့် ပန်းသခင်ကြောင့် မိုးထက်ရင်မှာ ပို၍အခံရခက်

ခက်ကြီး ဖြစ်သွားရသည်။

ဒါ သူမ ဒေါက်တာခွန်မင်းလတ်အတွက် အရမ်းခံစား

သွားရသည့် သဘောပေါ့။

ယောက်ျားဖြစ်သူတစ်ယောက်လုံးကို ဂရုမစိုက်နိုင်လောက်

အောင် ငယ်ချစ်ဟောင်းအတွက် ခံစားနေရသော မိန်းမကို ဘယ်

ယောက်ျားက ခွင့်လွှတ်ကြည်ဖြူနိုင်မှာတဲ့လဲ။

တကယ်ဆို သူမသည် ဒေါက်တာခွန်မင်းလတ်အပေါ်

သံယောဇဉ်ဖြတ်သင့်ပြီ ဖြစ်ပါသည်။

ထိုလူနှင့်ပတ်သက်ကာ သူမသည် မျက်ရည်ကျလောက်

www.burmeseclassic.com

www.burmeseclassic.com



သည်အထိ ခံစားနေဖို့မလိုပါ။

တစ်ယောက်နှင့်တစ်ယောက် ဘဝတွေခြားနေ... အနေအထားကို ပန်းသခင် ဘာလို့ လက်မခံသေးတာပါလိမ့်

ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာဆိုတာ ပန်းသ... လို မိန်းကလေးကိုပြောတာ ဖြစ်ပါလိမ့်မည်။

ယခုထက်တိုင် ငယ်ချစ်ဟောင်းကို မမေ့နိုင်သေး... မိန်းကလေးကို ဘယ်သူမှလည်း မချစ်ဘဲ နေမည်မဟုတ်ပါ

ချစ်ပေမယ့်လည်း ပန်းသခင်ထံမှ သေချာသည့်အ... တစ်ခုနှင့် စစ်မှန်သည့် အချစ်ကို လိုချင်၍ မိုးထက် ပန်းသ... အား ချစ်လျက်နှင့် ကျောခိုင်းခဲ့ရခြင်းဖြစ်သည်။

ဒါကို သူမ ဘာလို့မသိရတာပါလိမ့်။

မိုးထက်သည် တစ်ခါတစ်ရံတော့လည်း ကလေး... သည်ပဲပြောပြော စဉ်းစားမိပါ၏။

ပန်းသခင်တွင် သူ့အရင် ချစ်ဦးသူ မရှိခဲ့လျှင် ... လောက် ကောင်းလိုက်မည်လဲဆိုသည့် အတွေးမျိုး။

ချစ်ဦးသူ ရှိခဲ့ဖူးသည့် မိန်းကလေး၊ ငယ်ချစ်ဟောင်... ...မေ့နိုင်သေးသည့် မိန်းကလေးကို မိုးထက် ချစ်ရမှာလည်း ...သည်က အမှန်ဖြစ်သည်။

ပန်းသခင် နှလုံးသားထဲကို သူ ဝင်ခွင့်ရသည်ထား၊ သူ ...ခွင့်ရသည့် ပန်းသခင်နှလုံးသားသည် ဘာဒဏ်ရာဒဏ်ချက်မှ ...သည့် အဖြူစင်ဆုံး နှလုံးသားအဖြစ်နှင့်သာ ရှိစေချင်ထသည်က ဆန္ဒပင်ဖြစ်သည်။

ဒါကလည်း အချစ်ကိုတန်ဖိုးထားသူ မိုးထက်အနေနှင့် ...င်သည့် နှလုံးသားကို မက်မောခြင်းသာ ဖြစ်ပါသည်။

သို့သော်

ပန်းသခင် နှလုံးသားထဲတွင် ဒေါက်တာခွန်မင်းလတ် ...သရွေ့တော့ မိုးထက်ဆန္ဒသည်လည်း ဘယ်တော့မှ ပြည့်လာ...မည် မဟုတ်ပါ။

မိုးထက်မှာ ပန်းသခင်ရင်ထဲတွင် ဒေါက်တာခွန်မင်းလတ် ...အောင် မည်သို့လုပ်ရမည်ဆိုတာကိုလည်း မသိရှိတော့သလို ...သခင်ရင်ထဲ သူ့အချစ်မြားလေး စိုက်ဝင်အောင် ဘယ်လိုပစ်ခွင်း ...ည်ဆိုတာကိုလည်း မိုးထက် များစွာ ထည့်စဉ်းစားရပေဦးမည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ သုံးရက်ကာ လွန်လာသည့်အခါမှာတော့ ပန်းသခင်တစ်ယောက် သည်းခံနိုင်သည့်အင်အား ကုန်ဆုံးသွားရသလို ရှိသွားရသည်။

ဦးမိုးထက်သည် သူ့ဘက်က တာဝန်မပျက်ချင်၍ ပန်းသခင်ကို ရုံးပို့ရုံးကြိုလုပ်ပေမယ့် သူမကိုဖြင့် သူသည် စကားတစ်ခွန်းမှ မပြောပါပေ။

သူ့အနား သူမရှိသည်ဟု ထင်ပုံပင်မရဘဲ ဥပေက္ခာပြုလျစ်လျူရှုလာသောအခါ ပန်းသခင်သည် ရင်အစုံ နာကျင်ကြေကွဲရကာ လူက မနေတတ် မထိုင်တတ်နှင့် ဝမ်းနည်းလာရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးမိုးထက်သည် သူမကို ဖြေရှင်းခွင့်ပေးသည်လည်း မဟုတ်ဘဲ ဒီလိုမျိုး လုပ်နေပုံကတော့ သူ သူမအား သွေးအေးစွာ နှိပ်စက်နေသည်နှင့် အတူတူပင်ဖြစ်လေသည်။

တကယ်ဆို ဦးမိုးထက်သည် ကိစ္စတစ်ခုကို ဆိုးသည် ကောင်းသည် ရင်ဆိုင်ဖြေရှင်းဖို့ ကောင်းသလို၊ ဖြေရှင်းခွင့်လည်း ပေးဖို့ကောင်းပါသည်။

အခုတော့ ဦးမိုးထက် လုပ်နေပုံက ဒီလိုမဟုတ်တော့ သူကိုယ်တိုင်လည်း သူ့ကိုယ်သူ နှိပ်စက်နေသလို ပန်းသခင်ကိုလည်း သူ နှိပ်စက်နေတာနှင့် အတူတူဖြစ်သည်။

ဦးမိုးထက်၏ အပြုအမူများသည် ပန်းသခင်ကို ခွန်မင်းလတ်နှင့် သံသယဝင်နေခြင်းဆိုတာ သူ့အပြုအမူများကို ကြည့်တာနှင့် တစ်နေ့ထက်တစ်နေ့ ပိုသေချာလာရသည်။

သည်သံသယကို ပန်းသခင်သည် ဘယ်လိုရှေချဖျက်ရမည်လဲ။





သူနှင့်မတွေ့ခင်က ချစ်သူရည်းစားထားခဲ့မိတာကို အပြစ်ဟုမြင်လျှင် ပန်းသခင်သည် ထိုအပြစ်ကို သူမ၏နှလုံးသွေးနှင့် ဆေးကြောလိုက်ပါတော့မည်။

ဦးမိုးထက်ဆီက သံသယစိတ်နှင့် အထင်လွဲမှားမှုကိုတော့ ပန်းသခင် မခံယူလိုတော့ပါ။

ပန်းသခင် ဦးမိုးထက်၏ သံသယအတွေးစိတ်များကို မခံယူလိုတော့အောင် ဖြစ်ရခြင်းက သူမသည် ဦးမိုးထက်ကို ချစ်နေမိ၍များလား။

အတွေးစိတ်နှင့် ပန်းသခင် ပါးပြင်လေး ထူပူနီမြန်းသွားရသည်။

ပန်းသခင်နှလုံးသားကို ပန်းသခင် မညာချင်တော့ပါ။ ဦးမိုးထက်ထံမှ သူမကို သံသယအကြည့်နှင့်ပင် မခံယူလိုတော့ခြင်းက သူမ ဦးမိုးထက်ကို ချစ်နေ၍ဆိုတာ ပို၍သေချာလာရသည်။

ဘုရားရေ



www.burmeseclassic.com

www.burmeseclassic.com



ပန်းသခင် တကယ်ပဲ ဦးမိုးထက်ကို ချစ်နေမိသည်ပေါ့။

သည်ယောကျ်ားကို မုန်းပါသည်၊ နာကြည်းပါသည်၊ ကြည့်စမ်းပါဦး ဘယ်လောက်ပဲဆိုနေပါစေ၊ ဒီနှစ်တွေအတွင်းမှာ ပန်းသခင်သည် ဘယ်ယောကျ်ားတစ်ယောက်ကိုမှ စိတ် ဝင်စားခဲ့ခြင်း၊ ချစ်ဦးသူ ဒေါက်တာခွန်မင်းလတ်၏အချစ်ကို ပြန်လည်လက်မခံခဲ့ခြင်းက ဦးမိုးထက်သည် ပန်းသခင် နှလုံးသားထဲတွင် ရှိနေ၍ဆိုတာ ပန်းသခင် ပို၍နားလည်လာရသည်။

ဒါကြောင့်လည်း ပန်းသခင်သည် ဦးမိုးထက်၏ ဥပေက္ခာပြု လျစ်လျူရှုခြင်းကို မခံစားနိုင်ခြင်းဖြစ်သည်။

သည်အခြေအနေမျိုးနှင့် ပန်းသခင်သည် ဦးမိုးထက်၏ ဥပေက္ခာပြုမှုကို ဘယ်လောက်ကြာအောင် ခံစားနိုင်မှာမို့တဲ့လဲ။

ဟင့်အင်း၊ ပန်းသခင် နှလုံးသားတွေ မခံစားနိုင်တော့ပါ။ ချစ်သူ၏ ဥပေက္ခာပြုရက်စက်ခြင်းသည် ပန်းသခင် နှလုံးသွေးအား သွေးစိမ်းရှင်ရှင်ကျရက်သည်အထိ ခံစားစေရပါသည်။

ထိုခံစားမှုများကြောင့်လည်း ပန်းသခင်သည် ဦးမိုးထက်နှင့် ပတ်သက်ကာ တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ကို နာကျင်သောရင်အစုံဖြင့် ပိုင်ပိုင်ချလိုက်မိပါတော့သည်။



ထိုဆုံးဖြတ်ချက်ကတော့

တိတ်ဆိတ်အေးချမ်းလွန်းကာ မှောင်မိုက်နေသော ပတ်ဝန်းကျင်ကိုကြည့်ပြီး ပန်းသခင် ကျောလေးစိမ့်တက်သွားရသည်။

အိမ်ကြီးဆီမှ ဘာသံကြားရမလဲဆိုတာ ပန်းသခင် နားစွင့်လိုက်ပေမယ့် ဘာသံမှမကြားရသောအခါ ပန်းသခင်သည် စိတ်အေးသွားရဟန်နှင့် အဝတ်သေတ္တာကိုဆွဲကာ ခြံထဲမှ ခြေလှမ်းခပ်သွက်သွက်နှင့် ထွက်လာခဲ့လိုက်သည်။

လမိုက်ဖြစ်သည့်အပြင် မီးကလည်း ပျက်နေသည်မို့ မှောင်မိုက်နေသော လမ်းဝယ် ပန်းသခင်တစ်ယောက်တည်းရှိနေရသည်။

ပန်းသခင်သည် သေလောက်အောင် ကြောက်နေရပေမယ့် သူမခြေလှမ်းများကို နောက်ပြန်ဆုတ်ရန်ကိုတော့ ပန်းသခင် မစဉ်းစားတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ဝယ် ပန်းသခင်ရင်ထဲ ကြောက်သည့်စိတ်ထက် ချစ်သူ၏ဥပေက္ခာပြု ရက်စက်မှုဒဏ်က ပန်းသခင် နှလုံးသားကို ပိုလို့ နာကျင်ကြေကွဲစေရသည်မို့ ပန်းသခင်သည် ခုလို မကြောက်မရွံ့သည့်နှယ် ညမှောင်မှောင်ဝယ် တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

တစ်ချက်တစ်ချက် အရှိန်ပြင်းပြင်းနှင့် တိုက်ခတ်သွားသည့် လေအရှိန်ကြောင့် ပန်းသခင် ကြက်သီးလေးများ ထသွားရသည်အထိ ကြောက်အားပိုသွားရပေမယ့်

"အို ခုချိန် ငါကြောက်နေလို့လည်း မဖြစ်ပါဘူးလေ၊ သူ့ရဲ့ဥပေက္ခာပြုမှုကို ခံစားနေရတာထက် သူနဲ့ဝေးတဲ့နေရာကို ငါ ထွက်သွားတာမှ ကောင်းပါသေးတယ်"

ပန်းသခင်သည် ကိုယ့်ကိုယ်ကို အားပေးစကားပြောရင်း ခြေလှမ်းလေးကို ပို၍သွက်သွက်လှမ်းလိုက်သည်။

ရှေ့နားဆီမှ မီးရောင်ပျပျ အလင်းရောင်ကိုမြင်မှ ပန်းသခင် အနည်းငယ် စိတ်အေးသွားရသလို သက်ပြင်းချလိုက်နိုင်တော့သည်။





သည်နောက် လာရာလမ်းကို ပန်းသခင်သည် ဝေသီသော မျက်ဝန်းအစုံဖြင့် ပြန်ကြည့်ရင်း နှုတ်ခမ်းလေးကို ဖိကိုက်လိုက်မိသည်။

သူမသည် တကယ်ပဲ ဦးမိုးထက်နှင့် အဝေးဆုံးကို ထွက်သွားတော့မည်လား။

နားခိုစရာရင်ခွင်၊ ဦးကြီးမည့်အရိပ် မရှိပေမယ့် ပန်းသခင် ဘာကိုမှ ဂရုမစိုက်ချင်တော့ပါ။

မှုန်ပျပျ ကတ္တရာလမ်းမပေါ်တွင် သက်ရှိလူဆိုလို့ ပန်းသခင် တစ်ယောက်တည်းရယ်ဖြစ်သည်။

သည်အချိန် သူမကို တစ်ယောက်ယောက်မြင်ပါက ဘယ်လို မိန်းကလေးလဲလို့ ထင်မည်မသိပါ။

သိသည့်တားဦး၊ ပန်းသခင်အတွက် ရွေးစရာလမ်းက မရှိတော့ပြီဖြစ်သည်။

တစ်ခုကံကောင်းသည်က ပန်းသခင်သည် ခုချိန်ထိ တစ်စုံတစ်ရာ အနှောင့်အယှက် မကြုံရသေးခြင်းပင်ဖြစ်[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွက် ပန်းသခင်သည် သူမကိုယ်သူမ စိတ်ချမ်းသာသလို ရှိနေဆဲ

"ဟင်"

အရှိန်နှင့်မောင်းလာသော ကားတစ်စီးနှင့်အတူ ထိုကားဆီမှ မီးအလင်းရောင်ကြောင့် ပန်းသခင်သည် မျက်လုံးကျိန်းစပ်သွားရကာ လူကလည်း ဘေးသို့ရှောင်လိုက်လေသည်။

ထိုကားမှာ ပန်းသခင် ထင်သလို ပန်းသခင်အား ကျော်ဖြတ်မသွားဘဲ ရုတ်တရက် ပန်းသခင်အနားသို့ ထိုးရပ်လိုက်သောအခါ

"အို"

ကားပေါ်မှဆင်းလာသည့်လူကိုမြင်ပြီး ပန်းသခင် စကားမဆိုနိုင်ပါတော့။

"ပန်းသခင် ပန်းသခင်ရယ်"

လှိုက်ဖြာတုန်ခါနေသော အသံနှင့် သွေးပျက်နေသူတစ်ယောက်လို သူမနာမည်ကိုခေါ်ရင်းက ရုတ်ချည်း သူမကိုယ်



လေးသည်လည်း ဦးမိုးထက်၏ ရင်ခွင်နွေးနွေးကြီးထဲ ထွေးခနဲ ကျရောက်သွားရသည်။

ရုတ်တရက်တော့ ပန်းသခင် အသက်ရှူလေးများပင် မှန်းကြပ်သွားရသည်။

တင်းကျပ်လွန်းသော အပွေ့အဖက်နှင့် မွှတ်သိပ်ပြင်းပြသော သွေးရှူးသံရှူးပမာ ရှိနေသည့် သူ့ထံမှ အနမ်းကြမ်းကြမ်းများကြောင့် ပန်းသခင်သည် ဦးမိုးထက် ရင်ခွင်ထဲက ခပ်ဆတ်ဆတ်လေး ရုန်းထွက်လိုက်သည်။

"လွှတ် လွှတ် လွှတ် ပန်းသခင်ကိုလွှတ်ပါ"

"မလွှတ်ဘူး ပန်းသခင်၊ မင်း မင်း မောင့်ကို ရှင်ကွဲအောင် လုပ်နေတာလားဟင်၊ မောင့်ကို မင်း အရှူးဖြစ်အောင် လုပ်နေတာလား"

သူ့ရင်ခွင်ထဲ ပန်းသခင်ကိုယ်လေးကို ဒိုင်းခနဲ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ပြီး ပန်းသခင်အား ခပ်ကြိတ်ကြိတ်ဆွဲနေသည့် ဦးမိုးထက်ကြောင့် ပန်းသခင်သည် နာကျင်မှုဖြင့် သူ့ရင်ဘတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို ထုရိုက်လိုက်ပြီး

"ရင်ကွဲအောင်လုပ်တာ ဘယ်သူလဲ၊ ပန်းသခင်ကို ရက်စက်ခဲ့တာ ဘယ်သူလဲ"

နာကျင်ကြေကွဲရမှုတို့ဖြင့် ပန်းသခင်သည် ဦးမိုးထက် ကိုယ်ကြီးကို သူမလက်လေးနှင့် အားရှိသလောက် တွန်းထိုး ထုရိုက်နေပေမယ့် ဦးမိုးထက်ကတော့ဖြင့် နည်းနည်းမှမမှုပါပေ။

သူမ ရိုက်နေသမျှကိုလည်း ပန်းနှင့်ပေါက်သလို ခံယူရင်း ပန်းသခင်ကိုယ်လေးကို ပွေ့ချီမလိုက်သည်။

"ရှင်နော် လွှတ် လွှတ်ဆို၊ ပန်းသခင်အသားကို ရှင် မထိနဲ့၊ ရှင့်ကိုမုန်းတယ် သိလား"

ဦးမိုးထက်သည် ပန်းသခင် စကားများကို ဂရုမစိုက်ဘဲ သူမကိုယ်လေးကို ဇွတ်ပင် ကားထဲသို့ ဆွဲပွေ့ချီမလာခဲ့လိုက်သည်။

နူးညံ့ညင်သာသော အနမ်းတို့နှင့် ပန်းသခင်အား ချော့မော့တောင်းပန်နေပေမယ့် ပန်းသခင်ကတော့ သူ့အား ခွင့်လွှတ်စကား မပြောပါပေ။



သူ့ရင်ခွင်ထဲက လွတ်မြောက်ဖို့ကိုသာ ဇွတ်တိုး ကြိုးပမ်းနေသည်မို့ မိုးထက်သည် ချစ်ဇနီးချောကို အသည်းယားစွာ မချင့်မရဲကြည့်ရင်း

"အေးဗျ ခင်ဗျားလေး မောင့်ရင်ခွင်ထဲက ဘာလို့ ဒီလောက်ရုန်းနေတာလဲ၊ မောင် တောင်းပန်တာကို မင်းလေး ခွင့်မလွှတ်ဘူးလား ပန်းသခင်"

ပန်းသခင် နှုတ်မှ ဘာစကားမှမဆိုပါပေ။

ထိုအခါ ရင်ထဲတွင် အချစ်မုန်တိုင်းကြီး ဝင်ရောက်နေရသည့် မိုးထက်သည် ပန်းသခင်အား တင်းတင်းကြီး ပွေ့ဖက်ထားရင်းက ဘာစကားမှမဆိုတော့ဘဲ ကားကို ထိုနေရာမှ ခပ်ကြမ်းကြမ်းပင် မောင်းထွက်လာခဲ့သည်။

ဒါကိုပင် ပန်းသခင်မှာလည်း သူ့အပေါ် ဒေါသများ ဖြစ်ရသည်မို့

"ရှင် ဘယ်လိုလူလဲ၊ ရှင့်နောက်ကို ပန်းသခင် မလိုက်ဘူးလို့ပြောနေတာ မကြားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ပန်းသခင်မှာ သူမအား လက်တစ်ဖက်နှင့် ပွေ့ဖက်
ထားမောင်းနေသော မိုးထက်ကို ဒေါသဖြစ်ဖြစ်နှင့် ပြောသော
မိုးထက်သည်လည်း သူမကိုပြန်ကြည့်လာကာ

"ကြားတယ်၊ မလိုက်လို့မရဘူး၊ မင်းဟာ မောင့်မိန်း
မောင့်မိန်းမကို မောင် ခေါ်ပိုင်ခွင့်ရှိတယ်"

ပန်းသခင်မှာ သူမအား မိန်းမ မိန်းမနှင့် အဖြစ်သည်
နေသော ဦးမိုးထက်ကို ရှက်ဒေါသနှင့် မျက်စောင်းထိုးလိုက်
"ဟွန်း လူကို မိန်းမ မိန်းမလို့ မခေါ်ပါနဲ့"

"မင်းက မောင့်မိန်းမပဲ"

"ရှင် ပန်းသခင်ကို မိန်းမတစ်ယောက်လိုရော အ
အမှတ်ပြုခဲ့လို့လား"

"အဟွန်း စိတ်ချ၊ ခုချိန်ကစပြီး မောင့်မိန်းမအဖြစ် မော
အသိအမှတ်ပြုလိုက်ပြီ ဟုတ်လား"

"အို ရှင်နော်"

အနှောင့်မလွှတ် အသွားမလွှတ်သည့် သူ့စကားကြောင့်



ပန်းသခင် မျက်နှာလေးရဲပသွားရကာ သူ့မျက်နှာကြီးကိုလည်း
မကြည့်ရဲတော့အောင် ရှိသွားရသည်။

သို့ပေမယ် ပန်းသခင်သည် သူ့ကို အရှုံးမပေးချင်သေး
သည်မို့

"လူကို သံသယတွေနဲ့ မြင်နေတဲ့ လူမျိုးကို ပန်းသခင်
ယောကျ်ားမတော်နိုင်ဘူး သိလား၊ မေမေနှင်းဆီကို ဒီနေ့ပဲ ဖုန်း
ဆက်မယ်၊ ရှင့်ကို မပေါင်းနိုင်တော့တဲ့အကြောင်း ပြောပြီး ကွာရှင်း
မယ် သိလား"

"ပန်းသခင် မင်းနော် မင်း"

ပန်းသခင်စကားကြောင့် မိုးထက်သည် ဟန်မဆောင်နိုင်
အောင် မျက်နှာပျက်လျက် လူက ရှုံ့ရှုံ့ရှားရှား ဖြစ်သွားရပြီး
ကားကိုရပ်ပစ်လိုက်ကာ ပန်းသခင်ကိုယ်လေးကို ကြမ်းကြမ်းဆွဲ
ပွေ့လျက် ရင်ချင်းဆွဲကပ်ပစ်လိုက်သည်။

"မင်းပြောစမ်း ပန်းသခင်၊ စောစောက စကားကို မင်း
ပြန်ပြောစမ်း၊ မောင့်ကို မင်းမပေါင်းနိုင်တော့ဘူး ကွာရှင်းမယ်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား''

''ဟုတ်တယ်''

''အပျွန်း လုပ်ကြည့်လေ၊ ရမယ်ဆို မင်းလုပ်ကြည့်လေ၊ မောင်က မင်းကို အလွယ်တကူနဲ့ ကွာပေးမယ့်ယောက်ျားလို့များ မင်း ထင်နေလား ပန်းသခင်၊ ဒီမှာ မင်းသိအောင် မှောင် တစ်ခါ တည်းပြောလိုက်မယ်၊ မောင့်ဘဝမှာ မောင်အသက်ရှင်နေသရွေ့ ကာလပတ်လုံး မောင်သိပ်ချစ်တဲ့မင်းဟာ မောင့်ရဲ့ဘေးမှာ ထာဝရ ရှိနေရမယ်ဆိုတာ မင်း မှတ်သိထားရမယ် ပန်းသခင်၊ ပြီးတော့ မောင့်ကိုကွာရှင်းမယ်ဆိုတဲ့စကား မင်းပြောတာ ဒီတစ်ခါ နောက်ဆုံး ဖြစ်ပါစေ၊ မင်းကို မောင် သိပ်ချစ်တယ်၊ မောင်သိပ်ချစ်တဲ့မင်းကို မောင် ဘယ်တော့မှ ကွာရှင်းပေးလိမ့်မယ်လို့ မင်း မထင်နဲ့''

မချင့်မရဲ ဒေါသသံကြီးနှင့်ပြောပြီး မိုးထက်သည် ပန်းသခင်အား ခပ်ကြမ်းကြမ်းပင် ပွေ့ဖက်နမ်းပစ်လိုက်သည်။

''အို''

ပန်းသခင်မှာ စကားပြောခွင့်မရနိုင်တော့အောင် သူ့အနမ်း

[redacted]



များအောက်တွင် လိုက်ဖြာသွားရသည်။

တစ်ဆက်တည်း ပန်းသခင်သည် ရင်တွေလည်း ခုန်နေ ရ၏။

ကြည့်စမ်းပါဦး သူမ ရင်မခုန်ဘဲ နေစည်တဲ့လားလေ။ လူတွေ့ရင် ရှုတည်တည်မျက်နှာထားကြီးနှင့် မျှော်တတ် သလို ရှိနေသည့်လူက ပန်းသခင်ကို ချစ်နေသည်တဲ့လား။

မယုံကြည်နိုင်စရာပါပဲလားကွယ်။

တကယ်လည်း ပန်းသခင်သည် ဦးမိုးထက် အချစ်များ ကို မယုံကြည်နိုင်အောင် ရှိနေရသည်။

သူမအပေါ် သံသယတွေနှင့် မချစ်ဘူးထင်ကာ ရုတ်စေထ ထားသည့်လူက ခုတော့လည်း ဘယ်လိုမှမယုံနိုင်စရာအောင် အောင် သိပ်ချစ်နေသည်တဲ့လား။

ချစ်တဲ့လူကလည်း ပန်းသခင်ကို စကားမပြော ဘာမပြော နှင့် ဒီလောက်ရက်စက်ပါ့မလားဆိုကာ ပန်းသခင် တွေးမှုန် အတွေးနှင့် နှုတ်ခမ်းလေးစူလာရပြီး သူမကိုယ်လေးကို ဦးမိုးထက်

[redacted]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲက ရုန်းထွက်ပစ်လိုက်သည်။

"ပန်းသခင်"

"မခေါ်နဲ့၊ လူကို မခေါ်ပါနဲ့၊ ဟွန်း ပြောတော့ ချစ်တယ်တဲ့၊ လူကို စကားမပြော ဘာမပြောနဲ့ ပစ်ထားပြီးတော့များ"

"အဟွန်း ပန်းသခင်က မောင့်ကို ဒါကြောင့်စိတ်ဆိုးနေတာလား"

"ဟုတ်တယ်"

"ကြည့်စမ်း၊ ကောင်မလေးတစ်ယောက် မောင့်ကို စိတ်ဆိုးနေတာကို မောင် ဘာလို့မသိရတာပါလိမ့်"

"သိမလား၊ ရှင် ပန်းသခင်အပေါ် ရက်စက်ခဲ့တာကို"

"ရက်စက်တယ်လို့ မပြောပါနဲ့ဗျာ၊ မောင့်မိန်းမအပေါ် မောင် ရက်စက်နိုင်ပါ့မလား"

"မရက်စက်လို့ပဲ လူကို တစ်ပတ်လုံး စကားမပြောဘဲ ပစ်ထားပြီးတော့"

"အဲဒါ မင်းလေးကို ချစ်လွန်းလို့"





"ယောက်ျားတွေရဲ့စကားကို ပန်းသခင်က လွယ်လွယ်နဲ့ ယုံမယ့် မိန်းမ မဟုတ်ဘူး သိလား"

"သိပါတယ်ဗျာ၊ ဒါကြောင့်မို့လည်း ပန်းသခင်ကို မောင် ပိုင်ဆိုင်ရတာပေါ့၊ ဒါနဲ့ ပြောစမ်းပါဦး၊ ဘယ်လိုသတ္တိမျိုးနဲ့ ပန်းသခင် အိမ်ကထွက်သွားရတာလဲဆိုတာ"

"ဒါတော့ စဉ်းစားကြည့်ပေါ့၊ ကိုယ် လက်ထပ်ထားတဲ့ လူက တစ်အိမ်တည်းမှာ အတူရှိနေပြီး လူကို စကားမပြောဘဲ ဥပေက္ခာပြု ရက်စက်ထားမှတော့ ပန်းသခင် ဒီအိမ်မှာ ဆက်နေ လည်း အပိုပဲပေါ့"

တကယ်ပင် ဝမ်းနည်းသံလေးနှင့် ပြောနေသော ပန်းသခင်ကြောင့် မိုးထက်သည် ချစ်ဇနီးချောကိုကြည့်ကာ စိတ်ထိခိုက်သွားရသည်။

"ဆောရီး ပန်းသခင်ရယ်၊ မောင် မင်းအပေါ် ရက်စက်သလို ဖြစ်သွားတယ်၊ တကယ်တော့ မောင် မင်းကိုချစ်လွန်းလို့ သဝန်တိုသွားရတာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သဝန်တို တိုပါဦး၊ ပန်းသခင်အပေါ် ဒီနည်းနဲ့ သဝန် တိုရလားလို့ အဟင့် ဟင့် ဟင့်"

ပန်းသခင်မှာ မရှက်နိုင်တော့ပါ။ ရင်မှာ ခံစားရသမျှ ရင်ဖွင့်မိရပြီမို့ ဦးမိုးထက် ရင်ခွင်ထဲ သူမ ခေါင်းတိုးဝင်ရင်းက ရှိုက်ကာ ရှိုက်ကာ ငိုပစ်လိုက်ပါတော့သည်။

မိုးထက်မှာ ကိုယ်လေးသိမ့်သိမ့်တုန်အောင် ငိုကြွေးနေသော ပန်းသခင်ကိုယ်လေးကို ခပ်ဖွဖွပွတ်သပ်ကာ

"မောင် မင်းကို ကတိပေးပါတယ် ပန်းသခင်၊ ဒီနေ့ ဒီအချိန်ကစပြီး မောင့်အတွက်ကြောင့်နဲ့ မောင့်မိန်းမ ဘယ်တော့မှ မျက်ရည်မကျစေရဘူးဆိုတာ၊ တိတ်နော် ဟုတ်လား"

မိုးထက်ကိုယ်တိုင်လည်း အချိန်ကြာမြင့်စွာ သိမ်းဆည်းခဲ့ရသမျှ သူ့ရင်ထဲက အချစ်စိတ်များ ပေါက်ကွဲသွားရပြီမို့ ပန်းသခင်အား သူ့ရင်ခွင်ထဲတွင် မလွှတ်တမ်း ထွေးဖက်ကာ သူမ မျက်နှာလေးကို ချစ်ခြင်းများစွာနှင့် တရှိုက်မက်မက် နမ်းရှိုက်ပစ် လိုက်သည်။



"ပန်းသခင်ရယ် သိပ်ချစ်တာပဲဗျာ ချစ်တယ်"

ဦးမိုးထက်၏အသံသည် စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေရသလို ပန်းသခင်ကိုယ်တိုင်လည်း ရင်ခုန်သံတွေ အဆမတန် မြန်ဆန်နေရသည်။

"ပန်းသခင်"

"ရှင်"

"မောင့်ကို ချစ်တယ်နော်"

"သွားပါနော်၊ ခုမှ ဒီစကား လူကိုလာမေးမနေပါနဲ့"

"ဟောဗျာ၊ ခင်ဗျားလေးကို ဒီစကား ကျုပ်ကမမေးလို့ ဘယ်သူ့ကို သွားမေးရမှာလဲ"

"မသိဘူး၊ မေးချင်တဲ့လူ သွားမေး"

"အဟွန်း မောင်မေးချင်တာ ဟောဒီက ကောင်မလေး ကိုပဲ"

"အို ဦးမိုးထက်နော်"

ပြောရင်းက ဖျတ်ခနဲ ငုံ့ကျလာသည့် ဦးမိုးထက်၏

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချောချောကြောင့် ပန်းသခင်သည် သူမမျက်နှာလေးကို အခြားတစ်ဘက်သို့ တိမ်းဆုတ်ရှောင်လိုက်သည်။

မိုးထက်မှာ ချစ်ခနီး မိန်းမချော၏အပြစ်ကို သဘောတကျနှင့် ပြုံး၍ စိုက်ကြည့်ပစ်လိုက်ပြီး ပန်းသခင်နှင့် နဖူးချင်းတော့ကာ

"ကောင်မလေးနော် မောင်မေးတာ ကောင်းကောင်းဖြေဗျ၊ အဖြေမရရင်တော့ မောင့်အကြောင်း မင်းလေးသိတယ်မဟုတ်လား"

သူမအား ခြိမ်းခြောက်သလိုဆိုလာသော ဦးမိုးထက်ကြောင့် ပန်းသခင်သည် မခံချင်ဖြစ်သွားကာ

"သိ ဘာဖြစ်လဲ၊ ပန်းသခင်က မကြောက်ပေါင်"

မျက်နှာလှလှလေးကို ခပ်မော့မော့လေးထားလျက် သူ့အား တကယ်ဝင် ဂရုမစိုက်သည့်ဟန်လေးနှင့် ပြောနေသည့် ပန်းသခင်ကြောင့် မိုးထက်သည် အသည်းယားသွားရကာ

"အေးနော်၊ နောက်မှ မင်း မောင့်ကိုကြောက်ပါပြီ မပြောနဲ့"

[redacted]



"ဟွန်း ဝေးပါသေးတယ်၊ မပြောဘူးမှတ်"

"ကောင်းပြီ၊ မောင့်ကို ဒီလောက်စိန်ခေါ်နေတဲ့ မိန်းကလေး၊ ဝေးလား မဝေးလား မင်း အခုပဲ သိစေရမယ်၊ လာခဲ့"

"မောင်"

ကြောက်လန့်တကြား ထွက်ပေါ်လာသည့် ပန်းသခင်ခေါ်သံလေးသည် နောက်ကျသွားရပြီဖြစ်သည်။

ဦးမိုးထက် ရင်ခွင်ထဲတွင် ပန်းသခင်သည် အတန်ကြာ လှိုက်မောနေရာမှ

"အေးကွ ကြည့်စမ်းပါဦး၊ မကြောက်တဲ့ ကောင်မလေးတဲ့၊ မောင့်ကို ဖက်ထားလိုက်တာများ လူကို ပျောက်သွားတော့မယ့်အတိုင်းပဲ"

"မောင်နော်"

ပြုံးလျက် စိုက်ကြည့်ကာ လူကို စသလိုလိုဆိုနေသော မောင့်စကားကြောင့် ပန်းသခင်သည် ရှက်ရှက်နှင့် သူ့ကိုယ်ကြီးကို

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တွန်းထုတ်ပစ်လိုက်သည်။

"ဟိတ် ကောင်မလေး၊ မောင့်ကို ဘာလို့ တွန်းထုတ်နေရတာလဲကွ၊ မောင့်မိန်းမကို မောင် ဖက်တာပဲ၊ ခင်ဗျားလေးက ဘာတွန့်တိုနေရတာလဲ"

"မောင်နော် ခုမှ သိပ်အသားယူမနေနဲ့ သိလား၊ အစက တော့ လူကို ဂရုမစိုက်ဘဲ ပစ်ထားပြီးတော့များ"

ပန်းသခင်သည် ဦးမိုးထက်ကိုယ်ကြီးကို တွန်းထုတ်ရင်းက မကျေနပ်သလို ဆိုလိုက်သည်။

မိုးထက်မှာ လူပါး။ ပန်းသခင်ကိုယ်လေးကို လုံးဝလွှတ်မပေး၊ တိုးဖက်ကာ

"အပျွန်း အဲဒါ ပန်းသခင် အထင်ကိုကွ၊ ဒီကောင့်မှာတော့ ပန်းသခင်ကို ချစ်လွန်းလို့ ဘယ်လောက်ခံစားနေရတယ်မှတ်လဲ၊ ခင်ဗျားလေးကို ဟိုလူနဲ့တွေ့လည်း သဝန်တိုရ၊ ဒီလူနဲ့တွေ့ရင်လည်း စိတ်မချရနဲ့၊ ကြာရင် ကျုပ် ရူးရလိမ့်မယ် သိလား"

သည်လိုကျပြန်တော့လည်း ပန်းသခင်မှာ ဦးမိုးထက်ကို

[redacted]



သနားသွားရသည်။

သနားစိတ်နှင့် ပန်းသခင်သည် သူ့မျက်နှာကို မော့ကြည့်လိုက်တော့

"ဟိတ် ဘာကြည့်တာလဲဗျ"

"အို"

"အပျွန်း ပျွန်း ပျွန်း ချစ်လိုက်ရတာ ပန်းသခင်ရယ်၊ မောင် မင်းနဲ့မဝေးနိုင်ဘူး သိလား"

"မောင်ရယ် ပန်းသခင်လည်း မောင့်ကို သိပ်ချစ်ပါတယ်ကွယ်"

"တကယ်နော်"

"အင်း"

"ချစ်"

"ရှင်"

"ချစ်တယ်နော်"

"အင်း"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ပန်းသခင်ရယ်၊ မောင့်သက်လယ်ရှယ်ဗျာ"

"မောင်ရယ်"

ချစ်ခြင်းတွေ ဝေဖြာစွာဖြင့် ချစ်သူနှစ်ဦး အချစ်၏ လေပြည်ညှင်းအောက်တွင် သာယာကြည်နူးစွာရှိရပါတော့သည်။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ

ချစ်မေတ္တာဖြင့်

မြပုလဲသွယ်

BURMESE CLASSIC .com

[redacted]

www.burmeseclassic.com